www.burmeseclassic.com

လူငယ်စာရေးဆရာ

မင်းတာခေတ်

Min Ta Khit

# လဗ်(မ်)စတိုရီ

# LOVE STORY

BURMESE CLASSIC .com

Strange Love Romance Story

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ကျော် စီစဉ်သည်



# ဆောင်းပြာကို

၀၁၆၉

အမှတ် ၄၃၊ ၃လွှာ (ဘီ)၊
လမ်း(၉၀)၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH - 09 550 5024, 01-240032

www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးဆရာ

မင်းတခေတ်

Min Ta Khit

# လဗ်(ဗ်)စတိုရီ

(လုံး ချင်း ဝ တ္ထု သစ်)

BURMESE CLASSIC

# Love Story

Strange Love Romance Story

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ယဉ်မိုးပိုင်
(ဆောင်းညပြာသို စာပေ)
အမှတ်-၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - သီရိမေ

ကွန်ပျူတာစာစီ - Asia Glory

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဧပြီလ
(ပထမအကြိမ်)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

၈၉၅.၈၃
မင်းတခေတ်
လပ်(ဖ်)စတိုရီ / မင်းတခေတ်–ရန်ကုန်
ဆောင်းညပြာသိုစာပေ၊ ၂၀၁၃၊ ဧပြီလ
၁၉၁ စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၇၈ စင်တီ
(၁) လပ်(ဖ်)စတိုရီ

www.burmeseclassic.com

www.burmeseclassic.com

## ပရိသတ်သို့ အမှတ်တရ ဝန်ခံချက်

ဤ 'အချစ်ပုံပြင်' ဝတ္ထုဇာတ်လမ်းလေးသည် သက္ကရာဇ် (၂၀၀၄-၂၀၀၅)ခုနှစ်က မကွေးကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားလေးတစ်ဦးနှင့် မကွေးနည်းပညာတက္ကသိုလ်မှ ကျောင်းသူလေးတစ်ဦးတို့ အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်ပါသည်။

ထိုစိတ်ဝင်စားဖွယ်. . လွမ်းမောဖွယ် အဖြစ်အပျက်ကလေးကို အခြေခံ၍ 'အချစ်ပုံပြင်'ဟူသော လုံးချင်းဝတ္ထုစာအုပ်ကလေးကို ပရိသတ်များ ထပ်ဆင့် ဆင့်ပွား ခံစားရစေရန်အလို့ငှာ မွေးဖွားတင်ဆက်လိုက်ရပါကြောင်း. . .

လေးစားကြိုးစားလျက်မှ. . .

မင်းတခေတ်

၂၀-၉-၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

မင်းတခေတ် - ဂ

အချစ်ဆိုတာ• • •

တစ်ခါတစ်ရံမှာ

မမှည့်လိုက်ရဘဲ ပုပ်သိုးသွားတတ်တဲ့ ပန်းသီး။

တစ်ခါတစ်ရံမှာ

နူးညံ့တိုးတိတ်လွန်းတဲ့ တေးသွားတစ်ခုရဲ့သံစဉ်ချိုး။

တစ်ခါတစ်ရံမှာ

အရိုင်းဆန်လှတဲ့ ဂျွန်းဝင်ပန်းရနံ့။

တစ်ခါတစ်ရံမှာ

မှန်တိုင်းရေဆန် လှိုင်းကြမ်း။

တစ်ခါတစ်ရံမှာ

နှလုံးသွေးပြယုဂ် ဝက်ပါ။

တစ်ခါတစ်ရံမှာ

• • • • • • • • • • •။

တကယ်တော့

အချစ်ဆိုတာ• •

လွမ်းမောနာကျင်ဖွယ်ရာများနဲ့

အစီအစဉ်တကျ ပုံသွန်းထုဆစ်ထားတဲ့

မော်ဝင်ပန်းချီကားတစ်ချပ်ပါပဲ• • • •။

နေရေးခရာင်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ••

တစ်ခါတစ်ရံမှာ
မထင်မှတ်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားလိုပဲ
ရယ်မောလိုက်••ငိုကြွေးလိုက်ပေါ့••
တစ်ခါတစ်ရံမှာ
သဘာဝကပ်ဆိုးကြီးတွေလို
ကြမ်းတမ်းရက်စက်လိုက်ပုံက
သိပ်ကြောက်ဖို့ ကောင်းတယ်••
တစ်ခါတစ်ရံမှာ
(တကယ် မထင်မိပါဘူး)
အချစ်ကလေ••
အရမ်းကို ကြည်နူးပျော်ရွှင်ဖို့ကောင်းတယ်••
အဲ•••
ကျွဲနှစ်ကောင်ရဲ့ ကြားမှာ
အမှတ်တရ မြေဇာပင်လေးတစ်ပင်သာ
ရှိမနေခဲ့ဘူးဆိုရင်ပေါ့လေ•••။

ကောသွယ်နွယ်



www.burmeseclassic.com

www.burmeseclassic.com

(နှင်းဒါန်း)

'နေသွေးရေ. . အတန်းပြီးရင် ငါ့ကို အဆောင်လိုက်ပို့ပေးဦးနော်. . ဟဲဟဲ.'. ဒီနေ့ ငါ့ဘဲဘဲက ကိစ္စတစ်ခု အရေးတကြီးပေါ်လာလို့ လာမကြိုနိုင်ဘူးတဲ့. . ငါ့ကို အစောက ဖုန်းဆက်ထားတယ်'

သူငယ်ချင်းမလေးဖြစ်သူ သက်စုဇော်၏စကားကြောင့် နေသွေးရောင် ခေါင်းရှုပ်သွားသည်။ သူမက တစ်ခါတစ်ရံ ဒီလိုပါပဲ. . . သူ့ကို ဂျီကျလေ့ရှိသည်။

သူတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေ ဖြစ်နေပြန်တော့ တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာ။

အခုလည်း ကြည့်ပါဦး။

သူမချစ်သူ မအားလပ်သည်ကြောင့် နေသွေးကို အပူကပ်နေခြင်းလည်း ဖြစ်၏။

'ဟာ. . အလုပ်ကိုရှုပ်တယ်. . ဒီမယ်. . မိသက်စု၊ ဒီနေ့ ငါလည်း မအားဘူး၊ ပြီးတော့. . ငါ့ဆိုင်ကယ်က ဆီလည်း သိပ်မကျန်တော့ဘူး'

နေသွေး၏ဘုဆတ်ဆတ်အပြောကို. . သူမက နှုတ်ခမ်းစူ၊ မျက်စောင်းထိုး အစရှိသည့် မိန်းကလေးတို့သဘာဝ အလိုမကျဖြစ်နေသည့်ဟန်ပန်ကို ပေါ်လွင်လာအောင်. . တစ်ပြိုင်နက်တည်း ပြုမူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'အမယ်. . နင်က မအားရအောင်. . ဘာအလုပ်ကြီးအကိုင်ကြီးတွေများ ရှိလို့လဲ'

'ရှိတယ်. . ငါ. . မှင်စာတို့နဲ့ ကန်ဘောင်မှာ အကြော်စားဖို့ ချိန်းထားတယ်. . အခုတောင် နောက်ကျနေပြီလား မသိဘူး'

ဟု ဆိုကာ နေသွေးက လက်မှနာရီကို မြှောက်ကြည့်လျက် မှပြောသည်။

နေသွေး တမင်ညစ်ပတ်နေတာကို သူမ ရိပ်မိသဖြင့် အထာကို ကောင်းကောင်းသဘောပေါက်ထားသည့်သူမက ဗျူဟာကိုပြောင်းလိုက်ပြီး ချက်ချင်း မျက်နှာထားကို ပြောင်းလိုက်၏။

လေသံကိုလည်း တမဟုတ်ချင်း ပြောင်းလိုက်ပြီး -

'ဩော်. . နေသွေးရယ်. . ငါက နင့်ကို အလကားလိုက်မပို့ခိုင်းပါဘူးဟယ်'

သူမအချိုးကြောင့် နေသွေး ခေါင်းထောင်သွားသည်။

'ဒါဆို နင်က. . ငါ့ကို ပိုက်ဆံလည်း ချေးမယ်၊ ဆိုင်ကယ်ဆီလည်း ဖြည့်ပေးမယ်ဆိုပါတော့၊ ဒါဆို သွားရအောင်လေ လာ. . တက်'

'ဟာ. . နင်ကလဲ. . အရေးထဲ လိုချင်တာတွေပဲ လျှောက်ပြောနေတယ်'

'ဟုတ်တယ်လေ. . အခုချိန်မှာ ငွေပြတ်နေတော့ ပိုက်ဆံရဖို့ကိုပဲ စိတ်ဝင်စားတယ်. . ဘယ်လိုလဲ. . ပိုက်ဆံမချေးနိုင်ရင်တော့ so sorry ပဲ'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက ပြောပြီး လွယ်အိတ်ထဲမှစာအုပ်တစ်အုပ် ထုတ်ကာ ဟိုလှန်ဒီလှန်လုပ်ပြီး အလုပ်ရှုပ်ဟန်ဆောင်နေလိုက်သည်။

သူမ ပွစိပွစိလုပ်နေသည်ကိုလည်း မသိကျိုးကျွံပြုထားလိုက်၏။

'ဒါဆိုလည်း နေလေ. . ငါ့ဘာသာပဲ သုံးဘီးငှား ဒါမှမဟုတ် ဆိုင်ကယ် ကယ်ရီငှားပြီး ပြန်လိုက်တော့မယ်. . အစကတော့ နင့်ကို ငါက အဆောင်ကို အသစ်ရောက်လာတဲ့ မမတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့ဟာကို. . နင်က မအားဘူးဆိုတော့လည်း. . ဘယ်တတ်နိုင်ပါ့မလဲ. . နေပါ. . ဟဲ့. . ဒါနဲ့ နေသွေး. . နင် သိလား. . အဲ့ဒီမမက လေ နင် သိပ်ကြိုက်တဲ့ မင်းသမီး နဝရတ်နဲ့ အရမ်းတူတယ်ဟဲ့. . သိလား'

သူမက ပြောပြီး ထ ထွက်သွားမည်လုပ်တော့ နေသွေး ဟန်မဆောင်နိုင်တော့ချေ။ နေသွေးက မင်းသမီးနဝရတ်ကို အသေအလဲ စွဲလမ်းနှစ်ခြိုက်သည့် အရှူးအမူးစာရင်းထဲတွင် ထိပ်ဆုံးက ရပ်တည်နေသူတစ်ဦး မဟုတ်ပါလား. .

'ဟဲ့. . နေပါဦး မိသက်စုရဲ့. . ငါက နင့်ကိုနောက်နေတာပါဟ. . လာ. . ငါ လိုက်ပို့ပေးမှာပေါ့ဟ. . နင်ကလဲ ဒေါသချည်းပဲ. . အဟဲ. .'

ချက်ချင်း အချိုးပြောင်းလာသည့် နေသွေးရောင်ကို သူမက ထပ်မံနှိပ်ကွပ်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ နေသွေးရယ်. . နင်မှမအားတာဘဲ၊ ပြီးတော့ နင့်ဆိုင်ကယ်ကလည်း ဆီမကျန်တော့ဘူးမို့လား'

'အားပါတယ်ဟာ. . ငါက နင့်ကို စ,နေတာပါဆို. . ဆီကလည်း တိုင်ကီအပြည့်ပဲ'

'ဒါဆိုလည်း ပြီးရောလေ. . လာ. . သွားကြမယ်'

သည်တော့မှ နေသွေးတစ်ယောက် ပျာပျာသလဲနှင့် သူ၏ စီးတော်ဆိုင်ကယ် 125 ဖင်ထောင် ရုပ်ဆိုးဘီးလေးကို စက်နှိုးလိုက်သည်။

♦



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဝက် ရောက်သည်အထိ. . အနောက်ကနေ ဘာစကားမှမဆိုဘဲ တေမိဇာင်းသမီးလုပ်နေသည့် သက်စုဇော်ကို နေသွေး စိတ်မရှည်ချင်တော့။ သို့နှင့် -

'ဟဲ့. . သက်စု'

'. . . .'

'သက်စုဇော်'

'ဘာတုန်း'

သူမ၏ဘုဆတ်ဆတ်အမေးကြောင့် နေသွေးပင် တစ်ချက် တွန့်သွားသည်။

ပြီးမှ လေပြည်ကလေးနှင့်

'အဟဲ. . ဟိုဟာလေ. . နင်တို့အဆောင်ရောက်ရင် ငါ့ကို မေ့မသွားနဲ့ဦးနော်'

သူမက တမင် မသိဟန်ဆောင်ပြီး -

'ငါက ဘာကို မေ့ရမှာလဲ'ဟု ခပ်ပြတ်ပြတ် ပြန်မေးတော့. . နေသွေးတစ်ယောက် ရှက်အမ်းအမ်းဖြင့်

'ဟာ. . နင်ကလဲ. . နင်ပဲ ပြောပြီးတော့. . ဟိုဟာ. . ဟို. . နဝရတ်မမကိစ္စလေဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ. . အဲဒီကိစ္စလား'

'အေး. . အဟဲဟဲ. .'

'ရယ်မနေနဲ့ဦး. . ဒီကိစ္စအတွက် မနက်ဖြန် ကျောင်း canteen မှာ ငါ့ကို Breakfast ကျွေးမှ ငါက မိတ်ဆက်ပေးမှာနော်'

'မိသက်စု. . နင် မညစ်နဲ့နော်. . အစက နင် ပြောတုန်းက ဒီကိစ္စမပါဘူး. . ပြီးတော့ ငါ ပိုက်ဆံပြတ်နေတာ သိရဲ့သားနဲ့. . အခု လည်း နင့်ကို အဆောင်ပြန်ပို့ပေးနေတဲ့ဟာကို'

အလိုမကျဟန်ကြီးနှင့်ပြောလာသည့် နေသွေးကို သူမက ခွင် တွေ့တုန်း တမင်ထပ်ညှဉ်းထားလိုက်ပြန်သည်။

'ဘာလဲ. . နင်က ငါ့ကို Breakfast မကျွေးချင်ဘူးပေါ့. . ဒါ ဆိုလည်း ရပါတယ်လေ. . ဟင်းဟင်း. .'

အကြောင်းသိ ငယ်ပေါင်းတွေမို့ နေသွေး စိတ်လျှော့လိုက် ပြီး -

'အဟဲ. . မဟုတ်ပါဘူးဟာ. . နင်ကလဲ စိတ်ချည်းပဲ. . မနက် ဖြန် ကျောင်းက ဦးညိုကြီး canteen မှာ နင်ကြိုက်သလောက်သာ ဆွဲ ပေတော့. . ငါ Bill(ဘီလ်) မှတ်ပြီးတော့ကို ကျွေးဦးမှာ'

'ဟဲဟဲဟဲ. . အဲသလို လိမ္မာမှပေါ့ဟဲ့'

'အဝေ်မ'

'ဘာ. . ပြော. . ဒယ်. .'

နေသွေးက သူမ မကြားအောင် ပြောလိုက်ပေမယ့် နားပါး



www.burmeseclassic.com

www.burmeseclassic.com



လှသည့် သူမ တုံ့ပြန်မှုကြောင့် ချက်ချင်းစကားလှိုးလွှဲပြောလိုက်ရလေတော့၏။

'အဲ. . မဟုတ်ပါဘူး. . ရှေ့မှာ နင့်အဆောင်မြင်နေရပြီလို့ ပြောတာပါဟာ. . အဟဲ'

'နေသွေးနော်. . အဟင်း. . ငါ့အကြောင်း သိတယ်မို့လား၊ အဟင်းဟင်း'

'သိ. . သိပါတယ်ဟာ. . နင်ကလဲ အချင်းချင်းတွေကို'

'ဟူး. . တော်ပါသေးရဲ့'

နေသွေးတစ်ယောက် သက်ပြင်းတစ်ချက် ကြိတ်ချလိုက်ပြီး သူမတို့အဆောင်ရှေ့မှာ ဆိုင်ကယ်ကို ညင်ညင်သာသာကလေး ထိုးရပ်ပေးလိုက်လေတော့၏။

ဒင်းက မထင်ရင် မထင်သလို အပြစ်ထပ်ရှာနေရင် အခက်ပဲ မဟုတ်ပါလား။

◆



www.burmeseclassic.com

www.burmeseclassic.com

## စာကိုးယှဉ် (၁)

နေသွေးတစ်ယောက် ဆိုင်ကယ်ပေါ်က ဆင်းပြီး သက်စုဇော်တို့အဆောင်ရှေ့မှာ ဝတ်ထားသည့် တီရှပ် အနီရဲရဲကလေးကို သေချာဆွဲဆန့်လိုက်ပြီး ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် လက်နှင့် သပ်တင်နေ၏။ လွယ်အိတ်ကိုလည်း ရုပ်ရှင်မင်းသားနေတိုး ဒီဇိုင်းဖြင့် ဟန်ပါပါ ပြောင်းလွယ်ထားလိုက်သေးသည်။

သက်စုဇော်ကတော့ နေသွေးပုံကိုကြည့်ပြီး 'သွားပြီ . . ဂိတ်ဆုံးရောက်နေပြီ'ဆိုသည့်ပုံနှင့် နှာခေါင်းရှုံ့လိုက်သည်။

ပြီးမှ သူမက ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အသံဝါကြီးဖြင့် ကုန်းအော်ပါလေတော့သည်။

'မမကေသွယ်ရေ. . မမကေသွယ်'

'ဟ. . မိသက်စု. . ဖြည်းဖြည်းအော်ပါဟ၊ ဟိုမှာ လမ်းသွားလမ်းလာတွေနဲ့ ရှက်စရာကြီး'

'ရှက်ရင် နင်ပြန်တော့လေ. . ငါတို့အဆောင်က အခန်းတွေက မှန်အလုံတွေဟဲ့. . ဒီ vocal နဲ့မှ ရမှာ'

သူမအဆိုကြောင့် နေသွေး ပါးစပ်ပိတ်ထားလိုက်ရ၏။

တစ်ခဏအကြာမှာပဲ အဆောင်ထဲကနေ သူမ ထွက်လာပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ . . သက်စု၊ ဘာလို့များ ဒီလောက်အရေးတကြီး အော်ခေါ်နေရတာလဲ'

'အဟဲ့ . . ဘာမှမဟုတ်ပါဘူး . . မမကို ညီမလေးသူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့လေ'

'ဩော် . . ဒါများ ညီမလေးရယ် . . အထိတ်တလန့်နဲ့ . .'

နေသွေးကတော့ သူမတို့ကိုကြည့်ပြီး မတ်တတ်မေ့နေရှာ၏။

မမေ့နေပါရိုးလား . . ကြည့်စမ်းပါဦး . . လှလိုက်သည့် မမ။ သက်စုဖော် ညွှန်းဖွဲ့ထားသည့်အတိုင်း တကယ့်နဝရတ်မှနဝရတ်။ ဖြူဝင်းလှတဲ့ အသားအရေ။ နက်မှောင်ရှည်လျားလှတဲ့ ဆံကေသာ။ ရွှေသမင်မျက်ဝန်းအစုံနှင့်မျက်တောင်ရှည်ကြီးတွေက နှာခေါင်းကျပုံအချိုးအစားနှင့်လိုက်ဖက်လှ၏။

ပြေပြစ်လှသည့် ခန္ဓာကိုယ်အချိုးအဆစ်တွေပါ ထည့်ပေါင်းလိုက်တော့ မမအလှတရားက ပြီးပြည့်စုံသွားသည်။

'ဟဲ့ . . နေသွေး'

'ဩော် . . အင်း . . သက်စု ပြောလေ'

'ငါ ခေါ်နေတာ ကြာလှပြီ . . ဘာတွေများ ဒီလောက်တောင်တွေးနေရတာလဲ . . ပြောစမ်းပါဦး'

'လှလို့ . .'

'ရှင်'

'ဟင် . .'



www.burmeseclassic.com

www.burmeseclassic.com



နေသွေး၏ ကယောင်ကတမ်း သတိလက်လွတ် အပြောကြောင့် သူမတို့နှစ်ယောက်သား ကြောင်ငေးသွားရသည်။

'ဟိုလေ. . အဲ. . ငါက နာမည်ကို ပြောတာပါ'

'နေစမ်းပါဦး. . နင်က နာမည်ကို လှတယ်ပြောရအောင် မမနာမည်ကို သိနေလို့လား'

'ဟင့်အင်း. . ဟိုလေ. .'

နေသွေး၏ အူကြောင်ကြောင်အပြောကြောင့် သူမတို့ နှစ်ယောက် ပွဲကျသွားသည်။

နေသွေးတစ်ယောက် ရှက်အားပိုနေသည့်ကြားမှ မမအလှကို ပြစ်မှားမိလိုက်သေး၏။

ဟုတ်တယ်. . မမက ရယ်နေရင်လည်း လှနေတာပဲ. .

'ကဲ. . ကဲ. . တော်ပြီ နေသွေး၊ ဒီနေ့အဖို့ နင့်ကို ရယ်နေရတာနဲ့တင် မိတ်ဆက်ဖို့အဆင့်ကို ရောက်မှာမဟုတ်တော့ဘူး၊ မမ. . ဒါက ညီမ ပြောပြောနေတဲ့ ညီမနဲ့ တစ်မြို့တည်းနေ သူငယ်ချင်း နေသွေး. . အပြည့်အစုံကတော့ နေသွေးရောင်တဲ့၊ ကျောင်းရော မေးဦးမှာပါ အတူတူပဲ၊ Computer first year(CS) ကလေ'

တစ်ဆက်တည်းမှ နေသွေးကိုပါ မမနာမည်အပြည့်အစုံနှင့် ဂုဏ်ဒြပ်တချို့ကိုပါ သူမက မိတ်ဆက်ပေးလိုက်သည်။

'နေသွေး. . မမက (civil)B-techကလေ. . ကျော်သွယ်နှင်းတဲ့. . မမက B-tech Queen နော်၊ ရေနံချောင်းသူ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့. . တွေ့ရတာ ဝမ်းသာပါတယ်'ဆိုပြီး နေသွေးက လက်ဆွဲနှုတ်မဆက်ရဲသဖြင့် ရယ်ပဲ ပြလိုက်သည်။

မမကလည်း အသိအမှတ်ပြုသည့်သဘောဖြင့် ပြုံးပြရုံကလွဲပြီး ထူးထူးခြားခြား ဘာမှလုပ်မပြပါ။

'နေသွေးက ပျော်ပျော်နေတတ်တဲ့ပုံ ရတယ်နော်'

နေသွေးက တစ်ခုခုပြောရန် ဟန်ပြင်နေစဉ် သက်စုဇော်က ဖြတ်ဖြေပေးလိုက်၏။

'ဟုတ်တယ် မမရဲ့. . ဒါပေမယ့် အထင်တော့ မသေးနဲ့နော်၊ နေသွေးက Computer King ရယ်'

'အမယ်. . ဒီကလဲ B-tech Queen ပါပဲနော်'

အရွှန်းဝင်ဖောက်လိုက်သည့် မမစကားကြောင့် နေသွေး ပြုံးနေမိ၏။

'ဒါနဲ့. . မမကေ. . ဟို. .'

'ဘာ. . ဘယ်လိုခေါ်လိုက်တယ် နေသွေး'

မမကေသွယ်နှင်းကို နေသွေးက ရုတ်တရက် မမကေ ဟု ခေါ်ဝေါ်သုံးစွဲလိုက်သဖြင့် သက်စုတစ်ယောက် အံ့ဩတကြီး ဝင်မေးလိုက်ခြင်းပင် ဖြစ်သည်။

'ဟာ. . သက်စုကလဲ. . ကိုယ့်အစ်မအရွယ်မို့ မမကေလို့ခေါ်တာ ဘာဖြစ်လို့လဲ၊ နင်တောင် မမလို့ ခေါ်တာပဲမဟုတ်လား. . မဟုတ်ဘူးလား မမကေရယ်. . နော်'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက ရှက်ရမ်းရမ်းကာ မဆီမဆိုင် မမကိုပင် အဖော်စပ်လိုက်သေးသည်။

'ဟုတ်ပါတယ်. . ဟုတ်ပါတယ်'

သက်စုမကတော့ 'ငါ သိတယ်နော်. . ' ဆိုသည့်အထာနှင့် 'အဟမ်း. . အဟမ်း'ဆိုပြီး လုပ်ချောင်းဆိုးပြနေ၏။

'ဒါဆိုရင် မမကေနဲ့ ကျွန်တော်နဲ့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီနော်'

နေသွေးအပြောကို မမကေက ခေါင်းညိတ်ပြ၏။သက်စုဇော်ကတော့ နေသွေး ထပ်ပြောလာမည့်စကားကို နားစွင့်ထားပုံရ၏။

'ဒီတော့ ဘော်ဒါတွေဖြစ်သွားကြတဲ့အထိမ်းအမှတ်အနေနဲ့ မနက်ဖြန်ကျရင် ကန်ဘောင်မှာ အကြော်လိုက်ကျွေးမယ်. . ဘယ်လိုလဲ. . မမကေ သဘောတူတယ်ဟုတ်. . '

နှုတ်သွက်လျှာသွက်ဖြစ်ကာနေသည့် နေသွေးအဆိုကို မမကေက အဖြေမပေးသေးခင် သက်စုဇော်က ဝင်ထောက်ခံလိုက်သည်။

'အေး. . အဲဒီအစီအစဉ် ကောင်းတယ်'

'နင် မပါဘူး သက်စုမ'

ပိတ်ပြောလိုက်သည့် နေသွေးစကားကြောင့်. . သက်စုဇော် ဇက်ပုသွားပုံကို ကြည့်ပြီး မမကေတစ်ယောက် နွေဦးဆန်ဆန် မျှင်မျှင်ကလေး ရယ်နေလေတော့၏။ အို. . လှလိုက်တဲ့ မမကေရယ်. .

♦



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ကိုယ် (၂)

အပြန်လမ်းတစ်လျှောက်လုံး နေသွေး၏စိတ်တွေ ရှင်လန်းတက်ကြွနေ၏။ ထိုတက်ကြွရှင်လန်းမှုနှင့်အတူ နှလုံးသွေးတို့ကလည်း ဆူဝေလာပြန်သည်။

ဒါ. . ဘယ်လိုခံစားမှုမျိုးများလဲ. . ။ ရုတ်တရက် နေသွေး ဘာသာမပြန်တတ်ခဲ့။ သို့ပေမယ့် ဒါဟာ နေသွေး၏ ပထမဆုံး နှလုံးခုန်သံတွေနှင့် ထူးခြားဖြစ်စဉ်ဆိုသည်ကိုတော့ ငြင်း၍မရချေ။

ဘယ်လိုပဲဖြစ်ဖြစ်. . နေသွေးတစ်ယောက် မနက်ဖြန်ကို ရင်ခုန်မျှော်လင့်နေမှာတော့ သေချာလှပါသည်။

'ဟာ. . ငသွေးရာ. . မင်းလုပ်လိုက်ရင် တလွဲတွေချည်းပဲ. . ငါ့မှာတော့ အကြော်ဆိုင်မှာ ငုတ်တုတ်ကို မေ့လို့'

အဆောင်ကို ပြန်ရောက်ရောက်ချင်း တစ်ဆောင်တည်းနေ သူငယ်ချင်းဖြစ်သူ မှင်စာ (ခေါ်) လှိုင်မျိုးထွန်းက အထက်ပါအတိုင်း နေသွေးကို အပြစ်တင်သလို ဆီးပြော၏။

နေသွေးက ဘာစကားမှ ပြန်မပြောဘဲ ပြုံးပြုံးကြီးဖြင့် ဝတ်ထားသည့် တီရှပ်အင်္ကျီရင်ဘတ်ကိုလှန်ပြီး မှင်စာအရှေ့သို့တိုးလာ၏။

နေသွေး၏ မူမမှန်သည့် အပြုအမူကို မှင်စာတစ်ယောက် အထင်တစ်မျိုး ရောက်သွားပုံရသည်။

*ဆောင်းညဖြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ . . ဟော့ကောင် နေသွေး . . မင်း ဒါ . . ဒါဘာလုပ်တာလဲ . . ယောက်ျားအချင်းချင်းကြီးနော် . . ငါ . . ဒါမျိုးတွေ စိတ် . . စိတ်မဝင်စားဘူး'

ပြောပြောဆိုဆိုဖြင့် မှင်စာတစ်ယောက် နောက်ကို ခြေနှစ်လှမ်းခန့် ဆုတ်သွားသည်။

'ဟာ . . ဝေးလိုက်တာ မှင်စာရာ . . မင်း ဘာတွေ တွေးနေတာလဲ . . ဒီမှာ ငါ့ရင်ခုန်သံကို လာနားထောင်ကြည့်လိုက်စမ်း'

မှင်စာတစ်ယောက် ကြောင်တောင်တောင်ဖြင့် နေသွေးရင်ဘတ်နားကို ကပ်နားထောင်လိုက်ပြီး -

'ပုံမှန်ပါပဲ . . မင်း ဘာဖြစ်လို့လဲ နေသွေး . . လိုအပ်ရင် ဆေးခန်းသွားကြမလား'

မှင်စာအပြောကြောင့် နေသွေး အတော်စိတ်ပျက်သွားသည်။ လွယ်အိတ်နှင့် လက်ထဲက ဆိုင်ကယ်သော့ကို ခုတင်ပေါ်သို့ ပစ်တင်လိုက်ပြီး ခေါင်းတရမ်းရမ်းလုပ်နေ၏။ ပြီးမှ မှန်ရှေ့မှာရပ်ပြီး ပြုံးပြုံးကြီးလုပ်နေပြန်သည်။ မှင်စာကတော့ နေသွေးကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြင့် မည်သို့မျှ နားမလည်နိုင်ဖြစ်နေရ၏။

'ဟော့ကောင် . . ငသွေး . . မင်း ဘာဖြစ်နေတာလဲ'

'ငါ . . အချစ်ဖြစ်နေတာကွ'

'ဟေ . . အချစ်ဖြစ်နေတာ . . ဟုတ်လား၊ ငါ နားလည်အောင်လည်း လင်းစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ နေသွေးကမမကေနှင့်ဆုံစည်းခဲ့ပုံကအစ. . မနက်ဖြန် ကန်ဘောင်မှာ အကြော်စားဖို့ချိန်းထားတာက အလယ်. . သူ့ရဲ့ဝိုန်းဒိုင်းကြဲ ရင်ခုန်သံတွေ အဆုံး. . အကြောင်းအရာ အလုံးစုံကို ပျော်တပြုံးပြုံးကြီးဖြင့် ပိုပိုသာသာ လုံးစေ့ပတ်စေ့ ပြောပြလိုက်လေတော့၏။

'ဩော်. . ဂလိုလား'

'ဂလို. . ဂလို'

'ဒါဆို ငသွေး. . မနက်ဖြန် ငါ မင်းနဲ့အတူလိုက်ပြီး မင်းမမကေကို လိုက်ကြည့်လို့ရမလား'

'ဟာ. . ရတာပေါ့ကွ. . မင်း. . မင်းသမီးနဝရတ်ကို မြင်ဖူးတယ်မို့လား'

'မြင်ဖူးတယ်လေ. . ဘာဖြစ်လို့လဲ'

မှင်စာက နားမလည်သလိုမေးတော့ နေသွေးက

'ဩော်. . ဘာမှမဖြစ်ပါဘူးကွာ. . ငါ့မမကေက နဝရတ်နဲ့ တစ်ထေရာတည်းပဲလို့ ပြောမလို့ပါ'

နေသွေးရောင်၏ ခပ်ကြွားကြွားစကားကို 'ပိုပြီ'. . ဆိုသည့်သဘောနှင့် မှင်စာက မဲ့ရွဲ့ပြလိုက်၏။

'မှင်စာ. . ငါ. . မင်းကို တစ်ခုတော့ ကြိုသတိပေးထားမယ်နော်'

'ဘာကိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် ငါနဲ့လိုက်ရင် မလိုအပ်ဘဲ စကားဝင်မပြောရဘူး၊ ပြီးတော့. . အကြော်တွေကို တရစပ် နှိုက်နှိုက်မစားရဘူး. . ဘယ်လို လဲ. . သဘောတူလား'

'တူတယ်ကွာ. . တူတယ်'

ဟုတ်တော့လည်း ဟုတ်သည်။ မှင်စာ ဆိုသည့်ကောင်က သည်လိုကြိုပြောထားမှ တော်ကာကျမည်။

နာမည်ကသာ မှင်စာ။ လူက ဖက်တီးပုတ်ကြီး။ ဗိုက်အိုးကြီး သလောက် အစားအသောက်ကလည်း ပက်စက်သည်။ အလိုက်ကမ်း ဆိုးမသိ ဝင် ဝင်ပစ်တတ်သည့် လေသေနတ်ကလည်း တရစပ်။

နေသွေးကတော့ မရောက်သေးသည့် မနက်ဖြန်အတွက် အိပ်မက်တွေကို စတင်ခြေရာကောက်နေလေပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ခြေရာ"

ရာဇဝင်တွေထဲက သူ့ရဲ့ကောင်းတစ်ယောက်
မဟုတ်ခဲ့ပါဘူး။
ညခင်းမှာ ဟန်ဆောင်ခြင်းကင်းတဲ့ လမင်းတစ်စင်းလည်း
မဟုတ်ခဲ့ပါဘူး။
အခုချိန်အထိ ဘာဆိုဘာကိုမှ မဟုတ်ခဲ့ရသူပါ။
အဲသလို••ဘာရယ်လို့••
လက်ဆုပ်လက်ကိုင် ချပြလို့ မရတဲ့ခဏ
(နေထွက်လေမလား••ရေတက်လေမလား••)
ကံကြမ္မာစေစားရာ လိုက်က,ရမယ့် အော်ပရာ
"မ"နဲ့ပတ်သက်လို့
အေးမြရမလား••သွေးကြွရမလား••
မှတ်ပုံတင်မထားမိတဲ့ မရိုးသားခြင်းတွေအတွက်
ရိုးသားစွာ ဝန်ခံချင်တယ် "မ"
ခွင့်ပြုပါ••
(ပြီးတော့•••)
ခွင့်လွှတ်ပါ•••။ ။



www.burmeseclassic.com

www.burmeseclassic.com

## ဆာကိုယ် (၃)

'မမကေ . . စားနော် . . ဘာမှအားနာမနေနဲ့'

စေတနာတွေ သိပ်သည်းဆ သည်းထန်လွန်းနေသည့် နေသွေးကို သက်စုဇော်က အမြင်ကပ်ကပ်ဖြင့် -

'ငါကတော့ နင်ကျွေးတဲ့ အကြော်ကို ရဲရဲမစားရဲသေးပေါင်'

'ဟင် . . ဘာဖြစ်လို့လဲ ညီမလေးရဲ့'

အရိုးခံ မျက်နှာကလေးဖြင့် နားမလည်နိုင်စွာ ဖင်မေးလာသည့် မမကေကို သက်စုဇော်က -

'ဘာဖြစ်ရမလဲ မမကေသွယ်ရဲ့ . . သူပဲ မနေ့က ပိုက်ဆံမရှိဘူး ညည်းနေပြီးတော့ . .'

အရေးထဲမှာ သေချာမှာထားသည့် မှင်စာက မနေနိုင်မထိုင်နိုင် ဝင်ပြောလိုက်သေးသည်။

'ဒီအတွက်တော့ ဘာမှပူမနေနဲ့သက်စု . . ဒီကောင် ငါ့ဆီက ပိုက်ဆံတစ်သောင်း ချေးထားတယ်'

'မှင်စာ . . မင်းကို ငါဘာမှာထားသလဲ . . အလကားပေါက်တတ်ကရတွေ . . အဟဲ . . မမကေ စားနော်'

နေသွေးတစ်ယောက် . . မမကေ ရှေ့မှာ ဘီကွာဆည်ရင်း အရှက်ပြေပြောနေ၏။ အကြောင်းသိသက်စုဇော်ကတော့ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှင်စာခမျာမှာတော့ 'ပိုက်ဆံလည်း ချေးရသေး၊ အဟောက်လည်း ခံရသေး'ဆိုပြီး မျက်နှာကြီး ရှုံ့တွထား၏။

ရှက်ရမ်းရမ်းကာ မော့ကြည့်လိုက်သည့် . . နေသွေးမျက်ဝန်းတွေနှင့် မမကေ၏ အပြုံးနုရောင်မျက်ဝန်းတို့ ကမ္ဘာ့လေထုထဲမှာ လူမသိသူမသိ ခလုတ်တိုက်မိသွားသည်။

အို . . လှလိုက်သည့် အပြုံး . . .

လှလိုက်သည့် မျက်လုံး . .

ဝုန်းဒိုင်းကျဲနေသည့် ပရမ်းပတာရင်ခုန်သံတွေကို နေသွေးတစ်ယောက် အနိုင်နိုင်ထိန်းချုပ်ရင်းမှ မမကေကို မလုံမလဲပြုံးပြလိုက်၏။

သက်စုမကတော့ အကြော်တွေကို တစ်ခုပြီးတစ်ခု အလကားရတိုင်း ကောက်ဝါးနေသည်။

ပြီး . . ပလုပ်ပလောင်းအသံကြီးနှင့် 'နောက် တစ်ပွဲ' ဟုပင် ထပ်မှာလိုက်သေးသည်။

ဒီပွဲမှာ သနားစရာအကောင်းဆုံးသတ္တဝါက မှင်စာပင်။

နေသွေး ထပ်အဟောက်ခံရမှာကို ကြောက်သည်ကြောင့် အကြော်တွေကို အားရပါးရကောက်စားချင်ပေမယ့် သက်စုဇော် စားတာကိုပဲ ငေးကြည့်ပြီး သွားရည်ကျနေရ၏။

'နေသွေးလည်း အကြော်တွေ စားလေ'

အတွေးလွန်နေသည့် နေသွေးတစ်ယောက် မမကေပြောမှ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်သွားကာ အကြော်တစ်ခုကို ကောက်စားလိုက်၏။

ကံဆိုးချင်တော့. . ထိုအကြော်က ငရုတ်သီးကြော် ဖြစ်နေသည်။

အစပ်မစားနိုင်သည့် နေသွေးခမျာ ထွေးထုတ်ရအခက်. . ဆက်ဝါးရအခက်နှင့် လျှာဖျားလေးပေါ်မှာတင် ဒုက္ခနဲ့လှလှတည့်တည့် တွေ့နေကြ၏။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုချကာ အတင်းကြိတ်မှိတ်မျို ချလိုက်သည်။

သူငယ်ချင်းတချို့က မြှောက်ပင့်ပြီး နေတိုးနှင့်တူသည်ဟုပြော ဖူးထားသဖြင့် နေသွေးက ငရုတ်သီးစပ်နေသည့် ဒုက္ခကို ဟန်ဆောင် ရင်း နေတိုးဒီဇိုင်းနှင့် အသင့်ငှဲ့ထားပြီးဖြစ်သည့် ရေနွေး တစ်ခွက်ကို အစပ်ပြေမော့သောက်လိုက်၏။

'ဖူး. . ဖလူး. . အား. . စပ်တယ်. . စပ်တယ်. .'

အကြောင်းက. . မောင်နေသွေးတစ်ယောက် ရေနွေးပန်း တန်နှင့် အချဉ်ပန်းကန်ကို မှားသောက်မိသွားခြင်းပင်။

မျက်နှာကြီးနီရဲလာကာ မျက်ရည်တွေ နှာရည်တွေပါ ထွက် ကျလာတဲ့ နေသွေးပုံကြောင့် အားလုံး ပွဲကျသွားကြလေတော့၏။

ဘာပဲဖြစ်ဖြစ်. . .

နေသွေး ကျေနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် မမကေတစ်ယောက် ပြုံးပျော်နေတာကိုပဲ မြင်ချင်ခဲ့တာ မဟုတ်လား။ ။

ဟုတ်တယ်။ ။ အခု။ ။ ကျွန်တော့်ကြောင့် မမကေ ရယ်နေရတာမို့လား။ ။

အို့။ ။ ပျော်လိုက်တာ လောကရယ်။ ။ ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

'ငသွေး . မင်းမလဲ တစ်နေ့တစ်နေ့ မိသက်စုတို့အဆောင် သွားသွားနေရတာ ချောင်းတင်မဟုတ်တော့ဘူး . မြစ်ကြောင်းကြီးပါ ဖြစ်တော့မယ်. . မင်းဆိုင်ကယ်လည်း ကြာရင် တာယာတွေပါ အပါး လွန်ပြီး ပွင့်ကုန်ဦးမယ်. . တကယ်ပဲ ငါမပြောချင်လို့ ကြည့်နေတာ. . အရှူး အမဲသားကျွေးမိတယ်ဆိုတာ ဒါမျိုးနေမှာ'

ထုံးစံအတိုင်း မမကေတို့အဆောင်ကို သွားရန် ဟန်ပြင်နေသည့် နေသွေးကို မှင်စာက ခနဲ့တဲ့တဲ့ရှုံ့မဲ့ပြောတော့ နေသွေးက စိတ်မဆိုးသည့်အပြင် ပြုံးပြုံးကြီးဖြင့် -

'ဟဲဟဲ. . ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲလေ. . မနာလိုတိုရှည်မဖြစ်ပါနဲ့ ကိုယ့်လူရယ်. . ကဲ. . ကဲ. . နောက်ကျနေပြီ၊ ငါ ဒိုးပြီဟေ့. . ဘိုင့်ဘိုင်'ဟု ဆိုကာ ဆိုင်ကယ်ကိုခွ လက်ပြကာ စပ်ဖြဖြနှင့် မောင်းထွက်ခဲ့လေတော့သည်။

မမကေတို့အဆောင်ရှေ့ကို ရောက်တော့ သူ့ဘဲဘဲ အလာကို စောင့်မျှော်နေသည့် သက်စုဇော်နှင့် တည့်တည့်တိုးသဖြင့် သူမ မခံချင်အောင် နောက်လိုက်သည်။

'အဲဒါကို ပြောတာပေါ့. . မိန်းမကြိုက်တော့ မျှော်လိုက်ရတာ ဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း ခေသူမဟုတ်။ နေသွေးကို ချက်ချင်းပြန်ဆော်သည်။

'ဟုတ်တယ် . . ငါတို့က မျှော်တယ် . . ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူကို ကိုယ်မျှော်တာ . . အင်း . . ဒါပေမယ့် တချို့တွေကျတော့လည်း ဘာမဟုတ်ညာမဟုတ်နဲ့ ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာလုပ်နေကြတယ်လေ'

သူ့ရင်ကို တည့်တည့်ထိသည့်စကားလုံးမြားတွေ ဖြစ်နေသဖြင့် နေသွေး ထပ်မပြောရဲတော့။

သို့နှင့် မျက်နှာချိုသွေးလိုက်ပြီး -

'အဟဲ . . ငါက အလကားစတာပါ သက်စုမရဲ့၊ ဒါနဲ့ ငါ့ကိစ္စ ဘယ်လိုလဲဟင်'

'နင့်ကိစ္စက ငါဘာထပ်ပြောစရာရှိတော့လို့လဲ . . နင့်မမကေက အရမ်းတည်ငြိမ်တယ် . . လမ်းမများတတ်ဘူး၊ အားအားရှိ အခန်းထဲမှာပဲ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်နေတတ်တယ်၊ ရည်းစား မရှိဘူး . . ဒါပဲလေ . . ဘာထပ်ပြောစရာကျန်လို့လဲ'

'ဟာ . . ငါပြောတာက မမကေ ငါ့ကို ဘယ်လိုသဘောထားနေသလဲ . . အဲဒါကို ပြောတာ'

'ဟ . . ဒါတော့ ငါ ဘယ်သိမလဲ၊ သိချင်ရင် ကိုယ့်ဘာသာ မေးကြည့်ပေါ့'

'အမ် . .'



www.burmeseclassic.com

www.burmeseclassic.com



သက်စုမအပြောကြောင့် နေသွေး ဘာဆက်ပြောရမည်မသိ ဖြစ်သွားပုံရသည်။

'အဲ. . ဒါပေမယ့်. . နင့်အကြောင်းတွေတော့ ငါ့ကို ညက မေးသေးတယ်ဟ'

သည်စကားကြောင့်. . နေသွေးတစ်ယောက် ရေငတ်တုန်း ရေတွင်းထဲကျသွားသလို ခံစားလိုက်ရပြီး အလောတကော ထပ်မေးလိုက်၏။

'ဘာတွေ မေးတာလဲဟင်'

'ဩော်. . ဘာရယ်တော့ မဟုတ်ပါဘူးဟာ. . နင့်ကာရိုက်တာက ဘယ်လိုလဲပေါ့. . ဒီလောက်ပါပဲ'

'အဲဒီတော့ နင်က ဘယ်လိုပြန်ပြောလိုက်လဲဟင်'

'ငါကလည်း ပြောလိုက်ပါတယ်. . နေသွေးက ပျော်ပျော်နေတတ်တာကလွဲပြီး အနေအထိုင် တည်ငြိမ်အေးဆေးတယ်လို့. . ပြီးတော့ အခုထိလည်း ရည်းစားလုံးဝမထားဖူးသေးဘူးလို့ ပိုပိုသာသာလေး ထည့်ပေးလိုက်တာပေါ့ဟာ'

'နင် အဲလိုပြောတော့ မမကေက ဘာပြောလဲ'

'ဘာမှတော့ မပြောဘူးဟ. . ပြုံးပဲ နေတာ'

'ပြုံးနေတယ်. . ဟဲဟဲ. . တော်လိုက်တဲ့ ငါ့သူငယ်ချင်းမလေး သက်စု. . နင့်ကို မနက်ဖြန်ကျောင်းမှာ မုန့်အဝကျွေးဦးမှာ'

'တကယ်. .'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပေါ့ဟ'

နေသွေးအပြောကြောင့် သက်စုမျက်နှာကလေး အပြုံးရောင်လွှမ်းသွား၏။

မုန့်မျက်နှာကြောင့်ထင့်. . သက်စုမ စကားလုံးတွေ လွင့်ပျံလာပြန်သည်။

'သိလား. . ညကတောင် ငါနဲ့မမကေသွယ် နင့်အကြောင်းရယ်စရာတွေ ပြောဖြစ်သေးတယ်'

'ငါ့အကြောင်း ရယ်စရာတွေ. . ဟုတ်လား၊ ဘာရှိလို့လဲ'

နေသွေးက နားမလည်သလိုမေးတော့ သူမက -

'ငါတို့ ကျောင်းစတက်ရတဲ့နေ့ကလေဟာ. . အတန်းထဲမှာ တီချယ်က ဩဝါဒစကားတွေ ပြောနေလို့ တစ်တန်းလုံးတိတ်ဆိတ်နေတဲ့အချိန်မှာ အိမ့်မွန်ဖြိုးဆိုတဲ့ ခပ်ချောချောကောင်မလေးတစ်ယောက်ချောင်းထ,ဆိုးလိုက်တာကို နင်က မပြောမဆို မတ်တတ်ရပ်ပြီး ရုပ်တည်ကြီးနဲ့ ကျွန်တော် ဆရာဝန်တစ်ယောက်ပါ၊ မင်းကို ဖလီးမက်စ်ပေးမယ်ဆိုပြီး ထပြောလိုက်တော့ တီချယ်ရော. . တစ်ခန်းလုံး ပွဲကျကုန်တဲ့အကြောင်းလေ'

'ဩော်. . အေး. . အဟဲ. .'

အတိတ်ကို နေသွေး ပြန်တွေးမိပြီး ရယ်နေလိုက်သေး၏။

'နင့်မမကေဆို ရယ်လိုက်တာမှအရမ်းပဲ'

'ဒါဆို အခြေအနေတွေ ကောင်းတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သက်စုဇော်၏ချစ်သူ ကြည်ဇင်ဦး ရောက်လာသဖြင့် သူမက နေသွေးအမေးကိုမဖြေဘဲ ဆိုင်ကယ်နောက်သို့တက်ထိုင်ကာ

'ကဲ. . နေသွေး. . ငါတို့တော့ လစ်ပြီ'

သူမချစ်သူကလည်း 'ငါ့ကောင်ကြီး. . ကြိုးစားထားကွ'ဟု နောက်သွားသဖြင့် နေသွေးတစ်ယောက် အောင့်သက်သက်နှင့် ပြန်ပြုံးပြလိုက်ရ၏။

'ဟူး. . ရင်တွေ မောလိုက်တာ မမကေရယ်'ဟု နေသွေးတစ်ယောက် တီးတိုးရွတ်ဆိုလိုက်ပြီး မမကေကို ခေါ်တွေ့လိုက်သည်။

အကြောင်းအရာကတော့ ထုံးစံအတိုင်း အာလာပသလ္လာပ ပြောပြီး ပြန်ရုံပင် ဖြစ်သည်။ သို့သော်. .

ထိုအချိန်တဒင်္ဂလေးသည် နေသွေးအတွက် အပြင်းစားပိုင် တစ်ခွက်လို မိန့်မူးသာယာပျော်ရွှင်နေရခြင်းပင် ဖြစ်သည်။

မမကေအကြည့်တွေက သူ့ရင်ခွင်တစ်ခုလုံးကို ကိုင်လှုပ်နိုင်စွမ်းသည်။

အို. . ကြီးမားလိုက်သည့် အချစ်၏စွမ်းပကား. . ။

◆



www.burmeseclassic.com

www.burmeseclassic.com



"မ"ရယ်..

လောကမှာ အချစ်နဲ့ ထိတွေ့ ခဲ့သူတိုင်းက
အလိုလို ကဗျာဆရာတွေ ဖြစ်သွားကြတယ်တဲ့..
ကျွန်တော်ကတော့..
"မ"ဆိုတဲ့ အချစ်နတ်ဖုရားနဲ့တွေ့မှပဲ
အူကြောင်ကြောင်ကောင်ကြီးကို ဖြစ်လို့။
ဩော်..အချစ်..

အချစ်..

အချစ်..

စစ်တော့ ဘယ်တော့မှမဖြစ်ပါရစေနဲ့ "မ"ရယ်..



www.burmeseclassic.com

www.burmeseclassic.com

## စာကိုယ်(၅)

'ငါ သိရသလောက်တော့. . မင်း. . အခြေအနေမဆိုးပါဘူး နေသွေးရာ. . ရဲရဲသာ ဖွင့်ပြောလိုက်စမ်းပါ'

'မင်းက ပြောတော့လွယ်တယ် မှင်စာရ. . ငါတို့ ခင်ကြတာမှ တစ်ပတ်ကျော်ကျော်ပဲ ရှိသေးတာ. . ဒီအချိန်မှာ ငါဖွင့်ပြောလိုက်ရင် ခင်မင်မှုကို အခွင့်ကောင်းယူတတ်တဲ့ ယောကျ်ားအတော်များများထဲမှာ ငါ ပါသွားမှာပေါ့. . တော်ကြာ မမကေက ငါ့ကို အထင်သေးပြီး ယောကျ်ားတွေက ဒီပုတ်ထဲက ဒီပဲတွေချည်းပဲဆိုပြီး လက်ရှိ ခင်မင်မှုလေးပါ ပြန်ရုပ်သိမ်းသွားခါမှ. . .'ဆိုပြီး နေသွေးက စကားစကို ဖြတ်ထားသည်။

'ဒါကတော့ မင်းအထင်ကိုးကွ. . ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်. . ရဲမှ မင်းဖြစ် ဆိုတဲ့စကားပုံနဲ့ ကြောက်ရင်လွဲဆိုတဲ့ စကားပုံတွေကိုတော့ မင်း မေ့မထားနဲ့'

'အင်း. . မီးစင်ကြည့်ကရမှာပဲ မှင်စာရေ. . သက်စုစကားတွေနဲ့ မမကေပုံစံကို ငါ အကဲခတ်ကြည့်မိသလောက်ကတော့ ငါ့ကို မမကေက Minus(-) တော့ မပြဘူးကွ'

တွေးတွေးဆဆပြောလာသည့် နေသွေးစကားကို မှင်စာက

'ဒါဆိုလည်း လုပ်တော့လေကွာ'

www.burmeseclassic.com



'အဲလိုကျတော့လည်း ငါ့စိတ်က မရဲဘူးကွ'

'ကဲ. . ငါတော့ မလျှောက်တတ်တော့ဘူး ငသွေးရေ. . ငါတော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို လစ်ပြီ. . စိတ်ပါရင်တော့ လိုက်ခဲ့'

'. . . .'

မှင်စာကို ခေါင်းရမ်းပြလိုက်ပြီး ခုတင်ပေါ်ကို ပက်လက်လှန် ချလိုက်သည်။

သက်ပြင်းတစ်ချက်ကို ဖွဖွကလေးချပြီး မမကေ့အကြောင်း ကို တွေးနေမိလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၆)

'နေသွေး . . နင်ကလေ လည်ချင်တဲ့နေရာကျ လည်ပြီး ဒီလို နေရာကျတော့ တုံးကို တုံးလွန်းတယ်၊ တကယ်ပဲ . . တွဲလာတာလည်း တစ်လကျော်ပြီ၊ ဟိုက ဒီလောက်ကြီး အထာတွေပေးနေတဲ့ဟာကို'

အားမလိုအားမရဖြင့် မဲ့ကာရွဲ့ကာပြောလာသည့် သူငယ်ချင်းမလေး သက်စုဇော်ကို -

'နင်ပြောတဲ့အတိုင်းဆိုရင်တော့ ကောင်းတာပေါ့ဟာ၊ မဟုတ်ခဲ့ရင် . . .'

'ဘာမှမဟုတ်စရာအကြောင်းမရှိဘူး နေသွေး . . ငါတို့ မိန်းမချင်း အပွေးမြင် အပင်သိတယ်ဟဲ့ . . ပြီးတော့ . . ငါလည်း နင်နဲ့လျော်ထားပြီးသား . . ဟွန်း . .'

သူငယ်ချင်းတွေက အမျိုးမျိုးတိုက်တွန်းကြပေမဲ့ စိတ်က မရဲဖြစ်နေသည်။

နောက် . . ဖွင့်ပြောဖို့ကိုလည်း ဝန်လေးနေမိသည်။ ရှက်သလိုလို ကြောက်သလိုလိုနှင့် ဘယ်လိုခံစားချက်ကြီးမှန်းလည်း မသိ။

'မမကေရှေ့ကို ရောက်ရင် ငါ့စိတ်တွေက ဘယ်လိုတွေဖြစ်လာမှန်းကို မသိဘူးဟာ'



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်အပြည့်နှင့်ပြောလာသည့် နေသွေးစကားကို မှင်စာက -

'အဲဒါ အချစ်နတ်ဖမ်းစားတာ'ဟု မှတ်ချက်ဝင်ပေး၏။

သက်စုမကတော့ -

'နင်. . လဲသာသေလိုက် နေသွေး'ဟု ထောပနာပြုပြီး ထွက်သွားလေတော့၏။

ဟုတ်တယ်. . ငါ ဖွင့်ပြောလိုက်သင့်ပြီ။

အို. . မဖြစ်သေးပါဘူးလေ. . .

ဘာလို့ မဖြစ်နိုင်ရမှာလဲ. . .

စသည့် အတွေးတွေနှင့် နေသွေးတစ်ယောက် လုံးလည်ချာလည်လိုက်နေခဲ့သည်မှာ ကြာပြီ။

ယခုအထိတော့. . နေသွေး ဘာကိုမှ တိတိပပ မဆုံးဖြတ်ရသေး။

တစ်ခုခုတော့ တစ်ခုခုပေ့ါလေ. . . ။

♦



www.burmeseclassic.com

www.burmeseclassic.com

## ဆာကိုယ် (၇)

နေသွေးတစ်ယောက်. . အတန်းအားရက်ဖြစ်တာက တစ်ကြောင်း၊ စိတ်လက်မကြည်မသာဖြစ်သည်က တစ်ကြောင်း စသည့် အကြောင်းကြောင်းတွေကြောင့် ကန်ဘောင်ပေါ်သို့ တစ်ယောက်တည်း ထွက်လာခဲ့ပြီး အကြော်ဆိုင်ထိုင်နေမိ၏။

အကြော်တစ်ခု ကောက်စားလိုက်၊ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်နှင့် လက်ရှိပစ္စုပ္ပန်ဘဝကို ခဏတာ အဆက်ဖြတ်ထားပုံရ၏။ မျက်ဝန်းတွေကတော့ ရှေ့တူရူဆီသို့ အဓိပ္ပာယ်မဲ့ ငေးမောနေ၏။

ထင်မှတ်မထားသည့် အချိန်အခါတွေမှာ ထင်မှတ်မထားမိသည့် အကြောင်းကိစ္စတွေက အစီအစဉ်တကျ ထ,ထဖြစ်တတ်သည့် ထုံးစံအတိုင်း နေသွေးထံသို့ လုံးဝမျှော်လင့်မထားမိသည့် ကဝေတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေ၏။

'ဟိတ်၊ ဒီမှာ ထိုင်လို့ရမလားဟင်'

ရင်းနှီးပြီးသားအသံလှိုင်းတစ်ခုကြောင့် နေသွေး မော့ကြည့်လိုက်မိပြီး ကြောင်ငေးသွားသည်။

မကြောင်နေရောလား. . ထိုကဝေမလေးမှာ နေသွေး၏ချစ်လှစွာသော မမကေသွယ်နှင်း ဖြစ်နေသည်ကိုး. . .

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . မမကေ. . ဘယ်လိုကနေ ဘယ်လို. . လာ. . ထိုင်လေဗျာ'

နေသွေးက အံ့ဩတကြီး ပြောလည်း ပြော. . သူမ ထိုင်ဖို့အတွက် ခုံလည်း ဆွဲယူပေးလိုက်ရာ သူမက မချိတရို့အပြုံးနုကလေးဖြင့် (နေသွေး စွဲမက်သည့်အထဲတွင် ထိုအပြုံးလည်း ပါ၏။)

'ဘာရယ်လို့တော့ မဟုတ်ပါဘူး. . ကျောင်းပိတ်ရက်မှာ အားနေတာနဲ့ ကန်ဘောင်ကိုရောက်လာတာ၊ ညီမလေးသက်စုကလည်း နယ် ခဏပြန်သွားတော့ အဆောင်မှာ တစ်ယောက်တည်း ပျင်းနေလို့. . ဒါနဲ့. . နေသွေးကရော နယ်မပြန်ဘူးလား'ဟု တစ်ဆက်တည်း မေးလိုက်၏။

'မပြန်ဖြစ်ပါဘူး မမကေရယ်. . ကျွန်တော်လည်း စိတ်မလန်းတာနဲ့ ဒီမှာ လာထိုင်မိတာ. . ဟိုကောင် မှင်စာကလည်း ပြန်သွားတယ်လေ. .'

သူမက နေသွေးကို ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေသေးသည်။ ပြီးမှ -

'ဟုတ်ပါ့. . နေသွေးမျက်နှာ သိပ်မလန်းသလိုပဲနော်. . ပြောပါဦး. . ဘာတွေများ စိတ်သောကဖြစ်နေလို့လဲ'

မမကေအမေးကြောင့် နေသွေး မလုံမလဲဖြစ်သွားကာ-

'ဘာမှမဟုတ်ပါဘူးဗျာ. . ဒီလိုပါပဲ'

'ပြောကြည့်လေ မမကေ ကူညီဖြေရှင်းပေးလို့ရနိုင်မလားလို့'



www.burmeseclassic.com

www.burmeseclassic.com



နေသွေး အတော်ဒုက္ခဖြစ်သွားသည်။

'မမကေကို ချစ်နေလို့ဗျို့'ဟု စိတ်ရှိလက်ရှိ အော်ပြောလိုက်ချင်ပေမယ့်လည်း. .

'အကြော်စုံတစ်ပွဲ ထပ်ပေးပါဗျို့'

နေသွေးတစ်ယောက် သိသိသာသာ အာရုံလွှဲပစ်လိုက်၏။

သို့သော်. .

'ဘာလဲ. . မမကေ သိခွင့်မရှိတဲ့ကိစ္စမို့လား. . ဒါမှမဟုတ်'

'အဲ. . အဲလိုသဘောမျိုး မဟုတ်ပါဘူးဗျာ. . ကျွန်တော့်မှာ မမကေကို လျှို့ဝှက်ထားစရာ ဘာအကြောင်းကိစ္စမှမရှိပါဘူး. . ဒါကိုတော့. .'

နေသွေးနည်းတူ စကားမဆုံးခင် သူမက ဖြတ်မေးလိုက်၏။

'ဘာလဲ. . မမကေကို တကယ်မခင်လို့ မပြောချင်တာလားနေသွေး. .'

'ဟာဗျာ. . မမကေနဲ့တော့ ခက်ပြီ'ဟု ဆိုကာ နေသွေးတစ်ယောက် ဘာထပ်ပြောရမည် မသိတော့။

အခုမှ 'စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်း'ဆိုသလို ဖြစ်နေရသည်။

'ပြောလေ. . မမကေကို တကယ်မခင်လို့လားလို့'

ထပ်ခါထပ်ခါ မေးလာသည့် သူမစကားတွေကြောင့် နေသွေးတစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



မမကေကို တစ်ချက် စူးစိုက်ကြည့်လိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ပြောဖို့အတွက် အားယူလိုက်သည်။

သူမကတော့ မူမမှန်ဖြစ်နေသည့် နေသွေးဟန်ပန်ကို အကဲခတ်နေစဉ် နေသွေး၏ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက်စကားကြောင့် ဆွံ့အလို့သွား၏။

'ဒီဆိုင်က အကြော်တွေ အတော်ကောင်းတယ်နော်'

နေသွေးက နှလုံးသားက ထွက်ကျလာသည့် စကားလုံးတွေကို နှုတ်ခမ်းက ပြောရန် ပြင်ဆင်နေချိန်မှာ အကြော်လာချပေးသည့် စားပွဲထိုးကောင်လေး ရောက်လာသဖြင့် စကားလုံးတွေကို အတင်းမျိုချလိုက်ပြီး အထက်ပါ အဆီအငေါ်မတည့်လှသည့် ဝါကျတစ်ခုကို ချက်ချင်းအစားထိုးလိုက်ရ၏။

သူမကတော့ နားမလည်နိုင်စွာဖြစ်နေသည်။ ရှက်စိတ်တွေ၊ ကြောက်စိတ်တွေ ထုံမွှမ်းပြီး သိသိသာသာရဲတက်လာသည့် နေသွေးမျက်နှာကို သူမက -

'နေသွေး . . ဘာဖြစ်နေတာလဲ . . မှန်းစမ်း . . နေမကောင်းဘူးလား'ဟုဆိုကာ နေသွေးနဖူးကို လှမ်းစမ်းလိုက်သည်။

ထိုအခိုက်အတန့်လေးအတွင်းမှာ နေသွေးစိတ်တွေ ထိန်းချုပ်ရခက်ဖြစ်နေ၏။

သူမကတော့ . . အထိအတွေ့တစ်ခုကို မည်သို့မှခံစားမိပုံမပေါ်။ မရိုးသားသည့်သူ့မှာသာ . .



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လည်း မပူပါဘူး. . ပုံမှန်ပါပဲ' ဟု သူမတစ်ယောက် တည်း တီးတိုးပြောနေသေး၏။

ယောက်ျားလေးတန်မဲ့ နေ့သွေးမှာသာ မနေတတ် မထိုင် တတ်ဖြစ်ကာ ရေနွေးတစ်ခွက်ကို အရှက်ပြေမော့သောက်လိုက်သည်။

'အား. . ဖူး. . ဖလူး. . ပူတယ်'

'ဩော်. . ဒီကလေး ဒီနေ့မှ ဘယ်လိုဖြစ်နေရတာလဲ. . အခု မှ မမကေ ငှဲ့ထားတဲ့ရေနွေးအပူကြီးလေ. . မသိဘူးလား အဟင်း. . ဟင်း. . .'

လျှာတစ်လစ်ထုတ်ပြီး လက်ဖြင့် ယပ်ခတ်နေသည့် နေ့သွေး ၏အူကြောင်ကြောင်အပြုအမူကြောင့် သူမ မရယ်ဘဲ မနေနိုင်တော့။ ကိုယ်ခန္ဓာလှုပ်သည့်အထိ တသိမ့်သိမ့်ရယ်မောနေ၏။

'ခစ်ခစ်. . ခစ်. . ဖြစ်ရလေ နေ့သွေးရယ်. . . ခစ်. .'

အတော်ကြာမှ သူမက စကားစကို ပြန်ဆက်၏။

'နေ့သွေး'

'ဗျာ. .'

'မမကေ မေးတာကို အခုထိ မဖြေရသေးဘူးနော်'

ဒါကို နေ့သွေးက အူကြောင်ကြောင်နှင့် 'ဟုတ်ကဲ့'ဟု ဖြေနေ သေး၏။

'ဘာဟုတ်ကဲ့လဲ. . ဖြေလေ. .'

'ဟုတ်ကဲ့. .'



www.burmeseclassic.com

www.burmeseclassic.com



'လာပြန်ပြီလား. . ဒီဟုတ်ကဲ့'

'ဟုတ်ကဲ့. . အဲ. . မဟုတ်ကဲ့. . အာ. .'

ရိုးသားဖြူစင်ပြီး အပြစ်ကင်းစင်လှသည့်. . နေသွေး၏ အူကြောင်ကြောင်ပုံလေးကို ကြည့်ပြီး သူမ ပြုံးနေမိ၏။ သူမ ဘဝတစ်လျှောက်မှာ ဤမျှရိုးသားဖြူစင်သည့် ယောက်ျားလေးမျိုးကို ဘုရားစူး မတွေ့ကြုံဖူးခဲ့။

'ကဲ. . ကိုနေသွေး. . ဒီနေ့ စကားပြောရတာ လိုရင်းကိုရောရောက်ပါဦးမလား'

'အဟဲ. .'

'ဘာအဟဲလဲ. . ပြောစရာရှိတာ ပြောတော့'

'ဟို. . ပြောတော့ ပြောချင်ပါတယ်. . ဒါပေမယ့်လေ. .'

စကားလေး တစ်ခွန်းနှစ်ခွန်းပြောမည့်ကိစ္စကို အိုက်တင်တွေ အရမ်းခံနေသည့် သူ့ကို သူမ စိတ်မရှည်ချင်တော့။

'ကဲ. . ဒါပေမယ့် ဘာဖြစ်လဲ. . ပြော'

'ဟို. . မမကေကို ပြောရမှာ. . အားနာလို့'

'ဗုဒ္ဓေါ. . အားနာရအောင် နေသွေးက မမကေကို ဘာပြောမှာမို့လဲ. . ပြောသာပြောပါ. . မောင်နှမအချင်းချင်းတွေပဲဟာကို'

သူမ၏အကာအကွယ်အပြောအဆိုက ပိရိသေသပ်လှ၏။

နေသွေးကလည်း ဒီနေရာမှာတော့ သိပ်မခေလှ။

'အဲဒါ ခက်တာပေါ့ မမကေရဲ့. . ကျွန်တော့်မှာ ပြောရခက်



www.burmeseclassic.com

www.burmeseclassic.com



မပြောရခက်နဲ့ မပြောရင်လည်း မမကေက အတင်းမေးဦးမှာ၊ အမှန်အတိုင်းပြောလိုက်လို့ မမကေ စိတ်ဆိုးသွားပြန်ရင်လည်း. . အင်း. . '

နေသွေးက သက်ပြင်းခပ်ရှည်ရှည်တစ်ခုကို ဖန်တီးလိုက်ပြီး ခေါင်းတရမ်းရမ်းလုပ်ကာ သူမ၏စိတ်ဝင်စားမှုကို မြှင့်ယူလိုက်၏။

'အမလေး. . စကားကြောတွေရှည်နေလိုက်တာ နေသွေးရယ်. . လိုရင်းကို မရောက်တော့ဘူး'

'ဟုတ်ပြီလေ. . ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ ဒါပေမယ့် ကတိတစ်ခုတော့ ပေးရမယ်'

စကားကြီးစကားကျယ်တွေပြောနေသည့် နေသွေးကို သူမ စိတ်မရှည်သလို တစ်ချက်ကြည့်လိုက်ပြီး -

'ဘာကတိလဲ. . ပြော. . '

'ဘာကတိလဲဆိုတော့ အခု ကျွန်တော်ပြောမယ့် ပြဿနာကို မမကေ စိတ်လည်းမဆိုးရဘူး၊ ပြီးတော့. . အဲဒီပြဿနာကို မမကေ တစ်ခါတည်း ဖြေရှင်းပေးရမယ်. . ဘယ်လိုလဲ'

နေသွေးက ဒီစကားကို သူ့အကြံနှင့်သူ တစ်ခါတည်း ချည်ပြီးတုပ်ပြီး ပြောထားခြင်းပင် ဖြစ်၏။ သူမကလည်း မခေပါ။

'ဟုတ်ပြီလေ. . ဒါပေမယ့်. . နေသွေးပြဿနာက မမကေ လုံးဝ ဖြေရှင်းပေးလို့မရတဲ့ကိစ္စ ဖြစ်နေရင်ရော. . '

'ဒါတော့ စိတ်ချ. . ကျွန်တော် အာမခံတယ်. . ဒီပြဿနာကို မမကေ လုံးဝဖြေရှင်းနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို. . OK လေ'

'သဘောတူတယ်ဆို ကျွန်တော် ပြောပြီနော်'

'ပြောမှာသာ ပြောစမ်းပါ'

'Promise နော်'

'နေသွေး. . . မမကော စိတ်တိုလာပြီနော်'

'OK. . ကျွန်တော် ပြောပြီ. . အခု. . ကျွန်တော်ဖြစ်နေတဲ့ ပြဿနာက. . .'

နေသွေး စကားစ,ကိုဖြတ်ထားစဉ် မမကောနှင့်နေသွေး မျက်ဝန်းချင်း ဆုံမိသွား၏။ ပြီးမှ -

'မမကောကို ကျွန်တော် အရမ်းချစ်မိနေတဲ့ ပြဿနာပဲ'

'ဟင်. .'

ထိုတဒင်္ဂလေးတွင် လောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားပုံရ၏။ အသံဗလံတွေ ငြိမ်သက်နေ၏။

ထင်မှတ်မထားသည့် နေသွေး၏အပြောကြောင့် သူမ အံ့ဩသွားသည်။ သို့ပေမယ့် သူမက ချက်ချင်းဆိုသလို အပြုံးတစ်ပွင့်ကို မျက်နှာပေါ် ပစ်တင်ထားလိုက်၏။

ထိုအပြုံးကို နေသွေး ဘာသာမပြန်တတ်ပါ။ထိုအပြုံးအတွက် နေသွေး စိတ်လှုပ်ရှားရသလို အံ့လည်း အံ့ဩသွားမိသည်။

သူထင်ထားသည်က မမကော သည်စကားကိုကြားချင်း စိတ်ဆိုးသွားမည်ဟုပင်။ ယခုတော့. . .



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သည်လိုစကားမျိုး. . နေသွေး ပြောလာမည်ကို သူမ ကြိုတင်ခန့်မှန်းမိပြီးသား ဖြစ်ပေမယ့်. . ဤမျှ လောက် မြန်ဆန်လိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။

'ဟုတ်တယ်. . မမကေကို ပထမဆုံးစတွေ့ခဲ့တဲ့နေ့ကတည်း က ကျွန်တော် အရူးအမူးချစ်မိခဲ့တာပါ။ မမကေက ကျွန်တော့်ဘဝရဲ့ ချစ်ဦးသူပါ'

'. . . . . . . . . . . .'

သူမကတော့ ရည်းစားစကား အပြောခံရသည့် မိန်းကလေး တို့ထုံးစံအတိုင်း ခေါင်းကလေး ငုံ့ထား၏။

'အခု. . မမကေ ကျွန်တော့်ကို စိတ်ဆိုးသွားပြီမို့လား'

စကားအဆုံးမှာ သူမက နေသွေးကို ညှို့ဓာတ် အပြည့်ပါ သည့် မျက်ဝန်းတွေနှင့် တစ်ချက်မော့ကြည့်ရင်းမှ ပြုံးလိုက်ပြီး -

'ကိုယ့်ကို ချစ်တယ်လို့ပြောတာ စိတ်ဆိုးစရာမှမပါတာ၊ မုန်း တယ်လို့ပြောတာမှ မဟုတ်ဘဲ. . ဒါပေမယ့် ဒီစကားပြောတာ. . သိပ် စောမနေဘူးလားဟင်. . နေသွေး'

သူမစကား အသွားအလာတွေကို ရိပ်မိသည့် နေသွေးက ချက်ချင်း ချည်နှောင်ပစ်လိုက်၏။

'မမကေ. . ကတိတည်ရမယ်လေ'

'ဘာကတိလဲ'

အရူးကွက်တွေ နင်းနေသည့် သူမကို နေသွေးက 'မိမျိုးမရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး'ဆိုသည့်အပြုံးမျိုး ပြုံးပြလိုက်ပြီး -

'ပြဿနာကို တစ်ခါတည်း ဖြေရှင်းပေးရမယ်ဆိုတဲ့ ကတိလေ'

'နေသွေးက အ,သလိုလိုနဲ့ ဒါမျိုးကျ သွက်တယ်နော်၊ ရတယ်လေ. . မမကေ ကတိအတိုင်း ဖြေရှင်းပေးရမှာပေါ့'

'ဒါဆို. . အဖြေက. .'

'ဟိုးဟိုး. . မမကေ နေသွေးကို စမ်းသပ်ရဦးမယ်'

'ဟာ. . မမကေ မညစ်နဲ့ဗျာ'

'အို. . ဒါ ညစ်တာမှမဟုတ်တာ. . ကိုယ့်ချစ်သူဖြစ်လာမယ့် လူတစ်ယောက်ကို ဘယ်လောက်ထက်မြက်မှုရှိသလဲဆိုတာတော့ စမ်းသပ်ရမှာပေါ့. . နေသွေးပဲ စဉ်းစားကြည့်ပါဦး၊ ဒါ. . မိန်းကလေးတစ်ယောက်အတွက် ဘဝနဲ့ဆိုင်တဲ့ကိစ္စလေ. . လွယ်လွယ်ဆုံးဖြတ်လို့ရပါ့မလား'

နေသွေးတစ်ယောက် အတော်စိတ်ပျက်သွား၏။ သူမကတော့ ခပ်ပြုံးပြုံးနှင့် -

'ဘယ်လိုလဲ. . မမကေ စမ်းသပ်မှုကို လက်ခံမှာလား'

'အခုမှတော့ လက်ခံရတော့မှာပေါ့. . ပြော. . ဘယ်လိုစမ်းသပ်မှုမျိုးလဲ'

'သိပ်ခက်ခက်ခဲခဲကြီးတွေ မဟုတ်ပါဘူး. . နေသွေးက မမကေကို မနက်ဖြန်ကစပြီး ရည်းစားစာတစ်စောင် လာပေးရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါများ မမကေရယ် စာဖွဲ့လို့။ ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကို ရည်းစားစာ တစ်စောင်မဟုတ်ဘူး။ ဆယ်စောင်ပေးနိုင်တယ်။

နေသွေးတစ်ယောက် စိတ်ထဲက ပြောနေစဉ် သူမ၏နောက်ဆက်တွဲစကားတွေကြောင့် အတော်လေသွားရ၏။

'ဒါပေမယ့် . . ပါးစပ်က ရည်းစားစာပါလို့ ပြောပေမယ့် အထဲမှာ အဓိပ္ပာယ်လေးနက်ပြည့်ဝတဲ့ စာတစ်ကြောင်းပဲ ပါရမယ်. . ဖတ်တဲ့လူကိုလည်း ရည်းစားစာမှန်း လုံးဝမသိစေရဘူး'

'မမကေ. . ဘယ်လို ဘယ်လို. . ရည်းစားစာလို့ ပြောပေးပြီး ရည်းစားစာမှန်း ဖတ်တဲ့သူ မသိရဘူး. . ဟုတ်လား၊ ဘယ်လိုကြီးလဲ'

'ဘယ်လိုလဲဆိုတော့. . ရည်းစားစာ မဟုတ်တဲ့ ရည်းစားစာ ရေးခိုင်းတာပေါ့ကွယ်'

နေသွေး အတော်ခေါင်းစားသွားသည်။

မမကေ တမင်ညစ်နေတာများလား. .

မမကေပုံကြည့်ရတာ အဲလိုလည်း မဟုတ်။ စိတ်ဝင်စားဖို့လည်း ကောင်း၏။

'အဲဒါမျိုး ရည်းစားစာ မမကေကို သုံးစောင်တိတိပေးရမယ်'

'ဗျာ. . သုံးစောင်ကြီးများတောင်'

'ဟုတ်တယ်. . တစ်ရက်ကို တစ်စောင်နှုန်းပေါ့. . ဒါပေမယ့် နေသွေးပေးတဲ့စာတွေကို မမကေက တစ်ရက်အတွင်း ရည်းစားစာမှန်း တပ်အပ်အဓိပ္ပာယ်ဖော် ပြောပြနိုင်ခဲ့ရင် နေသွေး အရှုံးနော်'



www.burmeseclassic.com

www.burmeseclassic.com



'သုံးစောင်လုံး မမကေ မသိခဲ့ရင် . .'

'နေသွေး အနိုင်ပေါ့ . . ဒါပေမယ့် . . မမကေကို ပြန်လည်းရှင်းပြနိုင်ရမယ်နော်'

'ဒါဆိုရင် . .'

'နေသွေးကို မမကေ အဖြေပေးရတော့မှာပေါ့'

ဘယ်ကစပြီး ဘာဆက်လုပ်ရမည် မသိပေမယ့် . . မမကေ အဖြေပေးမှာဆိုတဲ့အတွေးလေးတစ်ခုနဲ့တင် နေသွေး အတော်ကျေနပ်သွား၏။

'ကဲ . . အခုပဲ ဒီစမ်းသပ်ပွဲကလေးကို စ,လိုက်ပြီ . . နေသွေး အောင်မြင်ပါစေ . . မနက်ဖြန် မမကေ နေသွေးရဲ့ရည်းစားစာမဟုတ်တဲ့ ရည်းစားစာကိုမျှော်နေမယ်နော်၊ ခုတော့ မမကေပြန်လိုက်ဦးမယ်'

ကိုယ့်အတွေးနှင့်ကိုယ်မို့ မမကေထွက်သွားသည်ကိုပင် နှုတ်မဆက်လိုက်ရ။

မိန်းကလေးတန်မဲ့ ဒီလိုထူးထူးဆန်းဆန်း ဗရုတ်သုတ်ခတွေကိုမှ ဝါသနာထုံတတ်သည့် မမကေကိုလည်း အံ့သြနေမိ၏။

ဘာပဲဖြစ်ဖြစ် . . ဒီပွဲကိုတော့ သူနွှဲရပေလတော့မည်။

သူရှုံးခဲ့ရင် ရလဒ်က - အမုန်း

အောင်မြင်ခဲ့ရင်တော့ အကျိုးအမြတ်က - အချစ်ပေါ့။

ကိုယ့်အချစ်စစ်စစ်တစ်ခုကို သက်သေပြဖို့ ကိုယ် အစွမ်းကုန်ကြိုးစားရမှာပေါ့ . .



www.burmeseclassic.com

www.burmeseclassic.com



တွေးလို့သာ တွေးမိနေပေမယ့် အခု သူ ဘယ်ကစလို့ ဘာဆက်လုပ်ရမည် မသိ။ သူမကတော့ စာဂျပိုးမလေးဆိုတော့ ဗဟုသုတ အတော်ပြည့်စုံပုံရ၏။

သူမ မသိအောင် ရေးရမည့် ရည်းစားစာက သာမန်တော့ ရမှာမဟုတ်။ အတော် ခက်ခက်ခဲခဲလုပ်ယူရမည်ကိုတော့ သူ့စိတ်က အလိုလိုသိပါ၏။

'ဟာ. . ဟုတ်ပြီ. . ငါ အကြံရပြီ၊ ညီလေးရေ. . အကြော်ဖိုး စားပွဲပေါ်မှာ ထားခဲ့ပြီဟေ့'

ဘာအကြံတွေ ရသွားသည်တော့ မသိ. .

နေသွေးတစ်ယောက်ကတော့ အလောတကြီး ထွက်သွားခဲ့လေပြီ. . .

♦



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာမျိုးက··
အထူးတန်းမျက်လှည့်ပွဲတစ်ခုလိုပါပဲ··
ထင်မှတ်မထားတဲ့
ထောင့်ချိုးတွေထဲကနေ
ထင်မှတ်မထားတဲ့
အထူးအဆန်းအမှတ်တရတွေ··
တစ်ခုပြီးတစ်ခု··
···  ···  ···။

ဒီမယ် ကိုယ့်လူ··အဲဒါ "အချစ်"ပဲ··
ခင်ဗျားတို့ မမြင်ဖူးသေးရင်
အသေအချာ အားစိုက်ကြည့်ထားပါ···။



www.burmeseclassic.com

www.burmeseclassic.com

## အကြိုယံ (၈)

'အမယ်. . ငသွေး ပြောစမ်းပါဦး၊ တစ်ညလုံး ဘယ်ရောက်နေတာလဲ၊ အဆောင်လည်း ပြန်လာမအိပ်ဘူး၊ ငါ နယ်က ပြန်ရောက်ကတည်းက မင်းကိုမျှော်နေတာ. . မင်းက စောစောစီးစီး ဒီမှာ လာနှပ်နေတာကိုး'

လမ်းထိပ်က Morning Star Cafe ဆိုင်ထဲသို့ မှင်စာတစ်ယောက် ဝင်လာပြီး နေသွေးကို အပြစ်တင်သလိုပြောရင်း ဝင်ထိုင်၏။

'ဩော်. . မိသက်စုရော ပါလား. . လာ. . ထိုင်လေ'

သက်စုဇော်က ပြုံးစစနှင့်ဝင်ထိုင်ပြီး -

'ဘယ်လိုလဲ. . နေသွေး၊ ငါ့ကို ရောက်ရောက်ချင်း နင့်မမကေက ဇာတ်လမ်းစုံပြောပြလိုက်ပြီ၊ မှင်စာကို ပြောပြတော့ မှင်စာက တောင် မမကေ စားလိုက်လို့ ငသွေး ဂေါက်ပြီး ပြန်လာမအိပ်တာလား မသိဘူးတဲ့၊ ပြောစမ်းပါဦး. . နင် တစ်ညလုံး ဘယ်ပျောက်နေတာလဲ'

'ဘယ်လိုလဲ. . မင်းမမကေပြောတဲ့ ရည်းစားစာ မဟုတ်တဲ့ ရည်းစားစာဆိုတာ ရပြီလား'

နေသွေးက ဘာစကားမှပြန်မပြောဘဲ ရှမ်းခေါက်ဆွဲတွေကိုသာ လိမ့်စားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကတည်းက ဝေါ်ပြတ်နေသည်မသိ။

'မမကေသွယ်ကတောင် နင့်အတွက် ပူနေသေးတယ်၊ နေသွေး. . ရေးမှရေးနိုင်ပါ့မလားတဲ့. . ဝါကလည်း ဘာရမလဲ. . ငါ့သူငယ်ချင်း Roll မကျအောင် အပိုင်ပြန်ပြောပစ်ခဲ့တာပေါ့. . နေသွေးကို အထင်မသေးနဲ့နော်. . နေသွေးက တစ်ခါ တစ်ခါ သူများမထင်တာတွေကို အံ့ဩသွားအောင် ထ, ထလုပ်တတ်တယ်လို့၊ အခုရော. . ဘယ်လိုလဲ'

မှင်စာကတော့ အဝေါ်ကြီးနေသည့် နေသွေးကို အမြင်ကပ်ကပ်ဖြင့် -

'ဟာ. . ငါတို့ကိုလည်း သောက်ဖက်လုပ်ပါဦးဟ. . ဘယ်ကတည်းက ဝေါ်နေလဲ မသိဘူး'

'အဖက်မလုပ်တာ မဟုတ်ပါဘူးကွာ. . တစ်ညနေလုံး တစ်ညလုံး ဘာမှမစားရသေးလို့ အခုမှ အဝတီးနေတာမို့ပါ'

'နေစမ်းပါဦး. . မင်းက ဘာတွေများ အလုပ်ကြီးအကိုင်ကြီးလုပ်နေလို့လဲ'

'ငါ့ဘဝတစ်ခုလုံးနဲ့. . ပြီးတော့ ငါ့သိက္ခာတရားအတွက် တစ်ညလုံး Internet ဆိုင်မှာ မမကေကို ပေးဖို့အတွက် ရည်းစားစာရှာဖွေနေတာလေ. . ညနေတစ်ပိုင်းလုံး E-Literately ထဲက ငါသိချင်တဲ့စာအုပ်စာတန်းတွေ ရှာဖတ်ပြီး Internet ဆိုင်သွားလိုက်တာ အခုပဲဒီဆိုင်ကိုရောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နင် တစ်ညလုံးမအိပ်ဘဲ အငတ်ခံနေတာပေါ့'

နေသွေးက ခေါင်းညိတ်ပြပြီး စားလက်စ ရှမ်းခေါက်ဆွဲကို ဆက်စားနေရာ သက်စုဇော်က -

'အံ့ပါ့ဟယ်'

'ဒါကတော့ ချစ်တာကိုဟ၊ ဒီလောက်တော့ ကြိုးစားရမှာပေါ့'

'ငသွေး . . မင်း ဒါဆိုရင် . . အခု မျက်နှာမသစ် သွားမတိုက် ရသေးဘဲ ဒီမှာ Breakfast လာဆွဲနေတာပေါ့'

'အခုမှ ထလာတာပါဆို . . ဘယ်လိုလုပ် ကိုယ်လက်သန့်စင် ရဦးမှာလဲ'

'ဖွီး . . ရွံစရာကောင်းလိုက်တဲ့ကောင်'

မှင်စာက ရွံ့ရှာစွာဖြင့် ခုံကို တစ်ဖက်တိုးထိုင်လိုက်၏။

မိသက်စုကတော့ ရယ်ဟဟဖြင့် -

'ဒါနဲ့ နေပါဦး . . နေသွေး နင့်မမကေအတွက် ရည်းစားစာ မဟုတ်တဲ့ ရည်းစားစာ ရပြီလား . .'

'မရသေးဘဲနဲ့ ဒီလိုစိတ်ချလက်ချ လာစားနေနိုင်မလားဟဲ့'

'ဒါဆို . . ရပြီပေါ့'

မှင်စာက စိတ်ဝင်တစားမေးလာတော့ နေသွေး ခေါင်းညိတ် ပြဖြစ်၏။

'ငါတို့ကို ပြဦးလေ . . အဟဲ . . ငါတို့လည်း စိတ်ဝင်စားလို့ ကြည့်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားမေးလာသည့် မိသက်စုကို နေသွေးက -

'No..No..ဒါကတော့ top secret ပဲ'

'အမလေး ကြီးကျယ်လိုက်တာ. . မပြချင်လည်း နေပေါ့. . ဟွန်း. .'

'ကဲ. . ငါတော့ စားသောက်ပြီး အဆောင်ပြန်ရေချိုးလိုက်ဦးမယ်. . မမကေကို အချစ်သဝဏ်လွှာလေး သွားဆက်သလိုက်ဦးမယ် . . ငါစားထားတာလေးတွေတော့ မင်းတို့နှစ်ယောက် ကြည့်ရှင်းလိုက်ပေတော့. . ငါတော့ လစ်ပြီ'

'ဟာ. . ဟေ့ကောင် နေသွေး. . ခွေးမျိုး နေဦးလေ'

'နေသွေး. . နင် လူလည်မလုပ်နဲ့နော်. . ပြန်လာခဲ့'

နေသွေးကတော့ အရာအားလုံးကို မသိကျိုးကျွံပြုကာ ထွက်သွားခဲ့လေပြီ။

မှင်စာနှင့် သက်စုဇော်တို့နှစ်ယောက်မှာသာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျန်ခဲ့လေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com



"မ"ရေ…

ကျွန်တော်ဟာ ဘာမှမဟုတ်ပေမယ့်
အချစ်အတွက် သူရဲကောင်းဖြစ်ချင်တယ်…။
အဲဒီ့စိတ်တစ်ခုတည်းနဲ့ပဲ…
ခရီးလမ်းတွေဘယ်လောက်ခက်ခဲကြမ်းတမ်းနေပါစေ…
အချစ်ရဲ့စွမ်းအားနဲ့
ကျော်ဖြတ် အနိုင်ယူပါ့မယ်ဆိုတာ…ယုံ…။ ။



www.burmeseclassic.com

www.burmeseclassic.com

## စာကိုယ် (၉)
## DAY ONE

'မမကေ. . ဒါကျွန်တော့်ရဲ့ပထမဆုံး ရည်းစားစာလေးပါ'

ပန်းနုရောင်စာအိတ်ကလေးတစ်လုံး သူမမျက်စိရှေ့ ကို ပုံပြင်ဆန်ဆန်လေး ရောက်လာတော့. . အံ့ဩစိတ်နှင့် အတူ သူမကြည်နူး သွားမိ၏။

တစ်ဆက်တည်းမှ စာအိတ်ထဲက စာရွက်ကလေးတွင် မှာ နေသေး ဘာတွေများ ရေးလာမလဲ ဆိုတဲ့အတွေးက သူမရင်ခုန်သံ ကိုမြန်လာစေခဲ့၏။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com

## အကိုယ် (၁၀)
## DAY TWO

'မမကေ. . ဒါ ကျွန်တော့်ရဲ့ ဒုတိယမြောက် ရည်းစားစာပါ၊ ပေးခွင့်ရော ရှိသေးလားဟင်'

မမကေမျက်နှာပေါ် မှအပြုံးကြောင့် နေသွေး စိုးရိမ်စိတ်ဝင်သွားမိ၏။

အကယ်၍များ. . မနေ့က ရည်းစားစာကို မမကေ အမိပွာယ် ဖော်တတ်သွားခဲ့ရင် ဒီနေ့အတွက်စာကို နေသွေး ပေးခွင့်မရှိတော့ဘူး မဟုတ်ပါလား။

'လေးစားပါတယ် နေသွေး. . ဒုတိယမြောက် စာကိုလည်း ကျေကျေနပ်နပ်ကြီး လက်ခံပါတယ်'

ဒီတော့မှ နေသွေးတစ်ယောက် စိတ်အေးသွားရ၏။

အမိပွာယ်က မမကေရဲ့ပထမအဆင့် စမ်းသပ်မှုကို အောင်မြင်သွားပြီ ဆိုသည့်သဘောပေါ့။ တစ်နည်းအားဖြင့် မမကေက နေသွေး၏ရည်းစားစာမဟုတ်သည့် ရည်းစားစာကို အမိပွာယ်မဖော်နိုင်ဘူးပေါ့။

နေသွေး အတော်ပျော်သွားမိ၏။ နေသွေးဘဝမှာ သည်လိုစိတ်လှုပ်ရှားရင်ခုန်ဖွယ်ရာအပျော်မျိုး တစ်ကြိမ်မျှ မခံစားဖူးခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပဟေဠိဆန်သော မမရေ. . ကျေးဇူးပါ။

'ဒါဆို. . ရော့. . ဒုတိယမြောက် အချစ်သဝဏ်လွှာ'

'နေပါဦး. . နေသွေးရဲ့. . မမကေကို ပထမ ရည်းစားစာရဲ့ အဓိပ္ပာယ်ကို နားလည်အောင် ရှင်းပြဦးလေ. . ကတိပြုထားတဲ့အထဲမှာ ပါပြီးသားလေ'

'ဟုတ်ကဲ့ပါ. . ဒါပေမယ့် အခုတော့ ရှင်းမပြနိုင်သေးဘူး. . Please! ကျွန်တော့်ဘက်က မမကေကို request လုပ်တာပါ'

'ဘာဖြစ်လို့'

သူမက နားမလည်သလို ပြန်မေးတော့ နေသွေးက

'ဟို. . ဘာမှထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ဟိုကောင်မှင်စာနဲ့ မိသက်စုတို့လေ. . ဒီစာတွေကို အရမ်း စိတ်ဝင်စားနေကြတယ်၊ အခု. . ကျွန်တော်က တစ်ခုမှပြောပြမထားသေးဘူး. . စာ ၃ စောင်လုံး အောင်မြင်မှ မမကေကိုရော သူတို့နှစ်ယောက်ကိုပါ တစ်ခါတည်း ရှင်းပြမယ်လို့ ပြောထားလို့ပါ. . ဘယ်လိုလဲ ဒီလောက်တော့ ဖြစ်တယ်မို့လား'

'အင်းပေါ့လေ. . မမကေတောင် ဒီအဓိပ္ပာယ်တွေကို အရမ်းစိတ်ဝင်စားနေမိသေးတာ၊ သူတို့လည်း သိချင်ကြမှာပေါ့ ဖြစ်ပါတယ်'

'ဒါဆိုရင် မမကေ ကျွန်တော့်ကို ကတိတစ်ခုထပ်ပေးရမယ်'

'ဘာလဲ'

'မမကေကို စာသုံးစောင်လုံး အောင်အောင်မြင်မြင် ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

## စာကိုယ် (၁၁)

မကွေးကွန်ပျူတာတက္ကသိုလ်၏ Canteenတစ်ခုထဲတွင် ဖြစ်သည်။

'ဒီတစ်ခါတော့ နင့်ကို ငါ တကယ်လေးစားသွားပြီ နေသွေး'

'အသားလွတ်ကြီးပါလား မိသက်စုရဲ့'

'နင့်ရဲ့ရည်းစားစာ မဟုတ်တဲ့ ရည်းစားစာတွေလေ. . မမကေသွယ်ဆီကနေ ငါ ညက ကြည့်ခဲ့ရတယ်. . ငါတော့ ဘာမှကို နားမလည်ဘူး. . ဒီလောက် စာတွေဖတ်နေတဲ့ မမကေသွယ်ကိုတောင် နင်က အပီအပြင် အံ့စားထားနိုင်တယ်ဆိုတော့ နင့် Idea ကို ငါ မချီးကျူးဘဲ မနေနိုင်တော့ဘူး'

'ဟုတ်တယ် နေသွေး. . ငါလည်း မင်းကို အထင်မကြီးစဖူးကြီးလာပြီနော်. . ပြီးတော့. . အဲဒီစာတွေရဲ့အဓိပ္ပာယ်ကိုလည်း ငါ. . အရမ်းသိချင်နေပြီကွ'

မှင်စာကပါ နေသွေးကို အံ့သြတကြီးဆိုလာသဖြင့် နေသွေး ပြုံးမိ၏။

ပြီးမှ -



www.burmeseclassic.com

www.burmeseclassic.com



'စောင့်လက်စနဲ့ စောင့်လိုက်ပါဦးကွာ. . မနက်ဖြန်ကျရင် မင်းတို့ သိချင်တဲ့အဖြေကို သိခွင့်ရတော့မှာပါ'

'အောင်မြင်ပါစေ သူငယ်ချင်း'

'နင်တော့ မသိဘူး နေသွေး. . ကြားထဲက ငါတောင် စိတ်ဝင်စားမိပြီး မနက်ဖြန်အတွက် ရင်တွေ ကြိုခုန်နေပြီ'

'ဒါနဲ့ ငသွေး. . မနက်ဖြန်မှ မင်းရဲ့နောက်ဆုံးရည်းစားစာကို မင်းမမကေက အမိပ္ပာယ်မဖော်နိုင်ဘူးဆိုရင် မင်း အဖြေရပြီပေါ့'

သူငယ်ချင်းနှစ်ယောက်က သူ့ကိုယ်စား စိတ်အားထက်သန်စွာ ပြောဆိုဆွေးနွေးနေကြ၏။

'အေး. . စည်းကမ်းချက်တွေအရတော့ ငါ အဖြေရမှာပဲ. . ဒါပေမယ့်. . တပ်အပ်တော့ မပြောနိုင်သေးဘူး. . ငါလည်း မနက်ဖြန်အတွက် စိတ်ဝင်စားနေမိတယ်. . ပြီးတော့. . ရင်ခုန်တယ်'

'နင် အောင်မြင်မယ်လို့ ငါယုံကြည်တယ် နေသွေး'

'ငါလည်း အဲလိုပဲ မျှော်လင့်နေရတာပဲ သက်စုရယ်'

'ဒါနဲ့ ငသွေး. . ဒီနေ့ရော မင်းမမကေကို တတိယမြောက် ရည်းစားစာ ပေးပြီးပြီလား'

မှင်စာအမေးကို နေသွေးကိုယ်စား သက်စုဇော်က ဝင်ဖြေပေး၏။

'မပေးရသေးဘဲနဲ့ ကျောင်းကို ဒီကောင် လာမလားပဲ့. . ဒင်းက ဒါမျိုးဆို ဝီရိယက ကောင်းပြီးသား'



www.burmeseclassic.com

www.burmeseclassic.com



သူမအဆို မမှားပါ။ နေသွေးတစ်ယောက် မမကေကို သူ့ရဲ့ နောက်ဆုံး (သို့) တတိယမြောက်ဖြစ်သည့် 'ရည်းစားစာ မဟုတ်သည့် ရည်းစားစာ'ကို ကျောင်းမလာခင်ကတည်းက ပေးခဲ့ပြီးဖြစ်၏။

မမကေတစ်ယောက် ရည်းစားစာနှစ်စောင်လုံးကို အမှိုက်ပုံးထဲ မဖော်တတ်ပေ။

အခု နောက်ဆုံးသော စမ်းသပ်မှုအဆင့်ဖြစ်သည့် စာကိုတော့ မမကေလက်ထဲကို ဆက်သခဲ့ပြီးဖြစ်သည်။ မမကေ ဖြေနိုင် မဖြေနိုင် ဆိုသည်ကိုတော့ မြတ်ဘုရားပဲ သိတော်မူပါလိမ့်မည်။

♦



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍
မမကေ နေသွေးရဲ့နောက်ဆုံးစာကို အဓိပ္ပာယ်မဖော်နိုင်ခဲ့ရင်. . .
နေသွေး အမှန်တကယ် ချစ်အဖြေရမည်လား?
အကယ်၍များ
နေသွေးရဲ့တတိယမြောက်စာကို မမကေများ အဓိပ္ပာယ်ဖော်နိုင်ခဲ့ရင်. . .
နေသွေးကို မမကေ မည်သို့တုံ့ပြန်လေမည်နည်း?

* ပရိသတ်များ မည်သို့မှတ်ချက်ပေးလိုပါသနည်း။

မမကေ အဓိပ္ပာယ်ဖော်နိုင်လား? (သို့) အဓိပ္ပာယ်မဖော်နိုင်လား?

* မိမိထင်မြင်ရာကို ကျေးဇူးပြု၍ အဖြေလေးတစ်ခုလောက် ဆန္ဒပြုပေးပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

## စာကိုယ် (၁၂)

## DAY THREE

ထုံးစံအတိုင်း နေသွေး၏ပန်းနုရောင်စာအိတ်ကလေးကို ဖွင့်ဖောက်လိုက်ပြီး အထဲမှ A - 4 စာရွက်အခေါက်ကလေးကို ဖွင့်ဖတ်လိုက်၏။

နေသွေး၏ထုံးစံအတိုင်း သူမစိတ်ကို ဖမ်းစားသွားခဲ့ပြန်၏။ ထိုစာရွက်ကလေးထဲမှာ ကွန်ပျူတာဖြင့် သပ်သပ်ရပ်ရပ် ပြုလုပ်ထားသော အောက်ပါပဟေဠိဆန်လှသည့် စကားလုံးအက္ခရာအပိုင်းအစတွေကို နားမလည်နိုင်စွာ တွေ့လိုက်ရလေတော့၏။

# ငူသလနုပသက

ဆောင်းညပြာ သီစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကလေးကို စိုက်ကြည့်ပြီး သူမ သက်ပြင်းဖွဖွ တစ်ချက်ချမိ၏။

နေသွေး၏အပင်ပန်းခံကြိုးစားမှုကိုလည်း သူမ အသိအမှတ်ပြုမိသလို အံ့ဩချီးကျူးနေခဲ့မိ၏။

သူများတွေ မတွေးတတ်သည့် ရှုထောင့်ပေါင်းစုံမှ တွေးခေါ်တတ်သူဟုလည်း မှတ်ချက်ပေးနေမိသည်။

'ဩော်. . နေသွေးရယ်. . မင်း မမကို အဲလောက်ထိတောင် ချစ်ရသလားကွယ်. . ဒါပေမယ့်. . အရမ်းချစ်တတ်တာ မင်းအတွက် မကောင်းဘူးကွဲ့. . သိပ်ချစ်မိရင် သိပ်ခံစားရတတ်တယ်ဆိုတာ မင်း မသိဘူးလား. . သိရဲ့လား ကောင်လေးရယ်. . မင်းကြောင့် ဒီမှာ ဆုံးဖြတ်ရခက်နေရပြီကွယ်. . '

သူမ အတွေးပေါင်းစုံနှင့် သက်ပြင်းချမိပြန်သည်။

မနက်ဖြန်အတွက် သူမ စိတ်လှုပ်ရှားနေမိတာလည်း အမှန်ပင် ဖြစ်သည်။

သူမ ဒီပြဿနာကို ဘယ်လိုအဖြေရှာပြီး အကောင်းဆုံးကိုင်တွယ်ဆုံးဖြတ်ရမလဲဆိုတာကိုသာ ဦးစားပေး တွေးတောကြည့်လိုက်သည်။

ထို့ကြောင့် နေသွေး၏တတိယမြောက်ရည်းစားစာကို နောက်တစ်ကြိမ် သေသေချာချာထပ်ကြည့်လိုက်မိ၏။

ထို့နောက် အတွေးတစ်ခု (သို့) အဖြေတစ်ခုရသွားဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အားရဝမ်းသာစွာ လက်ဖျောက်တစ်ချက် ထ,တီးလိုက်ပြီး သူမခေါင်းရင်းမှ သူမ၏ကိုယ်ပိုင်စာအုပ်စင်လေးထဲက မြောက်များလှစွာသော စာအုပ်တွေထဲက စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်၏။

'ဖျောက်! ဟာ. . ဟုတ်ပြီ'

ပြီးနောက်. . .

သူမမျက်နှာပေါ်မှ နွေဦးဆန်သောအပြုံးတစ်ပွင့်. . ကသောကမျော ပြေးဆင်းသွားခဲ့လေတော့၏။

♦



www.burmeseclassic.com

www.burmeseclassic.com



## RESULT'S DAY

ဒီနေ့. . .

ဒီကနေ့ဟာ. . အားလုံး စိတ်ဝင်စားကြီးစွာ. . စိတ်လှုပ်ရှားစွာ စောင့်မျှော်နေခဲ့ရသောနေ့တစ်နေ့ ဖြစ်၏။

ထိုနေ့သည် ရာသီဥတု အထူးကြည်လင်လှသော တနင်္ဂနွေနေ့၏ညနေစောင်းတစ်ခုအဖြစ် သန့်ရှင်းလတ်ဆတ်စွာ ဖန်ဆင်းထား၏။ ကန်ဘောင်ပေါ်မှအကြော်ဆိုင်များတွင် ကျောင်းသားကျောင်းသူဟု ယူဆရသော လူငယ်လူရွယ်အတော်များများကို သွက်လက်တက်ကြွစွာ တွေ့မြင်နေရ၏။

ထိုလူငယ်လေးများထဲတွင် သူတို့ ငါးယောက်အုပ်စုလည်း အပါအဝင်ပင် ဖြစ်သည်။

ထို. . လူ ငါးယောက်မှာ. .

နေသွေး၊ မမကေ၊ မှင်စာ၊ သက်စုဇော်နှင့် သူ၏ချစ်သူကြည်စင်ဦးတို့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားလှစွာပင် စိတ်ဝင်တစား စိတ်လှုပ်ရှားမှုတွေကြောင့် အားလုံး၏မျက်နှာတွေက ပကတိလေးနက်တည်ငြိမ်နေကြ၏။

ကာယကံရှင်တွေဖြစ်ကြသည့် နေသွေးနှင့် မမကေတို့က အကြော်တစ်ခုစီ ကောက်စားနေကြ၏။ နေသွေးကတော့ 'အဖြေ ရတော့မည်'ဆိုသည့်အတွေးဖြင့် အနည်းငယ် တက်ကြွနေပုံရ၏။

ထိုစကားဝိုင်းလေး၏ တိတ်ဆိတ်ငြိမ်သက်မှုကို စတင် ဖြိုခွဲသူကတော့ အလွန်အမင်း သိချင်စိတ်ပြင်းပြနေပုံရသည့် မှင်စာပင် ဖြစ်သည်။

'ကဲ. . နေသွေး၊ မေးစရာရှိတာမေး. . လုပ်စရာရှိတာ လုပ်တော့လေကွာ'

စကားအဆုံး. . နေသွေးနှင့်မမကေ မျက်ဝန်းချင်း ချိတ်မိကြ၏။ မမကေက အပြုံးတစ်ပွင့်ဖြင့် တုံ့ပြန်၏။

မမကေအပြုံးက တစ်ခုခုကို လျှောင်ပြောင်နေသည့် အပြုံးမျိုး။(နေသွေး၏အထင်သာ)တို့ကြောင့် နေသွေးတစ်စုံတစ်ခုကို တွေးပြီး စိုးရိမ်သွားမိ၏။

မမကေ ပြုံးလျှင် လှပါသည်။ ဒီကနေ့အပြုံးက ခံစားချက်တစ်ခုခုကြောင့် ပိုမိုအသက်ဝင်နေသလိုရှိ၏။

ရုတ်တရက်ဖြတ်တိုက်သွားသည့် လေပြည်လေညင်းတစ်ခု၏ ခြေဆော့လက်ဆော့ရှိမှုကြောင့် လွင့်ဝဲကျသွားတဲ့ ဆံနွယ်စတွေကို မမကေတစ်ယောက် ကပိုကရိုသပ်တင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေနှင့်အတူ လွင့်ပါလာသည့် မမကေ၏ ကိုယ်သင်းရနံ့တစ်ခုက နေသွေးစိတ်ကို နှိုးကြွားလာစေ၏။

'မမကေ'

'ပြောလေ နေသွေး'

'မမကေ. . ကျွန်တော့်ရဲ့ရည်းစားစာ သုံးစောင်လုံး ဘာသာမပြန်တတ်ခဲ့ပါဘူးနော်'

စိုးရိမ်စိတ်ကြောင့် နေသွေးစကားသံ အဆုံးသတ်စကားလုံးတွေက အနည်းငယ် အဖျားခတ် တုန်ခါနေ၏။ နေသွေးအပါအဝင် သူငယ်ချင်းအားလုံးကတော့ မမကေနှုတ်ဖျားက ထွက်ကျလာမည့် စကားတွေကို ငြိမ်သက်စွာ နားစွင့်ထားကြ၏။

သက်ပြင်းချသံတစ်ခုနှင့်အတူ မမကေက ထုံးစံအတိုင်း သူ့ရဲ့ အမိပ္ပာယ်ဖော်ရခက်တဲ့ အပြုံးတစ်ပွင့်ကို ဖန်ဆင်းကျဲချလိုက်၏။

ပြီးမှ -

'Congratulation ပါ နေသွေး. . လေးစားပါတယ်'ဟု ပြုံးစစနှင့် ပြောလာခဲ့၏။

'Yes!'

မမကေ စကားအဆုံးမှာ နေသွေးတို့တစ်ဖွဲ့လုံး ဆူညံပွက်လောရိုက်သွားသဖြင့် တခြားစားပွဲဝိုင်းကသူတွေပင် သူတို့ဝိုင်းကို 'ဘာလဲဟ'ဆိုသည့်သဘောနှင့် လှည့်ကြည့် လှည့်ကြည့်လုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲပေါ့ နေသွေးရ၊ မင်းတော့ မသိဘူး. . ငါတော့ ဘေး အနေ မဆီမဆိုင်ပျော်တယ်ကွ'

'ငါပြောသားပဲ. . နင်လုပ်နိုင်မှာပါလို့ အဟဲ. .'

သက်စုချစ်သူ ကြည်စင်ဦးကပါ. .

'အခုတော့ ငါ့ကောင်ကြီး လိုင်စင်ရတော့မယ်ပေါ့'ဟု ဝမ်း သာစကားဆိုလာ၏။

'ကဲ. . မမကေ၊ ကျွန်တော့်ကို. .'

'ဟိုးထား. . သိပ်ဆန္ဒမစောနဲ့ဦးလေ၊ စည်းမျဉ်းတွေထဲမှာ မမကေ နားလည်လက်ခံအောင် အဓိပ္ပာယ်ဖော် ပြန်ရှင်းပြရမယ်လို့ ပါတယ်လေ'

'ဟုတ်တယ်. . မမကေကို နင်ရှင်းပြရဦးမှာလေ. . အဟဲ. . ငါတို့လည်း အဲဒီ့အဖြေကို သိချင်လှပြီ'

မိသက်စုကပါ အားတက်သရော ဝင်ပြောတော့ ဆန္ဒတွေ စောမိသွားသည့် ကိုယ့်ကိုယ်ကို သဘောတကျပြန်ပြုံးနေမိ၏။

'ဩော်. . ဒါလား. . ဟောဒီ့လွယ်အိတ်ထဲမှာ အဲ့ဒီရည်းစား စာ သုံးစောင်လုံးအတွက် အဖြေက အဆင်သင့်ပါပြီးသားပါ'

မှင်စာက စိတ်မရှည်နိုင်စွာ ဝင်ပြော၏။

'ဒါဆိုလည်း မြန်မြန်ရှင်းပြတော့လေကွာ'

'ကဲ. . ဟုတ်ပါပြီ၊ မမကေ ကျွန်တော် ရှင်းပြတော့မယ်နော်' မမကေက ခေါင်းညိတ်ပြတော့ နေသွေး ချောင်းကာချက်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြီး အောက်ပါအတိုင်း ရှည်လျားထွေပြားစွာ ရှင်းပြလေတော့၏
အားလုံးကလည်း စိတ်ဝင်စားစွာ ငြိမ်သက်နားထောင်နေပါ၏။

'အဟမ်း. . ကျွန်တော့်ရဲ့ ပထမဆုံး ရည်းစားစာကို အီဂျ
လူမျိုးတွေရဲ့ရှေးဟောင်းအရုပ်စာရေးသားနည်းနဲ့ အချစ်ကို အလေး
နက်ဆုံး အဓိပ္ပာယ်အပြည့်ဝဆုံးဖြစ်အောင် စာတစ်ကြောင်းတည်းနဲ
ဖော်ကျူး ရေးသားလိုက်တာပါ. . ရှေးပညာရှိ သုတေသီကြီးတွေ
သုံးသပ်ချက်အရ ဒီအရုပ်စာရေးနည်းမှာ အင်္ဂလိပ်အက္ခရာတွေလို
အက္ခရာ ၂၆ လုံး ရှိတယ်။ (COREALPHABET) မြန်မာလို 'ဗ
မဏ္ဍိုင်အက္ခရာများ'လို့လည်း ခေါ်လို့ ရတယ်။ ရှေးဟောင်း အီဂျ
ရိုးရာဒဏ္ဍာရီတွေထဲမှာ. . . ကောင်းကင်ဘုံက နတ်ဒေဝတာတွေ
လူ့ပြည်က လူသားတစ်ဦးနဲ့တစ်ဦး ဆက်သွယ်စကားပြောလို့ အဆင်
ပြေအောင် ဖန်တီးတီထွင်ပေးခဲ့တယ်လို့လည်း အဆိုရှိခဲ့ဖူးတယ်. .
(HIEROGIYPHS) 'ဟီရိုကလိုက်'အရေးအသားလို့လည်း ခေါ်လို့
ရတယ်၊ အဲဒီအရုပ်စာသင်္ကေတအရေးအသားကို အင်္ဂလိပ်အက္ခရာ
တွေနဲ့ ဖလှယ်ပြီး လူနာမည်တွေ၊ သမိုင်းအကြောင်းအရာတွေကို ဘာ
သာပြန်ဖတ်နိုင်တဲ့ အခြေအနေကို တဖြည်းဖြည်းနဲ့ တိုးတက်ရောက်
ရှိလာခဲ့တာပဲ. . အီဂျစ်နိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသ
ကို လွှမ်းမိုးနိုင်ခဲ့ ဩဇာသက်ရောက်ခဲ့တဲ့ 'Alexander the Great
ရဲ့အမည်ကို ဘီစီ ၃၃၁ ဝန်းကျင်မှာ အီဂျစ်သင်္ကေတရေးသားမှု
အရုပ်စာရေးနည်းနဲ့ ပုံဖော်ရေးသားထားတာကိုတွေ့ခဲ့တယ်လို့လည်



www.burmeseclassic.com

www.burmeseclassic.com



သုတေသီတွေက ပြောတယ်. . ပြီးတော့. . ဒီအရုပ်စာရေးနည်းက အီဂျစ်ရိုးရာအက္ခရာဗေဒင်ပညာနဲ့လည်း တိုက်ရိုက်ဆက်နွယ်နေတယ် . . အင်္ဂလိပ်စာတစ်လုံးချင်းမှာ အီဂျစ်အရုပ်ရေးနည်းက အရုပ်တစ်ခုစီနဲ့ အဓိပ္ပာယ်ဖော်ပြီး အီဂျစ်အက္ခရာဗေဒင်အယူအဆနဲ့ပေါင်းဖက်ပြီး ကျွန်တော်က မမကေကို ပထမဆုံးရည်းစားစာ မဟုတ်တဲ့ ရည်းစားစာကို ပေးလိုက်တာပါပဲ'

နေသွေးက ပြောပြီး မောသွားဟန်ဖြင့် ရေသန့်ဗူးတစ်ဗူးထဲမှ ရေကို ဖန်ခွက်တစ်ခွက်ထဲသို့ အပြည့်ငှဲ့ပြီး မော့သောက်လိုက်၏။ ပြီး. . လွယ်အိတ်ထဲက စာရွက်တစ်ရွက်ကိုနှိုက်ပြီး စားပွဲပေါ်သို့ အားလုံးမြင်သာအောင် ချပြလိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## Result of The First Letter



I L O V E Y O U



www.burmeseclassic.com

www.burmeseclassic.com



'ဪ. . အရုပ်တွေရဲ့အဖြေက ဒီလိုကိုး၊ goodတယ်ကွာ'

'အေး. . အဓိပ္ပာယ်ကတော့ အဲဒါပဲ. . ဟဲဟဲ. . ဘယ်လိုလဲ မမကေ. . ကျွန်တော် ရှင်းပြတာကို လက်ခံပါတယ်နော်'

မမကေက ပြုံးစစဖြင့် -

'ဒီလောက် ကြိုးစားရှာဖွေထားမှတော့. . မမကေ လက်ခံရတော့မှာပေါ့'

နေသွေးတစ်ယောက် သူ့တီထွင်ကြိုးစားမှုက အောင်မြင်မှုအတွက် အတော်ကျေနပ်ဂုဏ်ယူမိပြီး ပြုံးနေမိ၏။

'ကဲ. . ကိုယ်တော်ချော. . ပြုံးပြုံးကြီးလုပ်မနေနဲ့. . နောက်ထပ် ဒုတိယစာအတွက် ရှင်းတော့လေဟာ. . ငါ အရမ်းသိချင်နေပြီ'

'လာမှာပေါ့ သက်စုမရယ်. . ဖြည်းဖြည်းပေါ့'

မမကေကတော့ ရွှင်လန်းတက်ကြွနေသည့် နေသွေးမျက်နှာလေးကိုငေးကြည့်နေ၏။

နေသွေးကတော့ သူ့လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူနေသည်။ မှင်စာ၊ သက်စုနှင့် ကြည်စင်ဦးတို့ကတော့ နေသွေးလွယ်အိတ်ထဲကအရာကို သိချင်စိတ်ဖြင့် အာရုံစိုက်နေကြ၏။

နေသွေးလက်ထဲတွင် စာရွက်တစ်ရွက်ပါလာပြန်သည်။ ထိုစာရွက်ကို အားလုံးမြင်သာအောင် ဒုတိယအကြိမ်မြောက် စားပွဲပေါ်သို့ ချပြလိုက်ပြန်၏။

◆




www.burmeseclassic.com

www.burmeseclassic.com



## Result of The Second Letter



1000+100+100+100+100+100+5(100)+10+10+1+1+1+1+1+1+1+1 = 2028



www.burmeseclassic.com

www.burmeseclassic.com



'ငသွေး. . သေချာသဘောပေါက်အောင် ပြောဦးလေကွာ'

'ပြောမှာပေါ့ မှင်စာရ ဘယ်လိုဖြစ်နေတာလဲ၊ အဟဲ. . မမကေ ကျွန်တော့်ရဲ့ဒုတိယမြောက်ရည်းစားစာကို ရှင်းတော့မယ်နော်'

သူမက ဖွဖွကလေးပြုံးပြရင်း ခေါင်းညိတ်ပြ၏။

'အဲ. . ဒီစာက သင်္ကေတတွေက အရေးပါလာပြီ၊ သင်္ကေတတွေကိုလိုက်ပြီး ကိန်းဂဏန်းတန်ဖိုးတွေ ကွာခြားစေတယ်. . မမကေ စဉ်းစားရလွယ်အောင် ကျွန်တော် ဖန်တီးပြီး ထည့်ထားတာပါ'

သက်စုဇော်က စားပွဲပေါ်မှစာရွက်ကလေးကို အနီးကပ် ဆွဲကြည့်လိုက်၏။

'ဒီဒုတိယမြောက်စာကလည်း အီဂျစ်လူမျိုးတွေရဲ့ရှေးအကျဆုံးဂဏန်းသတ်မှတ်ချက်သင်္ကေတတွေကို အသုံးပြုပြီး ကျွန်တော်ရေးခဲ့တာပါ မမကေ. . ကမ္ဘာပေါ်မှာ သင်္ချာအတတ်ပညာကို ပထမဆုံးတတ်သိခဲ့တာ အီဂျစ်လူမျိုးတွေပဲ. . လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀၀ကျော် (ခရစ်တော်မပေါ်မီ BC 4500)လောက်က အီဂျစ်တွေပေါ့. . တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက်ရှိကြောင်းကို ပထမဆုံးသိခဲ့တဲ့သူတွေကလည်း ထူးခြားဆန်းကြယ်ပြီး နက်နဲခက်ခဲလှတဲ့ သင်္ချာအတတ်ပညာကို ကျွမ်းကျင်စွာတတ်မြောက်ခဲ့တဲ့ အီဂျစ်လူမျိုးတွေပါပဲ. . ဒါပေမယ့် အီဂျစ်တွေရဲ့ဂဏန်းသင်္ချာမှာ ကုဋေအတွက် သတ်မှတ်ချက် ဂဏန်းသင်္ကေတ မရှိဘူး. . ဒါကတော့ သူတို့ရဲ့ချွင်းချက်ပေါ့. . ဒီမှာကြည့်'

နေသွေးက လွယ်အိတ်ထဲမှ နောက်ထပ် စာရွက်တစ်ရွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီး အားလုံးနားလည်လွယ်အောင် ရှင်းပြနေ၏။

နေသွေး ထုတ်ပြသောစာရွက်

အီဂျစ်သုံး ဂဏန်းသင်္ကေတများနှင့် အယူအဆများဇယား

| အီဂျစ် သင်္ကေတ | အင်္ဂလိပ် သင်္ကေတ | မြန်မာ သင်္ကေတ | အင်္ဂလိပ် အယူအဆ | မြန်မာ အယူအဆ |
|---|---|---|---|---|
|  | 1 | ၁ | Stroke line | တုတ်ချောင်းပုံ |
|  | 10 | ၁၀ | Cattle hobble | မျဉ်းကွေး(သို့) မြန်မာအက္ခရာ (ဂ)ငယ်ပုံ |
|  | 100 | ၁၀၀ | Piece of Rope | ကြိုးခွေ(သို့)ခရုပတ်ပုံ |
|  | 1,000 | ၁,၀၀၀ | Lotus Flower | ပန်းတစ်ပွင့်၏ ရိုးတန်ပုံ |
|  | 10,000 | ၁၀,၀၀၀ | Human Finger | လူသားတို့၏ လက်ချောင်းပုံ |
|  | 100,000 | ၁၀၀,၀၀၀ | Tadpole Pollywog | ငါးတစ်ပိုင်းဖားတစ်ပိုင်း(သို့) ဖားလောင်းပုံ |
|  | 1,000,000 | ၁,၀၀၀,၀၀၀ | A God Holding Up The Sky | နတ်ဆရာမှ မိုးကောင်းကင်ကို ပူဇော်ပသနေပုံ(သို့)မိုးကောင်းကင်ကို ပင့်မြှောက်ထားပုံ |



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ - ၂၀၁၀ ဟူသော ကိန်းဂဏန်းကို အီဂျစ်ဂဏန်းသင်္ချာသင်္ကေတဖြင့် အောက်ပါအတိုင်း ရေးသားရသည်။

၂၀၁၀ =  = 2010
(မြန်မာ) (အီဂျစ်) အင်္ဂလိပ်

'ငါ နည်းနည်းတော့ သဘောပေါက်သွားပြီ . . ဒါပေမယ့် . . အရောင်တွေရဲ့ကိန်းဂဏန်း အနိမ့်အမြင့်ကိုတော့ . . သိပ်မရှင်းသေးဘူး'

မမကေကတော့ ငြိမ်သက်စွာ နားထောင်နေပါ၏။

'ဒါကတော့ ငါ့ဘာသာ ထပ်ကွန့်ထားတာလေ . . သက်စုရဲ့၊ 'ထောင်'ဂဏန်းဖြစ်တဲ့ သင်္ကေတကို ငါတို့မြန်မာပြည်မှာသုံးတဲ့ တစ်ထောင်တန်ငွေစက္ကူအရောင် အစိမ်းရင့်ရောင် ချယ်ပေးပြီး 'ရာ'ဂဏန်းသင်္ကေတကို အနီရောင်၊ 'ဆယ်'ဂဏန်းသင်္ကေတကို ခရမ်းရောင် . . ပြီးတော့ . . 'ခု'ဂဏန်းသင်္ကေတကို အပြာဖျော့ဖျော့အရောင် သုံးပေးထားတာ စဉ်းစားရပိုလွယ်ကူသွားအောင်ပေါ့'

'ဩော် . . ဒီလိုလား၊ ဒါဆို ဒီစာရဲ့အဓိပ္ပာယ်က . .'

မှင်စာက မေးပြန်၏။ ဒါကို မိသက်စုက ဝင်ဖြေပေးလိုက်သည်။

'အဖြေက ရှင်းနေပြီလေ ဝတ်္ထုံးရဲ့၊ ၁၅၀၀ ဆိုတဲ့ ကိန်းဂဏန်း



www.burmeseclassic.com

www.burmeseclassic.com



က အချစ်ကို ကိုယ်စားပြုပြီး ၅၂၈က အမေလို အစ်မလို မောင်ချစ်နှမချစ်သံယောဇဉ်ကို ကိုယ်စားပြုထားတာလေ. .'

'ဒီကောင်ရေးထားတဲ့အဖြေက ၂၀၂၈ကြီးလေ သက်စုရဲ့'

'နင်ဟာလေ. . တော်တော်ဒုန်းဝေးတဲ့အကောင်. . လူကြီးကြီးပြီး ဦးနှောက် လုံးဝမရှိတဲ့အကောင်. . အဲဒါကြောင့်လည်း အခုထိ နင့်ကိုကြိုက်မယ့်သူ မရှိတာ. . နေသွေးရဲ့ဆိုလိုရင်းက မမကေကို ထောင့်ငါးရာကိုလေသာအချစ်ရော. . ငါးရာနှစ်ဆယ့်ရှစ် မောင်နှမလိုရော. . ပေါင်းပြီးချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဟဲ့'

အဲသလိုပိုးစိုးပက်စက်အပြောခံလိုက်ရမှ မှင်စာတစ်ယောက် သဘောပေါက်သွားပြီး မျက်နှာကြီးပြုံးဖြီးလာခဲ့၏။

'အေးဟ. . ဒီလိုဆိုတော့လည်း အဟုတ်သား. . . နေသွေးက တကယ့်ပါရမီရှင် ဉာဏ်ကြီးရှင်ပဲ'

နေသွေးကတော့ ဘာစကားမှထပ်မဆိုတော့ဘဲ မမကေကိုပဲ စိုက်ကြည့်နေ၏။

'ဟိတ်. . ဘာတွေကြည့်နေတာလဲ'

'မမကေ. . အရမ်းလှတယ်'

'အို. . အလကား. . ကဲ. . ဆက်ပြောပြပါ. . တတိယစာ အကြောင်းကို'

မမကေ ရှက်ရမ်းရမ်းနေပုံရ၏။ နောက်စာကိုသာ အတင်း ရှင်းခိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို. . ဒီဒုတိယမြောက်စာကိုလည်း လက်ခံလိုက်ပြီပေါ့'

'အင်း. .'

သူမအဖြေအဆုံးမှာ နေသွေး ပြုံးနေမိသည်။ သူ့အတွက် ၇၀% အောင်မြင်နေပြီ မဟုတ်ပါလား။

'နေသွေး. . တစ်လက်စတည်း နောက်ဆုံးစာကို ရှင်းလိုက်တော့လေ'

'သက်စုပြောတာ မှန်တယ်. . မြန်မြန်ပြောပြတော့ နေသွေး'

'နေကြစမ်းပါဦး. . ဒီအဖြေကို မမကော မသိတာတော့ ထားပါ. . မင်းတို့နှစ်ယောက်ကတော့ သိကို သိသင့်တယ်. . ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားတွေဖြစ်ပြီးတော့များ. .'

နေသွေးအဆိုကြောင့် မှင်စာနှင့်သက်စု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တတိယမြောက်ရည်းစားစာကို ဖတ်ကြည့်လိုက်ပြန်သည်။ နောက်. . နှစ်ယောက်သား ခေါင်းတရမ်းရမ်းဖြင့် -

'နင်ပြောလည်း ခံရမှာပဲ. . ငါကတော့ အဲဒီလောက် ခေါင်းအစားမခံနိုင်ဘူး'

'ဟုတ်ပါ့. . ဘာတွေရေးထားမှန်းလည်း မသိဘူး၊ Cလိုလို အင်္ဂလိပ်အက္ခရာ C လိုလို၊ လူခြေနှစ်ချောင်းလိုလိုဟာလည်း ပါသေးတယ်. . သ, လ, န, ပ, သ, က. . ဟာ. . ဘာတွေမှန်းလဲ မသိဘူး'

နေသွေးက မယုံကြည်သလို သေချာသွားအောင် ထပ်မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့နှစ်ယောက်လုံး ဒါကို မသိဘူး. . ဟုတ်လား'

'အေး. .'

'ဟာ. . အံ့ပါ့ကွာ၊ ငါ့စာသုံးစောင်ထဲမှာ အဲဒီ့စာက အလွယ်ကူဆုံးစာပဲ'

'ဘာဖြစ်လို့. .'

'ဘာဖြစ်ရမလဲ မှင်စာရဲ့. . အဲဒီ့စာက ငါ ကြံရာမရတော့လို့ မျက်စိစုံမှိတ်ပြီး လုပ်လိုက်တဲ့အကွက်ပဲ. . တကယ်ဆို အဲဒါက. . အဲ. . မမကေ ကျွန်တော် တတိယစာအတွက် အဖြေပြောလိုက်တော့မယ်နော်'

မှင်စာကို ပြောနေရာမှ မမကေကို နေသွေးက အသိပေးလိုက်သေး၏။ ခွင့်ပြုချက်ရတော့မှ ဆက်ပြောပြ၏။

'အဲ့ဒီစာတွေက အင်္ဂလိပ်လို I Love You ဆိုတဲ့စာလုံးတွေကို ကွန်ပျူတာထဲမှာ မြန်မာFont နဲ့ ရိုက်ထားတာတွေလေ. . မယုံရင် ဒီမှာကြည့်'

နေသွေးက ပြောပြောဆိုဆိုဖြင့် လွယ်အိတ်ထဲက စာရွက်တစ်ရွက်ကို ဆွဲထုတ်ပြလိုက်၏။

| The Last Result |
|---|
| With Myanmar Font |
| င ူ သ လ န ပ သ က |
| With English Font - I L O V E Y O U |

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စာရွက်ကို ဆွဲယူကြည့်ပြီးမှ -

'အေး. . ဟုတ်တယ်ဟ'

'အဲဒါကြောင့် ဒီစကားလုံးတွေကို ငါရင်းနှီးပါတယ်လို့ တွေး နေတာ'

'အယ်. . အခုမှ၊ ဘွဲ့ရပြီးမှာပါ ကွန်ပျူတာတက္ကသိုလ်ကနေ'

နေသွေးက ရွှဲ့သလို ခနဲ့သလို ပြောလိုက်တော့ အားလုံးပွဲ ကျသွားကြ၏။ မမကေကတော့ နွေဦးဆန်ဆန်ပင် ရယ်နေပါ၏။

ပြီးမှ -

'တကယ်ကို မမကေ ချီးကျူးပါတယ် နေသွေး. . မမကေရဲ့ စမ်းသပ်မှုကို နေသွေး အမှတ်ပြည့်အောင်မြင်သွားပါပြီ'

'ဟေး'

'ဒါမှ ငါ့ကောင်ကြီးကွ'

သူငယ်ချင်းအားလုံး နေသွေးကိုယ်စား ပျော်မြူးနေကြ၏။ နေသွေးလည်း အတိုင်းမသိပျော်ရွှင်နေ၏။

'ဒါဆို. . မမကေ. . ကျွန်တော့်ကို ချစ်. .'

'ဘယ်သူက ပြောသေးလို့လဲ နေသွေးရဲ့'

သူမ၏ ရုတ်တရက်ထွက်ပေါ်လာတဲ့ စကားသံကြောင့်. . အစောက အသံတွေ ရုတ်ကနဲ တိတ်ဆိတ်သွားပြီး အားလုံးရဲ့ မျက်လုံး တွေကလည်း နားမလည်နိုင်စွာဖြင့် မမကေကို ဝိုင်းကြည့်နေကြသည်။ သူမကတော့ ထုံးစံအတိုင်း နွေဦးဆန်စွာ ပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မမကေပဲ ကတိပေးထားတယ်လေ. . ကျွန်တော် အောင်မြင်ခဲ့ရင် သူငယ်ချင်းတွေရှေ့မှာ အဖြေပေးမှာဆို. .'

'ဘယ်သူကရော အဖြေမပေးဘူးပြောနေလို့လဲ'

'ဒါဆို. .'

'ဒါ မဆိုနဲ့ဦး. . မမကေက နေသွေးကို အဖြေပေးမယ်လို့ပဲ ကတိပြုထားတာလေ. . ချစ်ပါတယ်. . မုန်းပါတယ်လို့ အာမခံချက်ပေး မထားဘူးလေ'

'မမကေ. . အကြီးဖြစ်ပြီး ကျွန်တော့်ကို မညစ်ပတ်နဲ့နော်'

နေသွေး၏ ကလေးဆန်ဆန်အပြောကြောင့် သူမ တစ်ချက် ပြုံးလိုက်မိ၏။

'မညစ်ပတ်ပါဘူး နေသွေးရယ်. . ဒါပေမယ့် မမကေကို နေသွေး အုံးစားခိုင်းခဲ့သလို. . မမကေကလည်း နေသွေးကို တိုက်ရိုက် အဖြေမပေးဘဲ ပုံပြင်လေးတစ်ပုဒ်ပြောပြပြီး အဖြေပေးမယ်၊ နေသွေး က ဉာဏ်ကောင်းတာပဲ. . မမကေရဲ့အဖြေကို ရှာနိုင်မှာပါ. . ဉာဏ် စမ်းပဟေဠိသဘောလေးပေါ့. . ဘယ်လိုလဲ မကောင်းဘူးလား'

'မကောင်းပါဘူး. . မမကေကို ကျွန်တော် တမင်အုံးစားခိုင်း တာမှမဟုတ်တာ. . မမကေ စတဲ့ဇာတ်လမ်းပဲဟာကို'

နှုတ်ခမ်းစူပြီး ကလေးတစ်ယောက် မုန့်မရလို့ တဂျီဂျီပူဆာ နေသည့်ပုံပေါက်နေသည့် နေသွေးကို ကြည့်ပြီး တစ်ဖွဲ့လုံးပြုံးမိကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တစ်ချိန်လုံး စိတ်ဝင်တစား ငြိမ်သက်စွာ နားထောင်နေသည့် မိသက်စုရဲ့ချစ်သူ ကြည်စင်ဦးက -

'ဒီအခြေအနေထိ ရောက်လာပြီးမှတော့ လက်ခံလိုက်စမ်းပါ နေသွေးရာ၊ ဒါမှလည်း မျှတသွားမှာပေါ့ကွ၊ မိန်းကလေးတစ်ယောက်ဆီက တန်ဖိုးရှိတဲ့ အဖြေတစ်ခုကို ရဖို့အတွက် ဒီလောက်တော့ ကြိုးစားရမှာပေါ့. . ဆင်ပြောင်ကြီး အမြီးရောက်မှ တစ်မနေစမ်းပါနဲ့. . ဒါနဲ့ မင်းလွယ်အိတ်ထဲက ထွက်နေတဲ့ စာရွက်တွေက ဘာတွေလဲ'

နေသွေးက သူ့လွယ်အိတ်ထဲမှ တစွန်းတစထွက်နေတဲ့ စာရွက်တွေကို ဆွဲထုတ်လိုက်ပြီး

'ဪ. . ဘာမှမဟုတ်ပါဘူးဗျာ၊ အင်္ဂလိပ်အက္ခရာတစ်ခုစီရဲ့ အီဂျစ်အရုပ်သင်္ကေတပုံတွေနဲ့၊ အီဂျစ်ရှေးဟောင်းအက္ခရာပေဒင်က စာလုံးတစ်လုံးစီရဲ့အဓိပ္ပာယ်သတ်မှတ်ယူဆချက်တွေပါ. . ဒီငတုံးတွေ မြင်ဖူးအောင် ယူလာခဲ့တာ. . ကြည့်ကြလေ'

နေသွေးအဆိုကြောင့် မှင်စာနှင့်သက်စုတို့က အောင့်သက်သက်ဖြင့် ထိုစာရွက်ကို ယူကြည့်လိုက်ကြ၏။

♦



www.burmeseclassic.com

www.burmeseclassic.com



## Paper One

### အီဂျစ်ရိုးရာရှေးဟောင်းအရုပ်စာရေးနည်းသင်္ကေတနှင့် အီဂျစ်ရိုးရာအက္ခရာဗေဒင်အဓိပ္ပာယ်အနှစ်ချုပ်ပြဇယား

| အင်္ဂလိပ် အက္ခရာ | အီဂျစ်ရိုးရာအရုပ် ရေးနည်းသင်္ကေတ | မြန်မာ အယူအဆ | အင်္ဂလိပ် အယူအဆ | အီဂျစ်ရိုးရာအက္ခရာဗေဒင်၏ အနှစ်ချုပ်အဓိပ္ပာယ်သတ်မှတ်ချက် |
|---|---|---|---|---|
| A |  | လင်းတရုပ် | Vulture | (A) စွမ်းပကားကြီးမားခြင်းနှင့် ထက်မြက်မှုရှိခြင်း |
| a |  | လက်မောင်းပုံ | Arm | (a) စိတ်စွမ်းအားကြီးမားပြီး ကိုယ်စွမ်းကိုယ်စမြင့်မားခြင်း၊ |
| B |  | ခြေထောက် တစ်ချောင်းပုံ | Leg | (B)ခြေစကြာဖြန့်ကြက်နေထိုင် တတ်သူ/အငြိမ်မနေတတ်သူ |
| C |  | တောင်ကုန်း/ တောင်စောင်း | Hill(or) Slop | (C)အရည်အသွေးကောင်းများနှင့် ပြည့်စုံပြီး အတိုက်အခိုက် အနှောက်အယှက်များကြားမှတိုး တက်အောင်မြင်တတ်သူ |
| D |  | ညာလက်ဖမိုး | Friend & Helpful | (D) ဖော်ရွေပြေပြစ်စွာ ဆက်ဆံ တတ်သူဖြစ်ပြီး ပရဟိတစိတ်ရှိသူ |
| E |  | သစ်ရွက်ပုံ | Leaf | (E)ပွင့်ပွင့်လင်းလင်းပုဂ္ဂိုလ်/ သမာသမတ်ရှိပြီး ရိုးဖြောင့်သူ |
| F |  | ယုန်ပုံ | Rabbit | (F)ပင်ကိုယ်ဉာဏ်ကောင်းပြီး ထက်မြက်ဦးဆောင်နိုင်သူ |
| G |  | ယိုဗူး၊ ယိုအိုးပုံ | Jam-Pot | (G) တည်တည်ငြိမ်ငြိမ်အေးအေး ချမ်းချမ်းနေတတ်ပြီး စိတ်ဓာတ်ကောင်းသူ |

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| H |  | ရင်ပြင်တော်(သို့) အမိုးအကာပုံ | Courtyard Shelter | (H)အရာရာကိုကြားဝင်ဖြေရှင်းချင်သူ၊သံတမန်ဆန်သောပုဂ္ဂိုလ် |
| J |  | ရန်မူတတ်သောမြွေဆိုးတစ်ကောင်လိုအဆိပ်ပြင်းလှသည့် မြွေဆိုး | Cobra | (J)ထက်မြက်အကင်းပါးပြီး ဆတ်ဆတ်ထိမခံတတ်သူ၊အတားအဆီးဟူသမျှ နောက်မတွန့်ဘဲ ရှေ့တိုးဆောင်ရွက်သူ |
| K |  | သယ်ဆောင်ရ လွယ်ကူစေသည့်ခြင်းတောင်းပုံ | Carrier | (K) တွန့်တိုစေ့စပ်ပြီး စည်းစံနစ်တကျ လုပ်ဆောင်တတ်သူ |
| L |  | ခြင်္သေ့တစ်ကောင်ထိုင်နေပုံ | Lion Sitting | (L)စွမ်းအားကြီးမားစွာပိုင်ဆိုင်သူ အရာရာကို စိုးမိုးချုပ်ကိုင်ပြီး ဦးဆောင် အမိန့်ပေးလိုသူ |
| M |  | ဇီးကွက်ပုံ | Owl | (M)ထိုးထွင်းသိဉာဏ် မြင့်မားပြီး အတတ်ပညာအသိပညာဖြင့် တိုးတက်မှုရှာဖွေတတ်သူ |
| N |  | ရေစီးဆင်းပုံ | Current | (N)နူးညံ့တဲ့စိတ်သဘောထားရှိပြီး အေးချမ်းမှုကို မြတ်နိုးသူ |
| O |  | ကြိုးစ(သို့)ကြိုးခွေပုံ | A Piece of Rope | (O) ပျော်ပျော်နေတတ်သူတစ်ဦးဖြစ်ပြီး စွန့်၊စား၊ ဝါသနာထုံသူ |
| P |  | ကျူဖျာ/မြက်ဖျာပုံ | Stool/ Mat | (P) ဖန်တီးနိုင်မှုစွမ်းအားကောင်းပြီး တရားမျှတကြင်နာတတ်သူ |
| R |  | စကားများနေသည့် ပါးစပ်ပုံ | Talk Too Much | (R)စကားပြောကောင်းပြီး ပရိယာယ်ကြွယ်ဝသူ |
| S |  | သိုးထိန်းများကဲ့သို့အမှီကင်းမဲ့စွာ ရှိနေပုံ | Indepen-dent shepherd | (S)ချုပ်နှောင်မှုကို မုန်းတီးပြီး လွတ်လပ်မှုကို မြတ်နိုးသူ |




www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| T |  | ပေါင်မုန့်ပုံ | Bread | (T)ကောင်း၊နေကောင်း၊စားတတ်ပြီး သဒ္ဓါတရားထက်သန်ပြီး ထင်ရာစိုင်းတတ်သူ |
| U |  | ငှက်ပုံ(သို့)ငုံးပေါက်/ တောကြက်ပုံ ငှက်ပေါက်စပုံ | Squab | (U)ကလေးဆန် ခေါင်းမာပြီး တဇွတ်ထိုးလုပ်တတ်သူ |
| Y |  | သစ်ရွက်နှစ်ရွက်ပုံ | Tow leafs | (Y) မျှမျှတတစဉ်းစားတွေးခေါ်ပြီး သမာဓိရှိသူ |
| Z |  | တံခါးမင်းတုန်းထိုး သော့ပိတ်ထားပုံ | Lock | (Z)သံယောဇဉ်ကြီးမားတတ်ပြီးလျှို့ဝှက်မှုဗီဇရှိသူ၊ မိသားစုကိုခင်တွယ်တတ်သူ |

## အက္ခရာနှစ်လုံးတွဲတို့၏ထူးခြားမှုသင်္ကေတအဓိပ္ပာယ်ပြဇယား

| အင်္ဂလိပ်အက္ခရာ | အီဂျစ်သင်္ကေတ | မြန်မာအယူအဆ | အင်္ဂလိပ်အယူအဆ | အီဂျစ်ရိုးရာအက္ခရာဗေဒင်၏အဓိပ္ပာယ်သတ်မှတ်ချက် |
|---|---|---|---|---|
| Ah |  | လင်းတရုပ် | Vulture | အလွန်ကြီးကျယ်မြင့်မြတ်ပြီး လောကကို စိန်ခေါ်နိုင်သူ |
| Th |  | ကြိုးခွေ | Rope | တစ်ပါးသူဆန္ဒကို ငဲ့ခြင်းမရှိဘဲ မိမိလိုရာ သိမ်းပိုက်နိုင်သူ |
| Ch |  | ထုံးခတ်ထား သောနှောင်ကြိုး | Tether Rope | သဘာဝကိုပိုင်စိုးပြီး အရာရာကို ထိန်းချုပ်နိုင်သူ |
| Sh |  | ထောင့်မှန် စတုဂံပုံ | Square | စိတ်ထားမြင့်မြတ်ပြီး ပါရမီ ကောင်းလှသူ |
| Kh |  | စက်ဝိုင်းပုံနှင့် မျဉ်းပြိုင်ပုံ | Circle & Parallel | ဇွဲစပ်သူဖြစ်၍ဇီဇာကြောင်တတ် သူ၊ကိုယ်တိုင်လုပ်ရမှကျေနပ်တတ်သူ |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| Ck |  | သတ္တဝါကောင်တစ်ကောင်၏ဝမ်းဗိုက်ပုံ | Animal's Belly | ကိုယ့်ဗူးကိုယ်ချွန်၍အောင်မြင်နိုင်သူ |
| Uw |  | ငှက်ပေါက်စပုံ | Squab | အလွန်အင်မတန်ခေါင်းမာပြီးအဆုံးထိဆောင်ရွက်တတ်သူ |
| Qu |  | တောင်ကုန်းတောင်စောင်း | Hill or Slop | ဘဝကြမ်းတမ်းပြီး အနစ်နာခံတတ်သူ |

## ထူးခြားချက်များ

* a = A = Ah
* C = Qu ~ Q
* E ~ Y ~ U ~ W ~ I
* F = V
* ခြွင်းချက် - အီဂျစ်ရိုးရာအရုပ်ရေးနည်းတွင် အင်္ဂလိပ်အက္ခရာ(x) မပါဝင်ခဲ့ချေ။

◆



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူများ မိမိနာမည်အား အင်္ဂလိပ်ရိုးရာအက္ခရာဗေဒင်ကြည့်နည်းဖြင့် အောက်ပါအတိုင်း တွက်ချက်နိုင်ပါကြောင်း

1. Example-Min Takhit　　　၁။ ဥပမာ-မင်းတခေတ်

M = ထိုးထွင်းအသိဉာဏ်မြင့်မားပြီး အတတ်ပညာအသိပညာဖြင့် ဘဝတိုးတက်သူ

I = သမာသမတ်ရှိပြီး ရိုးဖြောင့်စွာလုပ်တတ်သူ

N = နူးညံ့သည့်စိတ်ခံရှိပြီး အေးအေးချမ်းချမ်းနေတတ်သူ

T = အကောင်းကြိုက်ပြီး သဒ္ဓါတရားထက်သန်မှုနှင့်အတူ တဇွတ်ထိုးလုပ်တတ်သူ

A = စွမ်းပကားကြီးမားထက်မြက်ပြီး ကိုယ်စွမ်းကိုယ်စကြီးသူ

K = စေ့စေ့စပ်စပ် စနစ်တကျလုပ်ကိုင်တတ်သူ

H = အရာရာကို ကြားဝင်ဖြေရှင်းပြီး သံတမန်ဆန်ဆန်နေထိုင်တတ်သူ

I = သမာသမတ်ရှိပြီး ရိုးဖြောင့်စွာလုပ်တတ်သူ

T = အကောင်းကြိုက်ပြီး သဒ္ဓါတရားထက်သန်မှုနှင့်အတူ တဇွတ်ထိုးလုပ်တတ်သူ

2. Example-Myo Thu Soe　　　၂။ ဥပမာ-မျိုးသူစိုး

M = ထိုးထွင်းအသိဉာဏ်မြင့်မားပြီး အတတ်ပညာအသိပညာဖြင့် ဘဝတိုးတက်သူ



www.burmeseclassic.com

www.burmeseclassic.com



Y = မှုမှုဘာဘာစဉ်းစားတွေးခေါ်တတ်ပြီး သမာဓိရှိသူ
O = ပျော်ပျော်နေတတ်ပြီး စွန့်စားခြင်းကို ဝါသနာထုံသူ
T = အကောင်းကြိုက်ပြီး သဒ္ဓါတရားထက်သန်မှုနှင့်အတူ တဖွတ်ထိုးလုပ်တတ်သူ
H = အရာရာကို ကြားဝင်ဖြေရှင်းပြီး သံတမန်ဆန်ဆန်နေထိုင်တတ်သူ
U = ကလေးဆန်ခေါင်းမာပြီး ထင်ရာစိုင်းတတ်သူ
S = ချုပ်နှောင်မှုကိုမုန်းတီးပြီး လွတ်လပ်မှုကို မြတ်နိုးသူ
O = ပျော်ပျော်နေတတ်ပြီး စွန့်စားခြင်းကို ဝါသနာထုံသူ
E = ပွင့်ပွင့်လင်းလင်းပြောဆိုဆက်ဆံတတ်ပြီး ရိုးသားသူ

ရိုးသားကြိုးစားလျက်မှ -

စာရေးသူ

◆



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . နေသွေးက တော်တော်စေ့စေ့စပ်စပ် သေသေချာချာကို ရှာဖွေပြုစုထားတာပဲ'

'အချစ်ကြောင့် ဒီလောက်အပင်ပန်းခံထားတာပါဗျာ၊ မဟုတ်လို့ကတော့. . .'

ကြည်စင်ဦးချိုးမွမ်းစကားကို နေသွေးက အထက်ပါအတိုင်း ပြန်ပြောလိုက်သဖြင့် တစ်ဖွဲ့လုံး ပြုံးမိကြ၏။

'ကဲ. . ဒါတွေ ခဏထားပါဦး နေသွေး. . အခု. . မမကေရဲ့ စကားကို လက်ခံမှာလား'

'အခုမှတော့ လက်မခံလို့ရပါတော့မလား မှင်စာငတုံးရဲ့'

'ဒါဆို အချိန်လေးရှိတုန်း မမကေသွယ် နေသွေးကို ပုံပြင်ပြောပြပြီး ညဏ်စမ်းလိုက်တော့လေ. . ညီမလေးလည်း ဒီပုံပြင်လေးကို စိတ်ဝင်စားတယ်'

'ကဲ. . အားလုံးကတော့ တောင်းဆိုနေပြီ၊ ဘယ်လိုလဲ. . မမကေ ပြောရတော့မလား'

နေသွေးက ခေါင်းညိတ်ပြလိုက်၏။

မမကေက မပြောခင် သူမပိုက်ဆံအိတ်ထဲမှ စာအိတ်အပြာနုရောင်လေးတစ်လုံးကို ထုတ်ကာ နေသွေးကို ပေးလိုက်၏။

'ရော့. . နေသွေး'

'ဒါက. . .'

'ဒါလား. . မမကေရဲ့အဖြေလေ. . မမကေ ဒီစာအိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အဖြေအတိုင်း ပေးမလို့ပဲ. . စောစောကမှ နေသွေးရဲ့ IQအဆင့်ကို ထပ်စမ်းသပ်ချင်လို့ ချက်ချင်းလက်ငင်း ကိုယ်ပိုင်ပုံပြင်တစ်ပုဒ်ကို စဉ်းစားလိုက်ပြီး နေသွေးကို ထပ်စားခိုင်းတာပဲ'

'ဩော်. . ဒါကြောင့် စောစောက ငြိမ်နေတာကိုး. . ကဲပါ. . ဝင့်ရှိသမျှတော့ ခံရဦးမှာပေါ့. . ပြောပါ. . အခုမှတော့ မထူးတော့ပါဘူး'

နေသွေးအပြောကို သူမက ပြုံးလိုက်ပြီး ရေတစ်ခွက် မော့သောက်လိုက်သည်။

ပြီးမှ. . သူမ၏ကိုယ်ပိုင်ပုံပြင်လေးတစ်ပုဒ်ကို အောက်ပါအတိုင်း ပြောပြလိုက်၏။ အားလုံးကတော့ စိတ်ဝင်စား[illegible] -

'ဟိုးရှေးရှေးတုန်းက အလွန်အင်မတန်ကြီးမားပြီး အစားစုံစားတတ်တဲ့ ပန်းနုရောင်စွယ်စုံဆင်ကြီးတစ်ကောင်ရှိတယ်တဲ့. . အဲဒီဆင်ကြီးက သူကျက်စားရာတောကြီးထဲမှာ အကြီးမားဆုံးပဲ။ ပြီးတော့ အဲဒီဆင်ကြီးက ပုရွက်ဆိတ်ကစပြီး ကျားတွေ ခြင်္သေ့တွေအလယ်. . လူသားအဆုံး စားလို့ရသမျှ အကုန်စားတယ် တဲ့. . အဲ့ဒီဆင်ကြီးက မျောက်တွေ သမင်တွေတင်မက ရွာနီးချုပ်စပ်က လူတွေ လယ်သမားတွေ၊ ကလေးတွေနဲ့ ထန်းတက်သမားတွေပါ အကြောက်အလန့်မရှိ ဖမ်းဆီးစားသောက်သောင်းကျန်းနေတယ်တဲ့. . ဩော်. . အဓိကမေး[illegible] စရာတစ်ချက် ကျန်နေခဲ့တယ်၊ နေသွေး. . မမကေပြောတာ ဒီ[illegible]ထိ ရှင်းရဲ့လားဟင်'

www.burmeseclassic.com



မျက်မှောင်ကြီးကုတ် ငြိမ်နေသည့် နေသွေးကို သူမက စိတ်မချစွာမေးတော့ နေသွေး ခေါင်းညိတ်ပြ၏။

'မမကေသွယ် ဘာပြောစရာကျန်ခဲ့လို့လဲဟင်'

'အဲဒီ့ဆင်ကြီးက ဘာဖြစ်လဲ. . ဆက်ပြောလေဗျာ'

ပုံပြောကောင်းလှသည့် သူမ၏ ထူးခြားသောပါရမီကြောင့် ထင် အားလုံးက ဆန္ဒတငင်ငင်ဖြစ်နေကြပုံရ၏။

'ဘာကျန်ခဲ့တာလဲဆိုတော့ ဟိုးကမ္ဘာဦးအစတုန်းက ဆင်ဆိုရင်လည်း အရောင်မျိုးစုံ၊ ခြသေ့ဆိုလည်း အရောင်စုံရှိတယ်တဲ့၊ တခြားတိရစ္ဆာန်တွေလည်း ဒီအတိုင်းပဲ ဆိုပါတော့. . အဲဒီလို သောင်းကျန်းလွန်းတဲ့ ဆင်ဆိုးကြီးကို နှိမ်နင်းဖို့အတွက် ရွာသားတွေက တိုင်ပင်ပြီး မြို့ကလူတွေကို အကူအညီတောင်းခံဖို့အတွက် ထွက်သွားကြတယ်. . နောက်ဆုံးတော့ မြို့ကလူတွေ ရောက်လာပြီး ရွာသူရွာသားတွေနဲ့ပူးပေါင်းကြိုးစားပြီး အဲဒီ့ပန်းနုရောင်ဆင်ဆိုးကြီးကို သုတ်သင်နိုင်ခဲ့တယ်တဲ့. . အဲဒီနေ့မှာပဲ. . ရွာသူရွာသားတွေက အောင်ပွဲခံအထိမ်းအမှတ်အနေနဲ့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပြီး. . ပန်းနုရောင်ဆင်အသေကြီးကို ဖိုက်ခွဲ၊ လှီးဖြတ်ပြီး အမဲဖျက်ကြတယ်. . အဲလိုဖိုက်ခွဲလိုက်တဲ့အခါမှာ ဆင်ကြီးမသေခင်က လတ်လတ်ဆတ်ဆတ် စားခဲ့မျိုခဲ့ဟန်တူတဲ့ သတ္တဝါလေး နှစ်ကောင်ကို အသက်ရှင်လျက် ပြန်ရလိုက်တယ်၊ အဲ့ဒီအထဲမှာ တစ်ချိန်က ဒီတောကြီးကို အချိန်အတော်ကြာကြာအုပ်စိုးခဲ့မူခဲ့တဲ့ ခြသေ့အစိမ်းကြီး တစ်ကောင်နဲ့ ခြသေ့အနီ ခပ်လတ်လတ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို အသက်ရှင်လျက် ပြန်ရလိုက်တယ်တဲ့ . . ဒီသတင်းကြောင့် ရွာသူရွာသားတွေတင်မကဘဲ တောတွင်းတိရစ္ဆာန်တွေပါ ဆင်ဆိုးကြီး အန္တရာယ်က လွတ်ပြီဆိုပြီး . . ပျော်ရွှင်အော်ဟစ်မြူးထူးနေကြတယ်။ အဲလိုနဲ့ပဲ လူတွေ . . တိရစ္ဆာန်တွေဟာ အသက်ဆုံးသည့်တိုင်အောင် အေးအေးချမ်းချမ်းနေသွားကြပါရောတဲ့ . . ပုံပြင်လေးကတော့ ဒါပါပဲ မောင်နေသွေးရယ်'

နေသွေးကတော့ တစ်စုံတစ်ခုကို အလေးအနက်တွေးတော စဉ်းစားနေပုံရ၏။

သက်စု၊ ကြည်စင်ဦးနှင့် မှင်စာတို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပုံပြင်ကို နားမလည်နိုင်ဖြစ်နေကြသည်။

'မမကေ . . ကျွန်တော် ဒီပုံပြင်ထဲကနေ . . ဘာကို ဆွဲထုတ် အဖြေရှာရမှာလဲဟင် . .'

'ဟောတော် . . ဒီက အဖြေထုတ်ခိုင်းတဲ့လူလေ . . ဘယ်နဲ့ . . လူကိုပြန်ပြီး မေးခွန်းထုတ်နေရတာလဲ . . မမကေ အသေအချာထပ် ရှင်းပြမယ် . . ပုံပြင်ကို အစအဆုံးနားလည်ရဲ့လား'

'အင်း . .'

'ပုံပြင်လေးထဲကနေ နေသွေးက အကျိုးအမြတ်တစ်ခုကို ရှာရမယ် . . အဲဒီအကျိုးအမြတ်က နေသွေးအတွက် မမကေရဲ့အဖြေပဲ ပြီးတော့ . . အဲဒီအဖြေနဲ့ ခုနက မမကေ ပေးထားတဲ့ စာအိတ်ထဲက အဖြေက အတူတူပဲ ဖြစ်နေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ပြီးပြီလား'

မမကေက သူ၏ နွေဦးဆန်ဆန်ကိုယ်ပိုင်အပြုံးနှင့်အတူ . . ခေါင်းယမ်းပြနေသဖြင့် နေသွေး အတော်လေသွား၏။

'ဟာဗျာ. .'

'ဟာမဗျာနဲ့လေ. . နေသွေးပဲ မမကေကို ချစ်တယ်ဆို၊ ချစ်ရင် ကြိုးစားပေါ့လို့. . အခုမှ ဉာဏ်စမ်းလေးက စမှာ၊ ဒါမှလည်း မမကေရဲ့အဖြေက ပိုပြီး အဓိပ္ပာယ်လေးနက်သွားမှာ'

'ဟုတ်ပါပြီ. . ဒါဆိုလည်း ပြော. .'

'အဲသလို အဖြေနှစ်ခု အတူတူရပြီဆိုရင် အဲဒီအဖြေကို ခဏထား. . အစောက ပုံပြင်ထဲမှာ မြို့က လူတွေကို အကူအညီတောင်းတယ်လို့ ပါတယ်မို့လား'

နေသွေး ခေါင်းညိတ်ပြလိုက်၏။

'တကယ်တော့ အဲဒီဆင်ကြီးကိုသတ်ဖို့အတွက် မြို့နှစ်မြို့က လူငါးယောက်ဟာ ရွာသားတွေနဲ့ပူးပေါင်းပြီး ရှစ်ကြိမ်တိတိ တိုက်ခိုက်မှအောင်မြင်လာခဲ့တာပါဆိုတဲ့အကြောင်းလေးကို ခဏဘေးဖယ်ထားတဲ့ အဖြေနဲ့ဆက်စပ်ကြည့်လိုက်တာနဲ့ နေသွေး အဖြေရပါပြီ'

နေသွေး ခေါင်းတွေ ပူနေခဲ့ချေပြီ။ အားလုံးကတော့ နားမလည်မှန်းသိသာလှပါ၏။ မျက်လုံးတွေက ပြူးကြောင်နေကြ၏။

'မမကေ ဒါပဲလား. . ကျွန်တော့်ကို သဲလွန်စလေးဘာလေး မပေးတော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးစကားကြောင့် သူမ တစ်ချက်စဉ်းစားလိုက်၏။

ပြီးမှ -

'အင်း . . သဲလွန်စ ပေးရရင် . . ဒီပုံပြင်ကလေးက အလယ် အလတ်လမ်းစဉ်ကိုအသုံးပြုထားပြီး နေသွေးကို တန်ပြန်တိုက်စစ်ဆင် ထားတာ . . ဒါပဲ . . နောက်ထပ် မမေးနဲ့တော့ . . အချိန် တစ်ရက်ပေး မယ် . . မနက်ဖြန် ဒီနေရာ ဒီအချိန်မှာ ဒီလူတွေရှေ့မှာပဲ ဖြေရမယ်၊ မဖြေနိုင်ရင်တော့ နေသွေးရဲ့ကံပေါ့'

သူမကတော့ ပြောပြီး ပြုံးနေ၏။ သူငယ်ချင်းတွေကတော့ နေသွေးကို အားပေးသလို ပြုံးပြကြ၏။ နေသွေးခမျာမှာတော့ မပြုံး နိုင်ပါ။ ခေါင်းကိုသာ တွင်တွင်ကုတ်နေလေတော့၏။

လိမ္မော်နီရောင်နေလုံးကြီးကတော့ လောကကြီးကို လက်ပြ နှုတ်ဆက်နေချေပြီ . . . ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နေသွေးတစ်ယောက် တစ်ညလုံး တွက်ချက်စဉ်းစားနေခဲ့တာ နံနက် လေးနာရီထိုးသည်အထိ ဘာတစ်ခုမျှ အဖြေရရေရရာရာ မရသေး။

သည်အတိုင်းတော့.. နေသွေး ကံကြမ္မာကို လက်မြှောက်အရှုံးမပေးချင်ပါ။ အမေး ရှိလျှင် အဖြေ ရှိရမည်ပေါ့။ မမကေဆီက အထင်ကြီးမှုနှင့်အချစ်ကိုသာ သိမ်းပိုက်လိုသည်။ အမုန်းနှင့် အထင်သေးမှုကိုတော့ မယူချင်ခဲ့ပါ။

ထို့ကြောင့် မမကေ ပြောပြသည့်ပုံပြင်ကို တစ်ခေါက် ထပ်စဉ်းစားလိုက်၏။

ပြီးမှ -

'ဟာ.. ဟုတ်ပြီ၊ ငါ ဒီပုံပြင်ကိုပဲ အာရုံရောက်နေခဲ့တာ.. မမကေ ပေးလိုက်တဲ့စာ ရှိသေးတာပဲ'

နေသွေးတစ်ယောက် စာအိတ် အပြာနုကလေးကို အလျှင်အမြန်ဖောက်ဖတ်လိုက်၏။

သို့မှ ပိုပေါက်မြောက်သွားရ၏။ ထိုစာရွက်ထဲမှာကား -

www.burmeseclassic.com

www.burmeseclassic.com



သို့

နေသွေးရေ. . .

အချစ်ရဲ့သင်္ကေတတွေထဲမှာ ကိန်းဂဏန်း အချိုးအဆစ်နဲ့ အပေးအယူ အလျှော်အစားတွေ ပါဝင်တယ်လို့ မမကေ ယုံကြည်ထားတယ်။ ဒီတော့ မမကေက နေသွေးအတွက် ကိန်းဂဏန်းနှစ်ခုကို အဖြေအဖြစ် ပေးထားတယ်။ နေသွေးကြိုက်သလို ဆုံးဖြတ်ပြီး အဖြေရှာပါ။

နေသွေးကံကောင်းပါစေလို့ မမကေ ဆုတောင်းပါတယ်။

* 3729000
* 2486

မှ/

မမကေ

'ရှုပ်ပြီ မမကေရဲ့. . သိရဲ့လား'ဟုသာ နေသွေး အော်ဟစ်ပစ်လိုက်ချင်တော့သည်။ နေသွေးတစ်ယောက် ပုံပြင်၊ ဉာဏ်စမ်းအမေးနဲ့ မမကေရဲ့စာအပါအဝင် ကိန်းဂဏန်းတွေကို ဆက်စပ်စဉ်းစားကြည့်လိုက်၏။ ပြီးတော့ မမကေ ပေးလိုက်သည့် သဲလွန်စစကားကို ပြန်တွေးကြည့်လိုက်၏။

'အင်း. . သဲလွန်စပေးရရင် ဒီပုံပြင်လေးက အလယ်အလယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်ကို အသုံးပြုထားပြီး နေသွေးကို တန်ပြန်တိုက်စစ်ဆင်ထား တာ'

ထို့နောက် စာရွက်တစ်ရွက်ယူကာ ဘောလ်ပင်တစ်ချောင်း ဖြင့် ဟိုခြစ်ဒီခြစ် အလုပ်ရှုပ်နေ၏။

ခဏကြာတော့ 'ဟာ. . ဟုတ်လာပြီ'ဟု ဆိုကာ ကလေးတစ် ယောက် မုန့်ရသွားသလို အပျော်မျိုးဖြင့် ပြုံးလိုက်၏။

ပြီးတော့. . ထိုစာရွက်တစ်ရွက် ထိုဘောလ်ပင်တစ်ချောင်း နှင့်ပင် ခေါင်းမဖော်စတမ်း. . ခေါင်းတရမ်းရမ်းဖြင့် ထပ်မံတွက်ချက် နေလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## The Real Result's Day

ဆိုခဲ့သည့်အတိုင်း ကန်ဘောင်ပေါ်က အကြော်ဆိုင်ကလေးမှာ အားလုံး လူစုံတက်စုံရောက်နေကြပြီဖြစ်သည်။

ထုံးစံအတိုင်း အာသွက်လျှာသွက်ဖြစ်သည့် သက်စုဇော်က ပင် စကားဦး စလိုက်၏။

'ကဲ. . နေသွေး. . ငါတို့ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလားဟင်'

'ငါတော့ မပြောတတ်ဘူး သက်စုမရေ. . ဒီကောင် ညက မှိုးအလင်းတော့ ကြိုးစားနေတာပဲ'

'ငါကတော့ ငါ့ကောင်နေသွေးကြီးဘက်မှာ မဲပေးတယ်ဟေ့'

သက်စုတို့ချစ်သူနှစ်ဦးနှင့်မှင်စာတို့၏ထင်မြင်ချက်ကို နေသွေးဘာအဖြေမှမပေးသေးဘဲ မမကေကိုသာ တရှိုက်မက်မက်ငေးကြည့်နေသည်ကြောင့် မမကေကပင် ဇာတ်လမ်းကို အစပျိုးပေးလိုက်ရ၏။

'ဘယ်လိုလဲ ကိုယ်တော်ချော၊ အဖြေထုတ်နိုင်ခဲ့ပြီလား'

'မမကေ ဘယ်လိုထင်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း . . မထင်တတ်ပါဘူး၊ ဒါပေမယ့် . . ဟာ . . မပြော တတ်ဘူးကွာ'

'ကဲပါ . . ငသွေးရာ . . ပြောစရာရှိတာ မြန်မြန်ပြောစမ်းပါ . . မင်း Result က Yes လား . . No လား'

မှင်စာက စိတ်မရှည်စွာဖြင့်ဝင်ပြောသည်။ သို့မှ နေသွေးက

'Y..E..S...yes'

'OK! ဒါပဲပေါ့ . . ငါ ထင်ထားသားပဲ'

အဖြေ သဲသဲကွဲကွဲသိရချိန်မှာ ကြည်စင်ဦးက သူ့အထင်မှန် ကြောင်း ဝင်ထောက်ခံနေသေး၏။

'မမကေ . . ပုစ္ဆာအဖြေ သို့မဟုတ် ကျွန်တော့်အတွက်အဖြေ က 2028 ပါ'

ရုတ်တရက်မို့ နေသွေးအဖြေကို မမကေမှလွဲပြီး ဘယ်သူမှ သဘောမပေါက်ကြချေ။

'မမကေ နေသွေးအဖြေ မှန်လားဟင်'

'ဟုတ်လား'

သက်စုနှင့်မှင်စာအမေးကို သူမက ခေါင်းတစ်ချက်ညိတ်ပြ လျက်မှ -

'လုံးဝပြည့်ပြည့်စုံစုံကိုမှန်ပါတယ် လေးစားပါတယ် နေသွေး'

နေသွေးတစ်ယောက် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားအဖြစ် သို့ ချက်ချင်းကူးပြောင်းခွင့်ရသွားခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့နားလည်အောင် မင်း ဘယ်လိုအဖြေရခဲ့တယ်ဆိုတာကို နည်းနည်းလင်းဦးလေကွာ. .'

'ငါလည်း သိချင်တယ် နေသွေး'

မှင်စာနှင့်မိသက်စုကို နေသွေးက စိတ်ချပိုင်နိုင်သည့် အပြုံးတစ်ပွင့် ဦးစွာချပြလိုက်သည်။

ပြီးမှ -

'ဒါလား. . အင်း. . ဒီအဖြေကို မနက် ငါးနာရီထိုးတဲ့အထိ ငါ မရသေးဘူး. . နောက်ဆုံး မမကေသဲလွန်စစကားကနေ အဆင့်ဆင့်တွေးမိပြီး အဖြေကို ရသွားခဲ့တာပဲ'

'ဟို. . အလယ်အလတ်လမ်းစဉ်နဲ့ တန်ပြန်တိုက်စစ်ဆိုတာလား. .'

သည်စကားကို ကြည်စင်ဦးက ဝင်ထောက်ပေးခြင်းဖြစ်၏။ သူမကတော့ သူမ အဖြေပေးရတော့မည့်ယောက်ျားတစ်ယောက်ရှေ့မှာ စိတ်လှုပ်ရှားနေပုံရပါ၏။

'ဟုတ်တယ်ဗျ. . အလယ်အလတ်လမ်းစဉ်ဆိုတာ မမကေကို ကျွန်တော် ပေးခဲ့တဲ့ ဒုတိယမြောက်စာကို ပြန်အမှတ်ရပြီး တန်ပြန်တိုက်စစ်ဆိုတဲ့စကားလုံးနဲ့ ဆက်စပ်ကြည့်လိုက်တော့ ကိန်းဂဏန်းတွေနဲ့ ပတ်သက်နေရမယ်လို့ ကျွန်တော် မျက်စိမှိတ်ယုံလိုက်တယ်. . ပြီးတော့ မမကေစာထဲမှာလည်း ဒီကိန်းဂဏန်းနှစ်ခုကို အဖြေအဖြစ် ပေးထားခဲ့တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက အားလုံးမြင်သာအောင် မမကေ၏စာကို ပြလိုက်သည်။ အားလုံးက စိတ်ဝင်တစားခေါင်းငုံ့ကြည့်လိုက်၏။

'အဲဒီတော့. . အဲဒီ့ ကိန်းဂဏန်း (၂)ခုကို မမကေရဲ့စာပါ အဓိပ္ပာယ်ဖြစ်တဲ့ အလျော်အစား အပေးအယူ ဆိုတဲ့ စကားစုလေးနဲ့ ညှိပြီး ဂဏန်း(၂)ခုကို ပေါင်းကြည့်တယ်. . အဖြေက ယုတ္တိမတန်ဘူး ဒါနဲ့ နုတ်ကြည့် မြှောက်ကြည့်တယ်. . အဆင်မပြေဘူး။ နောက်ဆုံးတော့ ငါ စားကြည့်လိုက်တော့ ဒီအဖြေထွက်လာတာပဲ. .'

ဆိုပြီး နေသွေးက စာရွက်တစ်ရွက် ထုတ်ပြ၏။

| |
|---|
| 3729000 ÷ 2486 ≐ 1500 (First Step Result) |

'အဲဒါ ပထမအဆင့်အဖြေပဲ. . မမကေ ပုံပြင်ကို ငါ ပြန်တွေးကြည့်တယ်. . ပြီးတော့ ပုံပြင်ထဲက အကျိုးအမြတ်နဲ့ ဒီအဖြေက အတူတူပဲဆိုတာ ငါသိသွားပြီလေ. . ပြီးတော့ ပုံပြင်ထဲမှာ ထူးခြားတာတစ်ခုကို ငါသွားတွေ့တယ်'

'ဘာလဲ ငသွေး'

'အရောင်တွေလေကွာ. . ပန်းနုရောင်ဆင်ကြီးတွေ၊ အဝါရောင် ခြသေ့တွေက ထူးဆန်းမနေဘူးလား. .'

'အင်း. .'

သက်စုဇော်ကတော့ ငြိမ်သက်စွာ နားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတော်စိတ်ဝင်စားနေပုံရ၏။

'နောက်. . ပုံပြင်ထဲက အကျိုးအမြတ်ကို ငါရှာတွေ့တယ်. . ဒါဟာ ဘာလဲဆိုတော့ အသက်ရှင်လျက် ပြန်ရလိုက်တဲ့ ခြင်္သေ့အစိမ်းကြီးတစ်ကောင်နဲ့ ခြင်္သေ့အနီရောင် ခပ်လတ်လတ်တစ်ကောင်ရဲ့ ရှင်သန်မှုတွေပဲလေ'

'ဟုတ်တယ်. . ပြန်ရလိုက်တဲ့ အသက် ၂ချောင်းက ကြီးမားတဲ့ အကျိုးအမြတ်ပဲ'

ကြည်စင်ဦးစကားအဆုံးမှာ နေသွေးက ဆက်ရှင်းပြ၏။

'အဲဒီတော့. . ငါတို့မြန်မာပြည်မှာ အသုံးပြုနေတဲ့ ငွေစက္ကူအရောင်တွေနဲ့ သတ္တဝါတွေကို သွားသတိရလိုက်တယ်၊ ပန်းနုရောင်ဆင်ကြီးဆိုတာ ငါးထောင်တန်ပဲ။ ခြင်္သေ့အစိမ်းက တစ်ထောင်တန်၊ ခြင်္သေ့အနီရောင် ခပ်လတ်လတ်ဆိုတာ ငါးရာတန်ပဲလေကွာ. . ဒီမှာကြည့်. . အဖြေအတူတူပဲ'

| | | |
|---|---|---|
| ပန်းနုရောင်ဆင်ကြီး | = ၅၀၀၀ ကျပ် | Second Step Result |
| အစိမ်းရောင်ခြင်္သေ့ကြီး | = ၁၀၀၀ ကျပ် | |
| အနီရောင်ခပ်လတ်လတ်ခြင်္သေ့ | = ၅၀၀ ကျပ် | |

ပုံပြင်ထဲက အကျိုးအမြတ် = ခြင်္သေ့အစိမ်း(၁) + ခြင်္သေ့အနီ(၁)

၁၀၀၀ + ၅၀၀

= ၁၅၀၀



www.burmeseclassic.com

www.burmeseclassic.com



နေသွေး ထုတ်ပြသည့် စာရွက်ကလေးကို တစ်ယောက်တစ်
လှည့်စီ ယူကြည့်ကြ၏။

'ဒါ. . မမကေပုံပြင်ရဲ့ အဓိကသော့ချက်ပဲ. . အဲဒီ့ ဒုတိယ
အဆင့်အဖြေကို ရမှတော့ တတိယအဆင့်က လွယ်သွားပြီလေ'

'နေသွေး. . တတိယအဆင့်က ဘာလဲ'

'မြို့(၂)မြို့က လူ(၅)ယောက်က ရွာသားတွေနဲ့ပူးပေါင်းပြီး
(၈)ကြိမ်တိတိကြိုးစားမှ အောင်မြင်တယ်ဆိုတဲ့အချက်လေဟာ'

'ဟွန်း. . မင်းကသာ လွယ်တယ်ပြောနေ. . ငါတော့ ရှုးချ
လာပြီ'

မှင်စာအပြောကြောင့် နေသွေးနှင့်မမကေ အပြုံးချင်းဖလှယ်
မိသလို မရည်ရွယ်ဘဲ တိုက်ဆိုင်သွားခဲ့ရ၏။

'ဘာရှုးစရာပါလဲကွာ. . အစောအဖြေနှစ်ခုထဲက ဘုံအဖြေ
၁၅၀၀နဲ့ လူငါးယောက်ကို ၅၊ မြို့နှစ်မြို့ကို ၂၊ ရှစ်ကြိမ်တိုင်တိုင် ပူး
ပေါင်းမှ အောင်မြင်တယ်ဆိုတော့ ၁၅၀၀နဲ့ ၅၂၈ကို ပေါင်းလိုက်လေ
ကွာ. . မမကေ ပေးထားတဲ့ သဲလွန်စတန်ပြန်တိုက်စစ်နဲ့လည်း ကွ
တိပဲ. . ငါက မမကေကို ၁၅၀၀ကိုယ်စားပြု ချစ်သူလို အချစ်ရော. .
၅၂၈ လို့ခေါ်တဲ့ မောင်နှမလိုအချစ်တွေရော ပေါင်းပြီး ချစ်တယ်ဆို
အဓိပ္ပာယ်နဲ့ ဒုတိယမြောက်စာမှာ ရေးခဲ့တယ်လေ. . မမကေကလည်း
ငါ့ကို အဲလိုပဲ ပြန်ချစ်တယ်ဆိုတဲ့ သဘောပေါ့ကွ. . ဒီမှာ ရှင်းသွား
အောင် ထပ်ကြည့်ဦး'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက ဖျတ်လတ်တက်ကြွစွာဖြင့် နောက်စာရွက်တစ်ရွက်ကို ဝေတုံးကောင်ကြီးမှင်စာအား ထုတ်ပေးလိုက်၏။

| | | |
|---|---|---|
| | ၁၅၀၀ | ၁၅၀၀ |
| | ၁၅၀၀ (ဘုံယူပြီးပေါင်း) | |
| | + | |
| | ၅၂၈ | |
| | ↓ | |
| (ရလဒ်အဖြေ) | ၂၀၂၈ | |
| | Final Result | |

'ဩော်-ဒါက မင်း အဆင့်ဆင့်ရလိုက်တဲ့ နောက်ဆုံးအဖြေကိုး. . ဂုဏ်ယူပါတယ် နေသွေး'

'ကဲ. . နေသွေးကတော့ အဘက်ဘက်က တာဝန်တွေ ကျေပွန်သွားပြီဆိုတော့. . အင်း. . .'

မှင်စာစကားအဆုံးမှာ ကြည်စင်ဦးက မမကေကို အဓိပ္ပာယ်တစ်မျိုးဖြင့် ပင့်ပေးလိုက်သည်ကြောင့်. . မမကေတစ်ယောက် ခေါင်းကလေး ငုံ့သွားရ၏။

'အလှည့်ကျ မန္တစတမ်းပေါ့၊ မမကေ ဖြေတော့လေ. . ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလဲလို့'

'ဖြေပြီးပြီပဲ'

'ဟင့်အင်း . . အားလုံးရဲ့ရှေ့မှာ ဖြေပြရမှာလေ'

'ဟုတ်ပါတယ် . . ဖြေပါဗျို့'

နေသွေးဘက်ကနေ အားလုံးက တညီတညာတည်း အော်ဟစ်ထောက်ခံနေကြသည်။

'ကဲ . . မမကေ အားလုံးကတော့ ဆန္ဒပြနေကြပြီ . . ဘယ်လိုလဲ . . ပြောပါတော့ ကျွန်တော့်ကို ချစ်ရဲ့လားလို့'

'အင်း . . ချစ်တယ်'

'Yes!'

'ဟေး . .'

'ဖြောင်းဖြောင်း . . . ဖြောင်း'

'ဒီတစ်ခါတော့ ငါ့လူကြီး လိုင်စင်တကယ်ရသွားပြီဟေ့'

ညနေခင်းလေးကတော့ဖြင့် ကမ္ဘာပေါ်မှာ အချစ်တွေနှင့်ထုံမွမ်းဖွဲ့စည်းထားသော အလှပအနူးညံ့ဆုံး ဂန္ထဝင်ပန်းချီကားတစ်ချပ်အဖြစ် ဂင်းနစ်စံချိန်ဝင်သွားခဲ့ပြီဖြစ်၏။

◆



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ . . .

အချစ်နဲ့ပတ်သက်တဲ့ သီချင်းတွေကို
မခံစားတတ်ခဲ့ပါဘူး . .
ဟော . . အခုတော့ . .
နှလုံးသားက အဖြောင့်အတိုင်း
ဆင်းသက်လာခဲ့တဲ့ သံစဉ်ချိုတွေက
ငါ့ရင်ခွင်တစ်ခုလုံးကို ပန်းလိုရေလို
မွှေးပျံလန်းဆန်းစေခဲ့ရပြီ . . ။

အစကတော့ . .

အချစ်နဲ့ပတ်သက်တဲ့ ကဗျာဝတ္ထုတွေကို
မမက်မောတတ်ခဲ့ပါဘူး . .
ဟော . . အခုတော့ . .
ငါကိုယ်တိုင် ရိုမီယို
ငါကိုယ်တိုင် ဗီသိုဗင်
ပြီးတော့ . .
ငါကိုယ်တိုင် ဗန်ဂိုး
ငါကိုယ်တိုင် ဂေါ်ကီ
ပြီးတော့ . .
ငါကိုယ်တိုင် မိုးဇက်
ပြီးတော့ . .
ငါကိုယ်တိုင် . .
. . . .   . . . .   . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နေသွေးနှင့် မမကေတို့၏ ပထမဆုံး ချစ်သူသက်တမ်းရက်မှာ မကွေးမြသလွန်ဘုရားကုန်းတော်ပေါ်သို့ ဘုရားဖူးရောက်ဖြစ်၏။

ဘုရားပေါ် ရောက်နေပေမယ့် နေသွေးစိတ်က အချစ်နဲ့ပတ်သက်ပြီး ပထမဆုံးအတွေ့အကြုံမို့ ဂနာမငြိမ်ဖြစ်ကာ ရင်ခုန်သံတွေ ညံညံစီနေ၏။

နောက်တော့ ဘုရားပေါ်မှာပင် မမကေက နေသွေးကို စည်းကမ်းတချို့ ထုတ်၏။ ထိုစည်းကမ်းချက်တွေထဲတွင် တစ်ပတ်တွင် နှစ်ရက်သာ ချိန်းတွေ့ခွင့်ရ၏။ သူမ မကြိုက်သည့်အပြုအမူ အပြောအဆိုများနှင့် ဆိတ် ကွယ်ရာအရပ်၊ လူမမြင်ရာနေရာမျိုးကိုသွားခွင့်မပြု ဆိုသည့် အကြောင်းအရာတွေ ပါဝင်၏။

ဘာပဲဖြစ်ဖြစ် နေသွေး သဘောတူခဲ့ပါသည်။ နေသွေး တွေးမိသလောက်ကတော့ မမကေဟာ တခြားမိန်းကလေးတွေလို အလှအပ၊ ပျော်ရွှင်မှုနှင့် ပေါးလားဝါးလားကိစ္စတွေကို. . . သိပ်မဟုတ်မဝေးတတ်။ မမကေအနားမှာ စာအုပ်တစ်အုပ်ရှိနေလျှင်. . ပြည့်စုံနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အချိန်ကြာလာသည်နှင့်အမျှ မမကေ၏စိတ်နေသဘောထားနှင့် အကျင့်စရိုက်တွေကို နေသွေး သိလာခဲ့၏။

နောက်. . . ထူးခြားမှုက မမကေနှင့်တွေ့ဆုံတိုင်း သူမက ရယ်စရာဟာသပုံပြင် တစ်ပုဒ်မဟုတ်တစ်ပုဒ် ပြောပြတတ်သည်။ ကိုယ့်ချစ်ရသူမို့ပဲလား. . မမကေကပဲ ပင်ကိုယ်ပုံပြောကောင်းသည်လား. . မပြောတတ်။ မမကေ ပုံပြောသည်မှာ. . အင်မတန်မှ နားထောင်လို့ကောင်း၏။

သည်လိုနှင့် နေသွေးတစ်ယောက် မမကေ၏ပုံပြင်လေးတွေကို မက်မောစွဲမက်လာခဲ့ပြီဖြစ်၏။

ချစ်သူတွေဖြစ်ခဲ့ကြပြီးနောက် တစ်ယောက်နှင့် တစ်ယောက်တို့၏ အခေါ်အဝေါ်တွေကလည်း ကဗျာဆန်ဆန် ပြောင်းလဲသွားခဲ့ချေပြီ။

'မ. . မောင့်ကို ဘယ်လောက်အထိ ချစ်သလဲဟင်'

နေသွေးက သူမနှင့်တွေ့ဆုံတိုင်းလိုလို မရိုးအောင် မေးတတ်သည့် စကားကို သူမက အဝေးတစ်နေရာကို ငေးမောနေရာမှ နွေဦးဆန်သည့်အပြုံးနှင့်အတူ ခပ်တိုးတိုးကလေးဆို၏။

'ချစ်တာပေါ့ မောင်ရယ်. . ပြောလို့မတတ်အောင်ပဲ'

'ဒါနဲ့ မောင့်ကို ဒီနေ့ ပုံပြင်ပြောမပြရသေးဘူးနော်'

'နားထောင်ချင်တယ်ပေါ့'

'အင်း'

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်. . .'ဆိုပြီး သူမက နဖူးလေး ရှေ့တိုးပေးလာ၏။

သူမအပြုအမူကို နေသွေးက သဘောတကျပြုံးလိုက်ပြီး. . သူမနဖူးကလေးအထက်သို့ နူးညံ့ညင်သာစွာဖြင့် ရမ္မက်မဆန်သော အနမ်းတစ်ပွင့် တင်ပေးလိုက်သည်။ သို့မှ သူမက စကားစ,၏။

'ဒီပုံပြင်လေးက ဒီလထုတ် ရယ်စရာမဂ္ဂဇင်းထဲက ဖတ်လိုက်ရတာကို ပြန်ပြောပြမှာနော်'

'ဟိုး. . ရှေးရှေးတုန်းက ရွာတစ်ရွာမှာ နတ်ကြီး ဆိုတဲ့ လူပျိုလေးတစ်ယောက်ရှိတယ်တဲ့. . သူက မိန်းမလိုချင်နေတာလည်း တစ်ပိုင်းကို သေနေတာပဲ၊ သူ့မှာ ယူစရာ ရည်းစားရှိနေပေမယ့် သူ့အဖေဖိုးတုတ်ကြောင့် အခက်ကြုံနေရတယ်တဲ့. .'

'သူ့အဖေက ဘာဖြစ်လို့လဲ. . သူ့ကောင်မလေးနဲ့ သဘောမတူလို့လားဟင်'

'မောင့်ကို ပြောထားတယ်လေ. . ပုံပြင်ပြောရင် ဖြတ်မမေးပါနဲ့ဆို'

သူမက စိတ်ကောက်သလို နှုတ်ခမ်းကလေး စူပြီး. . မျက်စောင်းကလေးထိုးပြောတော့ နေသွေးက

'မက စိတ်ကောက်ရင်လည်း အရမ်းလှတာပဲနော်'

'ကဲပါ. . ကိုယ့်ငါးချဉ် ကိုယ်ချဉ်မနေပါနဲ့ ပြောနေတာတောင် ဘယ်ရောက်သွားပါလိမ့်. . ဩော်. . သိပြီ'ဟု ဆိုကာ သူမဘာသာမေး သူမဘာသာ ဖြေပြီး ပုံပြင်ကို ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'တစ်နေ့မှာ. . နတ်ကြီးက သူ့ရည်းစားဖြစ်တဲ့ ရွာလယ်ပိုင်းက ငွေးတုတ်မကို ယူဖို့အတွက်. . သူ့အဖေ ဖိုးတုတ်ကို အတောင်းခိုင်းတယ်'

'အဟီး. . ဟီး'

ရုတ်တရက် ထရယ်နေသည့် နေသွေးကို သူမက -

'ဘာရယ်စရာပါသေးလို့လဲ မောင်ရဲ့'

'အဟီး. . ပါတာပေါ့ မရဲ့. . ကောင်မလေးနာမည်ကလည်း ပေးစရာရှားလို့ ငွေးတုတ်တဲ့. . အဟီး. . ဟီး'

သို့မှ သူမပါ အတွေးပေါက်ပြီး လိုက်ရယ်နေသေး၏။

'ကဲပါ. . ဆက်ပြောပါ. . မောင် ဝင်မပြောတော့ပါဘူး'

'အဲလိုတောင်းခိုင်းရော အဖေဖြစ်တဲ့ ဖိုးတုတ်က နဖူးကြောကြီးတွေ တွန့်ပြီး စဉ်းစားနေတယ်တဲ့. . ခဏနေမှ အဲဒါ ရွာလယ်က မိချက်သမီးမို့လားလို့ သူ့သားကို ပြန်မေးတယ်၊. . နတ်ကြီးက ခေါင်းညိတ်ပြတယ်. . အဲဒီမှာ ပြဿနာ စ,တော့တာပဲ'

'ဘာပြဿနာလဲဟင်. .'

'ပြဿနာက ဒီလို. . ဖိုးတုတ်က သားဖြစ်သူကို အဲလိုဆိုရင်တော့ မဖြစ်သေးဘူး ငါ့သားတဲ့. . သားဖြစ်သူက ဘာလို့မဖြစ်တာလဲလို့ ပြန်မေးတော့. . ဖအေဖြစ်သူက ဆွေးဆွေးရီရီနဲ့ အိမ်ရှေ့ကို ငေးကြည့်ပြီး မျက်နှာငယ်လေးနဲ့ရှင်းပြရှာတယ်. . ဒါ. . အဖေ့ရဲ့မိုက်ပြစ်တွေပါ လူလေးရယ်. . တဲ့'



www.burmeseclassic.com

www.burmeseclassic.com



သူမက ပုံပြင်ကို ခဏရပ်ပြီး. . နေသွေးကို အကဲခတ်သလို ကြည့်လိုက်သေးသည်။

စိတ်ဝင်တစား နားထောင်နေပုံရှိတာကြောင့် သူမက ပုံပြင်ကို ဆက်ပြောပြ၏။

'ငွေးတုတ်မရဲ့အမေ မိချက်နဲ့အဖေက ငယ်ချစ်တွေပေါ့ကွာ၊ ချစ်သူဘဝ ကျူးကျူးလွန်လွန်နယ်ကျွံပြီးမှ လူကြီးတွေ သဘောမတူတာကြောင့် ဝေးခဲ့ရပြီး အခု မင်းအမေနဲ့ လက်ထပ်ခဲ့ရတယ်၊ မိချက်လည်း အိမ်က ပေးစားတဲ့လူနဲ့ယူလိုက်ရတယ် သားရယ်. . တကယ်တော့ သားချစ်သူ ငွေးတုတ်မက အဖေ့သမီးအရင်းပါသားရယ်၊ ငါ့သားနဲ့ဆို ဖအေတူ မအေကွဲမောင်နှမတော်တယ်ကွဲ့'

နေသွေးက နားထောင်ရင်း ပြုံးစိစိဖြင့် သူမကို ကြည့်နေသဖြင့် မေးလိုက်၏။

'လူကို ပြုံးစိစိနဲ့ ဘာကြည့်နေတာလဲ'

'ဘာမှမဟုတ်ပါဘူး မရဲ့. . ဆက်ပြောပါ. . အဲဒီတော့ သူ့သားက ဘာပြောလဲ'

'နတ်ကြီးက ဘာပြောတော့မလဲ. . အံ့ဩတကြီးနဲ့ ပါးစပ်အဟောင်းသားကလေး ဖြစ်နေတာပေါ့. . သူ့အဖေက ဘာထပ်ပြောသလဲ ဆိုတော့၊ လူလေး. . ဒီကိစ္စကို မင်းအမေ မသိစေနဲ့နော်တဲ့'

နေသွေးက နတ်ကြီးမျက်နှာကို အာရုံထဲမှာ ပုံဖော်ကြည့်ပြီး တခွီးခွီးနဲ့ ထရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မရယ်နဲ့ဦး. . ကျန်သေးတယ်. . အဲလိုနဲ့ နောက်တစ်ပတ်လောက်ကြာတော့. . . နတ်ကြီးက ရွာတောင်ပိုင်းသူလေး ပူစူးမကို အတောင်းခိုင်းပြန်တယ်၊ ဒီတော့လည်း သူ့အဖေဖိုးတုတ်က သူ့အမေ က ဘယ်သူမို့လား. . အဲဒါ အဖေနဲ့ငယ်ရည်းစားတွေ၊ မင်းနဲ့ မောင်နှမတော်တယ်. . မယူကောင်းဘူး ပြောပြီး ထုံးစံအတိုင်း မင်းအမေ မသိစေနဲ့လို့ မှာပြန်တယ်တဲ့'

'အဲဒီလူက တော်တော်ရှုပ်တာပဲနော်. . မောင်ကတော့ တစ်ယောက်ဆိုတစ်ယောက်ပဲ'

မဆီမဆိုင် အမှတ်ဝင်ယူနေသည့် နေသွေးကို သူမက မျက်စောင်းတစ်ချက်ကျွေးလိုက်ပြီး -

'အဲလိုနဲ့. . မကြာခင်မှာပဲ ရွာမြောက်ပိုင်းက ဘုတ်ဆုံမကို အတောင်းခိုင်းပြန်တယ်. . . သူ့အဖေကလည်း ခေတ်ပြားဟောင်းကြီးပဲ ပြန်ဖွင့်ပြနေတယ်. . ဒါနဲ့ နတ်ကြီးက. . အင်း. . ဒီပုံအတိုင်းဆိုရင်တော့ တစ်ရွာလုံးနဲ့ ငါက အမျိုးကင်းပုံမရဘူး. . . ငါလည်း ဒီတစ်သက် မိန်းမရမှာ မဟုတ်တော့ဘူး၊ ဒီတော့. . ဟိုဘက်ရွာက မယ်စိန်ကိုပဲ အတောင်းခိုင်းတော့မယ်. . ဆိုပြီး. . . သူ့အဖေကို ပြောတော့ . . . သူ့အဖေက ဘာ. . မယ်စိန်. . ဟုတ်စ. . . မယ်ရွှေရဲ့ အစ်မမို့လား'

သူမက သူမဘာသာပြောပြီး သူမဘာသာ သဘောတကျ ရယ်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီမှာ နတ်ကြီးက အဖေကို မကြည်သလိုကြည့်ပြီး ဘာလဲ ဒါလည်း အဖေ့သမီးပဲလားလို့ ရွဲ့မေးတယ်တော့. . ဟိုကလည်း ပြတ် ပြတ်သားသားပါပဲ. . အေးကွ. . အငယ်မ မယ်ရွှေဆိုရင်တော့ မင်းနဲ့ ဘာမှမတော်ဘူး. . လိုချင်ရင် ငါကိုယ်တိုင် လိုက်တောင်းပေးမယ်ကွ ဆိုပြီး ရွာထဲထွက်သွားရောတဲ့'

'အဟီး. . အဲဒီတော့ နတ်ကြီး ဘာဆက်ဖြစ်လဲ မ. . '

'ဘာဖြစ်ရမလဲ မောင်ရဲ့. . အိမ်ရှေ့မှာ စိတ်ပျက်လက်ပျက် နဲ့ ငူငူကြီးထိုင်နေတော့တာပေါ့. . အဲဒီအချိန်မှာ ဈေးရောင်းသွားတဲ့ သူ့အမေ ရောက်လာပြီး၊ ဟဲ့. . သားလေး. . မှိုင်မှိုင်တွေတွေနဲ့ ဘာ ဖြစ်နေတာလဲလို့ မေးပါရောလား. . နတ်ကြီးကလည်း ဒေါသဖြစ်ဖြစ် နဲ့ မအေကို ဖြစ်ကြောင်းကုန်စင်ပြောပြ ရင်ဖွင့်လိုက်ပါလေရော'

'ဒါဆို ဖိုးတုတ်တော့ အရှုပ်ထုတ်တွေပေါ်ပြီး မိန်းမနဲ့ ပြဿ နာတက်ပြီပေါ့. . ကောင်းတယ်. . ကောင်းတယ်၊ ဒါမှမှတ်မှာ'

နေသွေးမှတ်ချက်ကို သူမက နွေဦးဆန်ဆန်အပြုံးနှင့်အတူ ကြည့်ပြီး အောက်ပါအတိုင်း ဆက်ပြောပြလေတော့၏။

'ပြဿနာတက်ပါလိမ့်မယ်. . အားကြီးကြီး၊ သူ့အမေက သူ့ သားကို လေသံအေးအေးလေးနဲ့ ဘာပြောတယ်မှတ်သလဲ. . ဒါများ ငါ့သားလေးရယ်. . ဘာခက်တာ မှတ်လို့. . သားယူချင်တဲ့ မိန်းမ ရဲရဲသာ ယူလိုက်. . တဲ့။ နတ်ကြီးက အဲဒီမှာ ဟာ. . ဘယ်ဖြစ်မလဲ. . မောင်နှမတွေကို အမေရဲ့လို့ ဝင်ပြောတော့ သူ့အမေ ပြုံးပြုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး သားရယ်. . ငါ့သားလေးကလည်း မင်းအဖေ ဖိုးတုတ်ရဲ့သား မှ မဟုတ်တာ. . အေးနော်. . အမေက ငါ့သားလေးကို ချစ်လွန်းလို့ ပြောပြတာ. . မင်းအဖေ လုံးဝမသိစေနဲ့လို့ ပြောပြီး တစ်ခါတည်း အိမ် ထဲဝင်သွားပါလေရောတဲ့လေ. .'

◆



www.burmeseclassic.com

www.burmeseclassic.com

## ဆာကိုယ် (၁၆)

'ဟားဟား. . ဟား'

'ခစ်ခစ်. . ခစ်'

'မင်းမမကတော့ တကယ်ပဲကွာ. . ပေါက်ပေါက်ရှာရှာတွေ ပြောတတ်တယ်. . ဟဲဟဲ'

နေသွေးစကားအဆုံးမှာ သက်စု၊ ကြည်စင်ဦးနှင့် မှင်စာတို့ သုံးယောက် အူတက်မတတ်ရယ်နေကြသည်။

'ငါ နောက်တစ်ပုဒ် ထပ်ပြောရဦးမလား'

နေသွေးက မမကေပြောပြသည့် ပုံပြင်တွေကို သူငယ်ချင်းတွေကို ပြောပြပြီး တစ်ဆင့်ဖောက်သည်ချနေခြင်းဖြစ်၏။

ဒါကို မှင်စာက -

'လုပ်စမ်းပါဦးဟ. . ရယ်ရတယ်'

'ဒီလိုကွ. . ယောက်ျားတစ်ယောက်က သတင်းစာထဲမှာ. . မိန်းမတစ်ယောက် အမြန်အလိုရှိသည်ဆိုပြီး ကြော်ငြာထည့်လိုက်တယ်'

'အဲဒီတော့. .'

'အဲ့ဒီမှာပဲ ကြော်ငြာထည့်တဲ့ယောက်ျားဆီကို messageတွေ ဖုန်းတွေ ပြုံပြီးဝင်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုလိုချင်တဲ့ မိန်းကလေးတွေဆီကလားဟင်'

စကားဝင်ထောက်ပေးတဲ့ မိသက်စုကို နေသွေးက ပြုံးပြပြီး ဆက်ပြောပြသည်။

'အဲဒီ့ဝင်လာတဲ့ ဖုန်းတွေနဲ့ message တွေရဲ့ဦးတည်ချက်က တစ်ခုတည်းပဲ. . အားလုံးက အတူတူလိုပဲဆိုပါတော့၊ ဒါပေမဲ့ သက်စု မေးသလို မိန်းကလေးတွေဆီက မဟုတ်ဘူး. . ယောကျ်ားတွေဆီက'

'ဟင်. . ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ မှင်စာရဲ့. . . အဲဒီ့ ယောကျ်ားတွေက သူတို့ မိန်းမတွေကို စိတ်ကုန်နေလို့ ကြော်ငြာထည့်တဲ့ ပုဂ္ဂိုလ်ဆီကို အားရ ဝမ်းသာနဲ့ ခင်ဗျားအလိုရှိရင် ကျုပ်မိန်းမကို ချက်ချင်းလွှတ်လိုက်မယ် တဲ့. . လေ'

'ခွိး. . . ခွိး'

'ဟားဟား. . ဟား'

နေသွေးစကားအဆုံးမှာ ရယ်လိုက်ကြစမ်းဆိုတာ ဘာပြော ကောင်းမလဲ. . ဘာမှကို ပြောမကောင်းဘူး။ သက်စုတစ်ယောက်. . အရယ်လွန်ပြီး ရှူးတွေပင် ထွက်ကျလာ၏။

မှင်စာက သူ့အသံဝါကြီးကို ထိန်းချုပ်သည့်အနေဖြင့် ပါးစပ် ကို ပိတ်ထား၏။

ကြည်စင်ဦးက ဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်နေရ၏။

'ကျန်သေးတယ်. . ထပ်ပြောရဦးမလား'



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး . . တော်. . တော်ပါတော့ ကိုနေသွေးရယ်. . ငါ အရယ်လွန်ပြီး အသက်ထွက်သွားလိမ့်မယ်'

မိသက်စုက လက်ကာပြပြီး မောသံကြီးဖြင့် ပြောလာသဖြင့် နေသွေးပင် ရယ်မိ၏။

'ဒါနဲ့ စကားမစပ်. . နေသွေး၊ မင်းတို့အတွဲက ချိန်းတွေ့ပြီး ဒီလိုရယ်စရာပုံပြင်တွေပဲ ထိုင်ပြောနေကြတာလား'

'အေး'

နေသွေးအဖြေအဆုံးမှာ မှင်စာက -

'ဟွန်း. . မင်းတို့အတွဲကလည်း ရင်ခုန်စရာမကောင်းလိုက်တာ'ဟု ရှုံ့မဲ့ပြောသည်။

'တစ်ခါတလေတော့လည်း. . အဟဲဟဲ. . ဟဲ'

ရယ်ကျဲကျဲ စပ်ဖြီးဖြီးပြောလာသည့် နေသွေးကို မိသက်စုက

'မသာကောင်၊ နှာဗူး'ဟု ဆိုကာ ထောပနာပြုနေလေတော့သည်။

♦



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ…

အချစ်ဆိုတာ ဒဏ္ဍာရီထဲက ထွက်ကျလာတဲ့

ဂန္ထဝင်ပုံပြင်တစ်ပုဒ်လား…

ရယ်ရွှင်ဖွယ်ရာတွေနဲ့ထုလုပ်ထားတဲ့

ဂန္ထဝင်ပြဇာတ်တစ်ပုဒ်လား…

ဒါမှမဟုတ်

အဆိပ်တွေ လူးထားတဲ့ ဓိုင်တစ်ခွက်လိုလား…

မိတ်ဆွေတို့ရေ…

ကျုပ်ကတော့ ဆောခရေတီလိုပါပဲ…

ကျုပ်ရဲ့အချစ်စစ် ခံယူချက်အမှန်တရားတွေအတွက်

ကျုပ်အတွက် သေဆေးဖြစ်နေပါစေ

ကျုပ်က မက်မက်မောမောကြီးကို

မော့…

သောက်…

ပစ်…

မယ့်…

ကောင်…

ဗျ…။



www.burmeseclassic.com

www.burmeseclassic.com

## ခက်ကိုယ် (၁၇)

'မောင်. . မောင့်အတွက် 'မ'က တကယ်ပဲ အချစ်ဦးလားဟင်

သနားစဖွယ် မျက်ဝန်းလေးတွေနှင့် ရင်ခွင်ထဲကနေ မော့ကြည့်ကာ မေးလာသည့် မမကေကိုကြည့်ပြီး နေသွေး ပြုံးလိုက်မိ၏

'ဘာဖြစ်လို့ အခုမှ အထူးအဆန်းလုပ်ပြီး မေးနေရတာလဲ 'မ'ရယ်. . ချစ်သူတွေဖြစ်တာပဲ တစ်လပြည့်တော့မယ့်ဟာကို. . ဘာလဲ. . မောင့်ကို မယုံလို့လား. . ဒီမယ် မောင့်အတွက် 'မ'က ဒီဘဝ တင်မကဘူး၊ နောက်ဘဝအဆက်ဆက်တွေထိ အချစ်ဦးပဲ'

'ဒါဆိုရင် 'မ'ကိုရော. . မောင်က အချစ်ဦးပဲလားလို့ မမေးတော့ဘူးလားဟင်'

နေသွေးက မမကေဆံနွယ်စလေးတွေကို တယုတယ သပ်တင်ပေးလိုက်ပြီး

'မေးစရာမလိုပါဘူး 'မ'ရယ်. . မောင်က အချစ်ကို ယုံကြည်မှုနဲ့အသက်သွင်းထားတဲ့သူလေ၊ 'မ'ကို မောင်အကြွင်းမဲ့ယုံကြည်ထားတယ်'

'ဪ. . မောင်ရယ်'

သူမက သက်ပြင်းတစ်ချက် ခိုးချလိုက်ပြီး ငေါင်းငိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မ. . ဒီနေ့ ဘာဖြစ်နေတာလဲ. . စကားအထူးအဆန်းတွေ ပြောပြီး မျက်နှာကလည်း သိပ်မလန်းသလိုပဲ'

ချစ်သူ၏ဂရုတစိုက်မေးခွန်းတွေနှင့်အတူ ကြင်နာညင်သာစွာ တို့ထိလာသည့် သူမနဖူးပေါ်က နေသွေးလက်ကလေးကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး သူမ ပြုံးလိုက်၏။

အပြုံးက အရင်လို နွေဦးမဆန်လှပဟု နေသွေး ထင်သည်။ အပြုံးယဲ့ယဲ့ကလေးဟု လတ်တလော သတ်မှတ်လိုက်ပါစို့။

'အရမ်းချစ်တယ် မောင်ရယ်'

'ဒါဆို. . ပုံပြင်ပြောပြ'

'ဟုတ်ပါရဲ့. . မောင့်ကို ပုံပြောဖို့ မေ့နေလိုက်တာ. . 'ဟု ဆိုကာ သူမက ထုံးစံအတိုင်း ဟာသပုံပြင်တစ်ပုဒ်ပြောပြလေ၏။

"ကျောင်းစာသင်ခန်းတစ်ခုထဲမှာ အသစ်ရောက်လာတဲ့ ပန်းချီဆရာမက Blackboard ပေါ်မှာ ပန်းသီးပုံဆွဲလိုက်ပြီး ကလေးတွေကို ဒါ. . ဘာပုံလဲ ကလေးတို့လို့ မေးလိုက်တော့၊ ကျောင်းသားလေးတစ်ယောက်က ဖင်တုံ့ပုံကြီးပါ ဆရာမလို့ ထပြောတယ်. . ဒီအချိန် ဒေါသအရမ်းထွက်နေတဲ့ ဆရာမက အဲဒီကျောင်းသားလေးကို မာန်မဲဖို့အလုပ်မှာ နောက်ထပ်ကျောင်းသားလေးတစ်ယောက် ထလာပြီး ဖင်တုံ့မဟုတ်ပါဘူး ဆရာမ. . အိုးပုံပါ. . လို့ ပြောတဲ့အခါမှာတော့ ဆရာမလေးဟာ ရှက်စိတ်နဲ့ ဒေါသစိတ်တို့ပေါင်းပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ကျောင်းအုပ်ဆရာကြီးကို သွားတိုင်ပါလေရော'



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို မျက်လုံးကလေးအဝိုင်းသားနှင့် နေသွေးကတော့ နားထောင်နေ၏။

'နောက်. . ကျောင်းအုပ်ဆရာကြီးက ဆရာမလေးနဲ့အတူ စာသင်ခန်းထဲကို ရောက်ရောက်ချင်း. . မင်းတို့ . . ဆရာမကို မလေးမစားပြောဆိုဆက်ဆံတယ်ဆို. . ဘယ်သူတွေလဲကွ ဆိုပြီး ဆရာကြီးက Blackboard ပေါ်က ပန်းသီးပုံကိုတွေ့သွားပြီး အကြီးအကျယ်ဒေါသထွက်သွားကာ၊ ဟေး. . မင်းတို့ မိုက်ရိုင်းလှချည်လား ဒီအပေါ်မှာ ဘယ် မိမဆုံးမ ဖမဆုံးမ သားသမီးတွေက လက်ကမြင်းကြောထပြီး ဖင်ပုံကြီးဆွဲထားတာလဲကွ ဟင်. . ဆိုပြီး ဘုမသိဘမသိ အော်ပါလေရောလား'

'ဟားဟား. . ဟား. . ဒါ. . ဒါဆို. . ဆ. . ဆရာမ. . ဟား ဟား. . .'

နေသွေးတစ်ယောက် စကားပင် ဆုံးအောင်မပြောနိုင်။ အူတက်မတတ် ရယ်နေ၏။

'ကျောင်းအုပ်ကြီးစကားလည်း ဆုံးရော၊ ပန်းချီဆရာမအသစ်လေးခမျာ. . ခပ်ရှက်ရှက်နဲ့ စာသင်ခန်းအပြင်ကို ထွက်ပြေးသွားရောတဲ့'

ပုံပြောကောင်းလှသည့် သူမ၏ပုံပြင်လေးတွေက နေသွေးစိတ်အစဉ်ကို ဖမ်းစားနိုင်လွန်းသလို မရိုးနိုင်အောင်လည်း တစ်မျိုးဆွဲဆောင်ထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'မက တကယ် ရှာရှာဖွေဖွေ ပြောတတ်တယ်ဗျာ'

'မ. . ပြောတတ်တာ မဟုတ်ပါဘူးနော်. . စာရေးဆရာတွေက တွေးတတ်ရေးတတ်လွန်းတာပါ၊ အဲဒီပုံပြင်နဲ့ ခပ်ဆင်ဆင် နောက်တစ်ပုဒ်ရှိသေးတယ်. . 'မ' ထပ်ပြောပြရဦးမလား'

အားတက်သရော မေးလာသည့် သူမကို နေသွေးက ခေါင်းညိတ်ပြလိုက်သည်ဆိုရင်ပဲ သူမက နောက်ပုံပြင်တစ်ပုဒ်ကို အောက်ပါအတိုင်း အချိုးအဆစ်ညီညီ၊ လေယူလေသိမ်းကောင်းကောင်း၊ ဌာန်ကရိုင်းကျကျဖြင့် ပုံပြောသမားကောင်းတစ်ယောက် ပီသစွာ ညှို့ဓာတ်ပါသည့်မျက်ဝန်း၊ အသံနေအသံထား၊ စကားလုံးအထားအသို နူးညံ့သေသပ် ကျစ်လစ်သိပ်သည်းစွာဖြင့် ပြောပြပါလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စမတန်း(က)စာသင်ခန်းတစ်ခန်းထဲသို့ အင်္ဂလိပ်စာ ဆရာမလေးအသစ်တစ်ယောက် ရောက်လာသည်။

ဆရာမလေးက အတွေ့အကြုံနုနယ်သေးသည့် တန်းပြဆရာမလေးဖြစ်သဖြင့် ကျောင်းသူကျောင်းသားတွေကို ရှိန်းပြီး ခပ်ရွံ့ရွံ့ဖြစ်နေပုံရ၏။

သို့နှင့်. . ဆရာမက 'အို. . ငါက ဆရာမပဲ'ဟု ကိုယ့်ကိုယ်ကို အားပေးပြီး ကျောင်းသူကျောင်းသားတွေဘက်သို့ မျက်နှာထားတည်တည်ဖြင့် မျက်နှာမူလိုက်ပြီး အသံကို မတုန်အောင် ဂရုတစိုက်ထိန်းပြီးပြောလိုက်သည်။

'ကဲ. . စာသင်တော့မယ်. . စကားများတာတွေ ရပ်ပြီး စာအုပ်တွေ အဆင်သင့်ထုတ်တော့'

ပြီးနောက်. . ဆရာမလေးက အင်္ဂလိပ်စာမီးနင်းစကားလုံးတချို့ကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် Blackboard ပေါ်မှာ ချရေးနေ၏။

ပြီးမှ -

'ကဲ. . နောက်က လိုက်ဆိုကြပါ. . . E-X-A-M-P-L-E အိတ်ဆန်းပယ်'

'E-X-A-M-P-L-E အိတ်ဆန်းပယ်'

ကျောင်းသားကျောင်းသူတွေ၏ သံပြိုင်အော်သံအဆုံးမှာ ဆရာမလေးက -



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ. . Example ဆိုတာ အဓိပ္ပာယ်ဘာလဲ'

ဖြေသံမကြားရ။

သို့နှင့် ဆရာမလေးက နောက်တစ်ကြိမ် ထပ်မေး၏။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

'ဟွန်း. . ဒါ. . ငါ့ကို ဆရာမပေါက်စနအသစ်ပဲ ဆိုပြီး အကဲစမ်းကြတာပေါ့လေ. . တွေ့မယ်' ဆိုပြီး ဆရာမလေးက လေသံ ခပ်ကျယ်ကျယ်ဖြင့် ထပ်မေးလိုက်၏။

'မကြားကြဘူးလား ဆရာမ မေးနေတယ်လေ၊ Example ဆိုတာ မြန်မာလိုအဓိပ္ပာယ် ဘာလဲလို့'

သည်တော့မှ ကျောင်းသားလေးတစ်ယောက် မရဲတရဲအသံလေးနှင့် ဖြေသည်။

'Example ဆိုတာ ဥမပါ ပါ ဆရာမ'

ထိုအဖြေကြောင့် အပျိုဖျန်းလေးဖြစ်သည့် ဆရာမလေးမှာ ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ရဲတက်သွား၏။

'ဘာပြောတယ်ကွ. . ထပ်ဖြေပါဦး'

'ဥမပါ. . ပါ ဆရာမ'

သို့မှ. . ဆရာမကလေးက သူ ရေးထားသည့် meaning အဓိပ္ပာယ်တွေကို ပြန်ကြည့်မိပြီး အံ့ဩစိတ်နှင့် ရှက်စိတ်တို့ ပေါင်းဆုံပြီး Blackboard ပေါ်က စာကို အတင်းဖျက်နေလေတော့သည်။

ထို ဆရာမလေး ရေးထားသည်က -



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| Example | = | ဥပမာ |
| Fish | = | ငါး |
| City | = | မြို့တော် |
| Radio | = | ရေဒီယို |
| Dream | = | အိပ်မက်စိတ်ကူး ဟူသတည်း။ |

◆

ပုံပြင်ကလေးဆုံးတော့ နေသွေးတစ်ယောက် အူလှိုက်သည်းလှိုက်ရယ်နေမိ၏။ သူမကလည်း ချစ်သူရယ်သံနှင့်အတူ စီးမျောလိုက်ပါနေသည်။

ချစ်သူတို့၏ညနေခင်းကလေးသည် ထိုကဲ့သို့ သင်းထုံပျံ့မွှေးနေသည်။ အိပ်တန်းပြန်ငှက်တချို့နှင့် ဝင်အံ့ဆဲဆဲ ပုစွန်ဆီရောင် နေလုံးကြီးတို့က တိမ်ဆည်းဆာတို့အောက်မှာ ပန်းချီကားတစ်ချပ်အဖြစ် သရုပ်ပြနေကြသည်။

ကန်ဘောင်လေးပေါ်က ချစ်သူနှစ်ဦးကတော့ တစ်ယောက်ကိုတစ်ယောက် ရမ္မက်မဆန်သော အပွေ့အဖက်အယုအယတွေနှင့် အတူ ရယ်ရွှင်သံတွေ ဝေဝေညံညံလွင့်ပျံ့စေခဲ့ပါ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## စာကိုယ် (၁၈)

'မ . . နောက်တစ်ပတ်ထဲဆိုရင် မနဲ့ မောင်နဲ့ ချစ်သူသက်တမ်း ၂လပြည့်တော့မှာနော်'

'ဟုတ်တယ်နော်. . အဲဒီနေ့ကျရင် မြသလွန်ဘုရားရယ်. . မင်းဘူးဘက်က စက္ကိန်းတဲဘုရားနဲ့ နဂါးပွက်တောင်နဲ့ ကျောင်းတော်ရာဘုရားကို သူငယ်ချင်းတွေနဲ့သွားရင် မကောင်းဘူးလား'

'ကောင်းတယ်. . မ အစီအစဉ်အရမ်းကောင်းတယ်၊ ဒါဆိုဟိုကောင် မှင်စာကြီးလည်း ပျော်မှာ'

'မောင်. . မကို အရမ်းချစ်တာပဲလားဟင်'

မမကေက နေသွေးအတွက် အင်မတန်ထူးခြားဆန်းကြယ်လှသော ညို့ကဝေတစ်ကောင် ဖြစ်၏။ ယခုလည်း. . ရုတ်တရက် စကားအဆန်းတွေ ဆိုလာခဲ့၏။

ဒါလည်း သူမ၏ထူးခြားလျှို့ဝှက်မှုတွေထဲက တစ်ချက်ဟုပင် ဆိုရပေမည်။

'ဘယ်လိုဖြစ်လို့လဲ မရဲ့. . ချစ်လိုက်သမှ တုန်နေတယ်. . . မောင့်အသည်းတွေ ပေါက်ထွက်သွားမလား မှတ်ရတယ်. . မောင်. .



www.burmeseclassic.com

www.burmeseclassic.com



မကို ဘယ်လောက်အထိ ချစ်သလဲဆိုရင်. . မောင် ကျောင်းပြီးတာနဲ့ မိဘတွေကိုပြောပြီး. . မကို တစ်ခါတည်း လက်ထပ်မှာဗျ သိရဲ့လား'

နေသွေးစကားကို သူမက သဘောတကျ နှစ်လိုစွာပြုံးပြပြီး နေသွေးနဖူးလေးကို နူးညံ့စွာ နမ်းရှိုက်လိုက်၏။

'ဒီလိုဆိုရင်. . အခု မောင့်ကို မ. . ပုံပြင်ပြောရတော့မလား ဟင်. .'

'အင်း'

'ဒါ. . ပုံပြင်တော့ မဟုတ်လောက်ဘူး. . . စာရေးဆရာက ဟောဒီ မကွေးမြို့က ကျောင်းသူကျောင်းသားတွေရဲ့ တကယ့်အဖြစ် အပျက်လို့ ရေးထားတယ်'

'ဟုတ်လား. . ဒါဆို ဒီမြို့က ပုံပြင်ပေါ့'

'အင်းပေါ့. . ပုံပြင်လေးရဲ့ခေါင်းစဉ်က 'ရဲဖမ်းထားလို့ ပျော့' တဲ့. .'

'ဒါဆို ပိုပြီးတော့ စိတ်ဝင်စားသွားပြီ. . မ ပြောပြတော့'

သူမက နွေဦးဆန်ဆန်အပြုံးနှင့်အတူ. . ပုံပြင်ကလေးကို အသက်သွင်းလိုက်လေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(၁)

မကွေးတက္ကသိုလ်ကြီးထဲမှဝိဇ္ဇာcanteenတစ်ခုတွင် 'ဖိုးသား' ဟူသော ကျောင်းသားလေးနှင့် အလွန်အင်မတန် ရိုးအလှစွာသော တောသူမလေး 'မာလာသင်း'တို့ သူငယ်ချင်းနှစ်ယောက် နံနက်စာ စားသောက်၍ပြီးစအချိန် ဖြစ်၏။

'ဟဲ့ . . ဖိုးသား . . ငါ မကွေးကိုရောက်တာ ၃လ ပြည့်တော့မယ် . . အခုထိ မြသလွန်ဘုရားကို မဖူးဘူးသေးဘူး . . အဟဲ . . အဲဒါ နင် ကုသိုလ်လည်း ရအောင် . . ငါ့ကို ညနေကျ နင့်ဆိုင်ကယ်လေးနဲ့ ဘုရားလိုက်ပို့ပါလား'

'ရတယ်လေ . . ဒါပေမယ့် ဒီဝိုင်းဖိုးကို နင်ရှင်းရမယ်၊ ဘုရားသွားရင် ဆိုင်ကယ် ဆီဖြည့်ပေးရမယ်'

'ဟုတ်ပြီ . . ငါ တာဝန်ယူတယ်'

ဖိုးသားက ငါးခူပြုံးဟု တခြားစာရေးဆရာတချို့ ရေးသည့် အတိုင်း ပြုံးလိုက်ပြီး -

'မပြီးသေးဘူး မာလာရဲ့ . . ငါ့ကို ဘုရားပေါ်မှာ ထော်မီနဲ့ စီးကရက်ဝယ်တိုက်ရဦးမယ်'

'ဟွန်း . . ဖိုးသား၊ နည်းနည်းတော့ များသွားပြီထင်တယ် . .



www.burmeseclassic.com

www.burmeseclassic.com



တကတည်း ဘုရားလေးတစ်ခေါက်လိုက်ပို့ခိုင်းပါတယ်၊ မပြောလိုက်ချင်ဘူး'

'ဒါဆိုလည်း ကိုယ့်ဘာသာ လေးဘီးငှားသွားလေ'

ဖိုးသားက ပြောပြီး စီးကရက်တစ်လိပ်ကို လီယိုနာဒိုမင်းသားပုံစံနှင့် မီးညှိရှိုက်ဖွာလိုက်ကာ မီးခိုးငွေ့လေးများကို အဝိုင်းလေးများဖြစ်သွားအောင် မှုတ်ထုတ်လိုက်ပြီး မှုနေလိုက်သည်။

'ငါက စတာပါဟယ်. . ငါ ကွေးပဲ့မယ်ဟဲ့. . ညနေကျ သွားကြမယ်နော်'

သိနေတယ်လေ. . . ဒင်းက သကောင့်သမီးစိတ်ကို သိပြီးသား။

အဲလို ရိုးလွန်း အလွန်းလို့လည်း လူလည်ဖိုးသား နှိပ်စက်သမျှကို ခံနေတာဖြစ်၏။

ဖိုးသားကလည်း သူမအပေါ် မကြာခဏ အနိုင်ကျင့်တတ်တာကလွဲပြီး သူမကို ခင်မင်စောင့်ရှောက်ပါသည်။ သူမက ရိုးလွန်းသည်ကိုး. . .။

◆



www.burmeseclassic.com

www.burmeseclassic.com

(II)

ညနေရောက်တော့. . သူမကို ဖိုးသားက ကမ်းနားလမ်းမှ ပတ်ပြီး မြသလွန်ဘုရားပေါ်သို့ လိုက်ပို့၏။

ဆိုင်ကယ်စီးကြမ်းသည့်ဖိုးသားကို သူမက လည်ပင်းမှသိုင်းဖက်ထားသဖြင့် တမင် လည်ပင်းညှစ်သတ်သလိုဖြစ်နေသည်ကြောင့် ဖိုးသားမှာ မနည်းပြောယူပြီး ခါးကို ပြောင်းအကိုင်ခိုင်းရ၏။ ပါးစပ်ကလည်း ရွတ်လိုက်သည့် ဘုရားစာတွေ တရစပ်။

ဘုရားဖူးတော့လည်း ဘာထူးသနည်း။ ၂နာရီခန့် ဖိုးသားတစ်ယောက် ကြိတ်မှိတ်စောင့်ခဲ့ရသည်။

ဘုရားမှပြန်တော့ ဖိုးသားက မြို့ထဲလမ်းမှ အဆောင်ကိုပြန်ရန် ဆိုင်ကယ်မောင်းလာမိသဖြင့် ဒုက္ခနှင့်လှလှမျက်နှာချင်းဆိုင်တွေ့ရလေ၏။

အကြောင်းက အပိုင်းပတ်တွင် မော်တော်ပီကယ်တွေ ပလူပျံနေ၍ဖြစ်သည်။

သွားပြီ. .

ဆိုင်ကယ်စီးဦးထုပ်နှင့် နောက်ကြည့်မှန် မပါသည့် သူ့ဆိုင်ကယ်တော့ အဖမ်းခံရတော့မည်။

*ဆောင်းညပြာသိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဖိုးသားက ။

'မာလာသင်း. . ငါပြောတာ သေချာနားထောင်နော်၊ ငါ့ခါး
ကို သေချာကိုင်ထား၊ လုံးဝမလွှတ်စေနဲ့. . ကြားလား'

'အေးပါ. .'

ငတုံးမကတော့ အခြေအနေကို ရိပ်စားမိဟန်မတူပါ။ဖိုးသား
မှာသာ အခက်ကြုံနေရ၏။

ရှေ့ကိုရောက်တော့ ထင်သည့်အတိုင်းပါပဲ. . ပီကယ်တွေ
ခရာမှုတ်ပြီး ဖိုးသားဆိုင်ကယ်ကို အရပ်ခိုင်းနေ၏။

ဖိုးသားကလည်း အကြံသမားပီပီ. . ဆိုင်ကယ်ရပ်ပေးမ
ဟန်ပြင်ပြီး gear-1ကို ချိန်းကာ သဘောမနော ကောင်းပြီး အတင်
မဖမ်းတတ်သည့် ပီကယ်တွေရဲ့စိတ်ထားကို အခွင့်ကောင်းယူကာ. .
တခြားကျောင်းသားတွေ လုပ်လေ့ရှိသည့်နည်းအတိုင်း မောင်းထွ
လိုက်လေတော့၏။

'လွှတ်ပြီ. . ကျွတ်ပြီကွ'

အတွေးနှင့်အတူ နောက်ကို ကြည့်မိတော့ ဖိုးသား မျက်
တွေ ပြာသွားရ၏။

ဆိုင်ကယ်ပေါ်မှာ သူမ. . သူမ ဆိုတာ. . နလပိန်းတုံး
မာလာသင်း. . ဒင်းက ပါမလာခဲ့ချေ။

သူမက မော်တော်ပီကယ်တွေအနားမှာ မျက်နှာငယ်လေး
နှင့်ရပ်နေပြီး ဖိုးသားကို လက်ပြလှမ်းခေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ. . အခုမှတော့ မတတ်နိုင်တော့။ ဖိုးသား နောက်ကြောင်းပြန်လှည့်ရလေတော့သည်။

'မာလာ. . နင် ဘယ်လို ကျန်နေခဲ့တာလဲ. . ငါ့ခါးကို ကိုင်ထားပါလို့ သေချာမှာထားရက်နဲ့'

'ငါလည်း ကိုင်ထားတာပဲ. . နင်က ဆိုင်ကယ်ရပ်မလို့ ဟန်ပြင်ပြီး မပြောမဆို မောင်းထွက်သွားတာကို. . ဒီအကျီအဖြူနဲ့လူကြီးက ငါ့ကို လက်ပြခေါ်နေတယ်မှတ်လို့ ပြီးတော့. . ငါက ရွာက အသိမှတ်ပြီး ဆင်းတွေ့နေတာ. . ပြီးတော့ ဟုတ်လည်း ဟုတ်ဘူး. . ငါ့ကို ဆွဲထားကြတယ်. . အဟီး. . ဟီး. . နင်ကလည်း မောင်းပြေးတော့ ငါတစ်ယောက်တည်း ကြောက်တာပေါ့လို့. . အဟီး. . ဟီး'

အကြောက်လွန်ပြီး ရှုံ့ရှုံ့တွေထွက်ကျထားပုံရသည့် မာလာသင်းတစ်ယောက် ပြောပြောဆိုဆို ငိုကြွေးနေသည်ကြောင့် ဖိုးသားမှာ သူမကို စိတ်တိုရမလို သနားရမလိုဖြစ်နေ၏။

'နင် ဒီလောက်တောင် တုံးရ အ,ရသလားဟာ. . ဒါ. . မော်တော်ပီကယ်တွေမှန်း နင် မသိဘူးလား. . . ကျောင်းက သူငယ်ချင်းတွေ ဆိုင်ကယ် အဖမ်းခံရတာ နင် မကြားဖူးဘူးတဲ့လား. . ငါလည်း အဖမ်းခံရမှာစိုးလို့ မောင်းပြေးမှာကို နည်းနည်းလေးမှ နင် မတွေးမိဘူးလားဟာ'

'မသိဘူးလေ. . ပြီးတော့. . အကျီအဖြူနဲ့လူကြီးက ရွာက ကိုဖိုးမောင်နဲ့တူတာကိုလို့. . အဟင့်. . ဟင့်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . ကဲ. . တိတ်တော့. . နင်နဲ့တော့ ငါ ရှုံးသာ ရှုံးချင်တော့တယ်. . တကယ်ပဲ'

ဖိုးသားရဲ့စကားအဆုံးမှာ ရယ်ချင်ပက်ကျိဖြစ်နေပုံရတဲ့ မော်တော်ပီကယ်(ခေါ်)ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲကြီးက စကားလာ၏။

'ကဲ. . ညီလေး. . အစ်ကို့ကို ယာဉ်မောင်းလိုင်စင်လေး ခဏပြပါ'

'ဗျာ. .'

'ဟိုလေ. . အဲဒါ. . ကျွန်တော် အဆောင်မှာ ကျန်. . ကျန်နေခဲ့. .'

'ဟုတ်ပြီ. . ဒါဆိုရင်. . ရုံးရောက်မှ ရှင်းကြတာပေါ့. . ယာဉ်မောင်းလိုင်စင်မပါတာရယ်. . ဆိုင်ကယ်စီးဦးထုပ်နဲ့ backမှန် မပါတာကြောင့် ဒဏ်ကြေးငွေ ၆၅၀၀ ချလန်ဖြတ်ရမယ်၊ ဒါပေမယ့် ငါ့ညီလေးက မောင်းပြေးတဲ့အတွက် ဒဏ်ငွေ ၁၅၀၀၀ ဆောင်ရမယ်'

'ဗျာ'

ဖိုးသားတစ်ယောက် ခေါင်းတွေ ပြာသွား၏။ လက်ကုန်ခါနီး အိတ်ကပ်ထဲမှာ ၁၅၀၀၀ မပြောနှင့်၊ ငွေ ၁၅၀တောင် မပြည့်။ ရိပ်စားမိသည့် မာလာသင်းက -

'ဖိုးသား. . ငါ့မှာရှိပါတယ်. . ဒါပေမယ့် အဆောင်မှာ ကျန်ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဖိုးသားတစ်ယောက် မော်တော်ပီကယ်ကြီးကို မျက်နှာချိုသွေးလိုက်ပြီး -

'အဟီး . . အစ်ကိုကြီး၊ ဒီလိုလုပ်ပါလား ကျွန်တော့်ဆိုင်ကယ် ဗို့တက်ကို ဖြုတ်ထားပြီး ချလန်ဖြုတ်ပေးလိုက်ပါလား . . အဆောင်မှာ ကျွန်တော်တို့ ပိုက်ဆံပြန်ယူပြီး ပြန်လာ . . .'

'ဒါမျိုးတွေက ခံရပေါင်းများလို့ ရိုးနေပါပြီကွာ . . ချလန်ဖြုတ်ပေးပြီး လာမရွေးတော့ဘဲ အဲဒီချလန်ကြီးပြုပြီး မင်းတို့ကျောင်းသားတွေက နှစ်ပေါက်အောင် ဆိုင်ကယ်ကို စည်းကမ်းမဲ့ စီးကြဦးမှာလေ'

စကားမဆုံးခင် ဖြတ်ပြောလိုက်သော မော်တော်ပီကယ်အစ်ကိုကြီး စကားကြောင့် ဖိုးသား တစ်မျိုးကြံပြန်၏။

'အဟဲ . . ကျွန်တော်က အဲလိုလူမျိုးမဟုတ်ပါဘူး . . ဒီမှာ . . ကျွန်တော့်ကျောင်းသားကဒ်၊ မယုံရင် ယူထားလိုက်ပါ၊ ခဏအတွင်း ကျွန်တော်ပြန်လာရွေးမှာပါ၊ အဆောင်ကလည်း မေတ္တာလမ်းနဲ့သစ္စာလမ်းကြားမှာပါ'

'အားတော့ နာပါတယ် ညီလေးရာ . . အစ်ကိုတို့ဆီမှာလည်း ကျောင်းပေါင်းစုံက ကျောင်းသားကဒ်တွေပုံနေပြီကွ၊ ဒါပေမယ့် တစ်ယောက်မှ လာမရွေးကြဘဲ ကျောင်းမှာ အသစ်ပြန်လုပ်လိုက်ကြတယ်လေ၊ ဒီတော့ အစ်ကို ငါ့ညီအတွက် အကောင်းဆုံးအကြံပေးမယ်'

'ဟုတ်ကဲ့ . . ပြောပါ'

'ငါ့ညီကောင်မလေးကို ဒီမှာ ခဏထားခဲ့ပြီး . . အဆောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီက ဒဏ်ငွေပြန်ယူလိုက်. . ဟုတ်ပြီလား၊ ဒါမှ နှစ်ဦးနှစ်ဖက် သေချာမှာလေ. . ဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဗျာ. . အဟီး'

ဖိုးသားခမျာ မချိသွားဖြဲလေးဖြင့် မာလာသင်းတို့အဆောင်ကို ပိုက်ဆံယူရန် ထွက်ခဲ့ရလေတော့သည်။

'ဖိုးသား. . အဆောင်က မိစုကို ငါ့သေတ္တာထဲက ငွေ၁၅၀၀ ယူခိုင်းပြီး ငါ့ကို သေသေချာချာ ပြန်လာရှေ့ပါနော်. . ငါ တစ်ယောက်တည်း ကြောက်လို့ပါ' ဟု သူမက မျက်နှာငယ်လေးဖြင့် မှာနေသေး၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(III)

သူမတို့အဆောင်ကိုရောက်တော့ မိစုကို အဆင်သင့်တွေ့ရသည်။

'ဟဲ့. . ဖိုးသား မာလာသင်းရော၊ နင်တို့ ဘုရားကို အတူတူသွားကြတာမို့လား'

'ကဲ. . မိစု စကားတွေရှည်မနေနဲ့၊ မာလာ့သေတ္တာထဲက ငွေ (၁၅၀၀၀)သာ မြန်မြန်ယူလာခဲ့'

မိစုလည်း ဘုမသိ ဘမသိဖြင့် အဆောင်ပေါ်တက်ကာ. . အလျင်အမြန် ငွေယူလာခဲ့သည်။

'ရော့. . ဒါနဲ့ နင်တို့ ပိုက်ဆံတွေယူပြီး ဘာလုပ်ကြမလို့လဲ'

စပ်စပ်စုစုရှိလှသည့်မိစုကို ဖိုးသားက စိတ်ပေါက်ပေါက်ဖြင့်

'ဟေ့. . မာလာသင်းကို ရဲဖမ်းထားလို့ဟ၊ အဲဒါ. . သွားရွေးရမှာ'ဟု ခပ်ရွဲ့ရွဲ့လေး အော်ပစ်ခဲ့ကာ ဆိုင်ကယ်ကိုမောင်းထွက်ခဲ့တော့၏။

မိစုလေးမှာတော့ 'ဟေ. . မာလာ့ကို ရဲက ဘာလို့ ဖမ်းထားပါလိမ့်'ဟူသည့်အတွေးနှင့် ယောင်နနလေး ဖြစ်ကျန်ခဲ့လေတော့သည်။

♦



www.burmeseclassic.com

www.burmeseclassic.com



'ဟားဟား . . ဟား . . ဖြစ်မှဖြစ်ရလေဗျာ . . 'မ' ပြောတာ . . တကယ်ဖြစ်နိုင်တယ် . . ဟားဟား'

'တကယ့်အဖြစ်အပျက်ပါလို့ စာရေးဆရာက ဝန်ခံထားသား ပဲ . . ရယ်မနေနဲ့ဦး . . ပုံပြင်က အဆက်ကျန်သေးတယ်'

'ဟုတ်လား၊ ဇာတ်လမ်းထဲက ကောင်မလေးက တော်တော် အ,တာပဲနော်'

မမကေ၏ ပုံပြောကောင်းမှုကြောင့် . . နေသွေး အတော် သဘောကျနေ၏။

သို့နှင့် သူမက -

'ဟုတ်တယ် မောင်ရဲ့ . . အဲဒီကောင်မလေးက အအ ရိုးရိုး ကြီးရယ် . . သူ့အကြောင်း ကျန်သေးတယ်၊ ဆက်နားထောင်ကြည့်' ဟုဆိုကာ သူမက ဆက်ပြောပြသည်။

'အဲလိုတွေဖြစ်ပြီး သိပ်မကြာခင်မှာပဲ . . တက္ကသိုလ်ကျောင်း ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွေ ကျင်းပကြတော့ . . ဖိုးသားတို့အသင်းနဲ့ ကျန်းမာရေးတက္ကသိုလ်အသင်း ပြိုင်ဖို့ မဲကျတယ် . . မာလာသင်းတို့ မိန်းကလေးတစ်သိုက်ကတော့ ကစားသမားတွေ ထိခိုက်ဒဏ်ရာရခဲ့ ရင် ပြုစုဖို့အတွက် သူနာပြုဆေးအဖွဲ့ဝင်တွေအနေနဲ့ ပြိုင်ပွဲကျင်းပ မကွေးတိုင်း ဘောလုံးကွင်းထဲကို ကျောင်းဖယ်ရီကားတစ်စီးနဲ့အတူ လိုက်သွားကြရတယ်'

'ဒီတစ်ခါလည်း ဘာတွေလွဲဦးမယ် မသိဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မေးလာသည့် နေသွေးကို. . သူမက မျက်စောင်းလှလှ လေးတစ်ချက် ထိုးပြလိုက်ပြီး သူမပုံပြင်ကို ဆက်ပြောသည်။

'ဘောလုံးပြိုင်ပွဲစလို့ ဆယ့်ငါးမိနစ်လောက်အကြာမှာ ပြဿနာက စတော့တာပဲ. . တစ်ဖက်အသင်းနောက်ခံလူက အားအပြည့် ထည့် ကန်ထုတ်လိုက်တဲ့ ဘောလုံးက တိုက်စစ်မှူးဖိုးသားရဲ့အဇ္ဈတ. . အဲ. . 'မ' ဘယ်လိုပြောရမလဲ မောင်ရယ်. . ဟိုဒင်း. . ဟို. . အဓိက ကို အရှိန်ပြင်းပြင်းမှန်ပြီး ဖိုးသားတစ်ယောက် ခွေကနဲလဲကျသွားတယ်၊ အားပေးနေကြတဲ့ ပရိသတ်တွေလည်း အသံတိတ်သွားကြတယ်၊ ဒိုင်လူကြီးကလည်း ထိခိုက်မှုကြောင့် ခရာမှုတ်ပြီး ပွဲကို ခဏနားထားတယ်၊ အဟီး. . ခစ်. .'

သူမက ပြောနေရင်းမှ သဘောတကျရယ်လိုက်သေးသည်။ ပြီးမှ ဆက်ပြော၏။

'အဲဒီအချိန်မှာ. . သူငယ်ချင်းဖိုးသားအတွက် စိတ်ပူသွားတဲ့ မာလာသင်းတစ်ယောက် ဘောလုံးကွင်းထဲကို ဆေးပူးတစ်ပူးနဲ့အတူ ပြေးဝင်လာတယ်၊ဒီထိခိုက်မှုအတွက် သူမမှာလည်း တာဝန်ရှိတာကိုး၊ ရုတ်တရက်ကြီးပြေးဝင်လာတာဆိုတော့ ပရိသတ်တွေရော အားကစားသမားနဲ့ဒိုင်လူကြီးရော၊ ကာယကံရှင် ဖိုးသားပါ အံ့သြနေကြတယ်လေ'

'အဲဒီတော့. .'

နေသွေးက စကားထောက်ပေးလိုက်သည်။

'မာလာသင်းက အနားလည်းရောက်ရော. . ဖိုးသား. . နင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာထိသွားတာလဲ . . ငါ့ကို ပြစမ်း . . ဒီမှာ ငါ ထွန်းရွှေဝါဆေးပါတယ်၊ အသားထဲစိမ့်ဝင်အောင် လူးလိုက်ရင် ချက်ချင်းကောင်းသွားမှာ၊ နင် ဘာမှမပူနဲ့သိလား၊ ပူပူလေးနဲ့ကောင်းတယ်ဟ . . ဘယ်နေရာလဲ ငါကိုယ်တိုင်လူးပေးမယ်ဆိုတော့ ချက်ကောင်းထိထားတဲ့ ဖိုးသားခမျာ မာလာသင်းကို ရှုံ့မဲ့မဲ့နဲ့ နေပါစေ၊ နင်က ကွင်းထဲအထိ ဘာလို့ဝင်လာရတာလဲ . . သွား . . သွား . . ဆိုတော့ မာလာသင်းက ပြန်ပြောတယ် . . ဘေးကလူတွေကတော့ ပြုံးစိစိဖြစ်ကုန်တာပေ့ါ မောင်ရယ်'

'ရယ်စရာကြီးကို မရဲ့ . . ဒါနဲ့ ဆက်ပြောပါဦး'

နေသွေးက ဆက်ပြောခိုင်း၏။ သူမကလည်း တံတွေးတစ်ချက်မျိုလိုက်ပြီး -

'အဲဒီ့မာလာသင်းကလေ . . ဖိုးသား နင် ငါ့စေတနာကို မစော်ကားနဲ့၊ ပြီးတော့ ပါချုပ်ကလည်း ငါ့ကို သေချာတာဝန်ပေးထားတာဟဲ့ သိရဲ့လား၊ ပြော . . ငါ ဘယ်နေရာကို ဆေးလူးပေးရမလဲ၊ ဖိုးသားကလည်း မာလာ . . နင်လိမ်းပေးလို့ မရဘူး . . သွားတော့ . . ၊ ခေါင်းမာတဲ့ မာလာသင်းကလဲ ငါက ဘာဖြစ်လို့ လူးမရရမှာလဲ . . အဲဒီမှာ ဖိုးသားက စိတ်ပေါက်ပေါက်နဲ့ နင် လိမ်းလို့မရတဲ့အကြောင်းရင်းက ငါ့ရဲ့ဟိုဒင်းဟိုဟာဖြစ်နေလို့ဟ . . လို့ အော်လိုက်တော့မှ . . သူ့ခမျာ သဘောပေါက်သွားပြီး ခပ်ရှက်ရှက်နဲ့ ပြေးပါလေရော . . မောင်ရယ် ပရိသတ်တွေရော . . ကစားသမားတွေရော ရယ်လိုက်ကြတာဆို ဆူညံနေတာပဲ'ဟုဆိုကာ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက -

'တကယ်ဟာသပဲ'

'အဲ. . ပြိုင်ပွဲပြီးတော့ တစ်ဖက်အသင်းက ကားပေါ်ကနေ သံပြိုင်အော်သွားကြသေးတယ်၊ မာလာသင်းလေးခများမှာတော့ ငြိမ်ကုတ်ပြီး ခပ်ရှက်ရှက်နဲ့ မောင်ဖိုးသားကိုပဲ ကျိန်ဆဲနေတယ်တဲ့'

'ကားပေါ်ကနေ ဘာတွေအော်သွားတာလဲ မရယ်'

'ခစ်. . ခစ်'

သူမက နေသွေးအမေးကို မဖြေခင် တခစ်ခစ်ရယ်နေသေးသည်။ ပြီးမှ အောက်ပါအတိုင်း ပြောပြလေ၏။

'ကားပေါ်ကနေ ဘယ်လိုသံပြိုင်အော်သွားသလဲဆိုတော့. . လူသားအားလုံး အကြောင်းပြေဖို့ ထွန်းရွှေဝါကို လိမ်းကြစို့. . ထွန်း. . ရွှေ. . ဝါ. . ပူပူလေးနဲ့ကောင်းတာဗျ. . ပူပူလေးနဲ့ ကောင်းတာ' ဟူသတည်း။

◆



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆိုးနဲ့ နိုးထခဲ့ရသလို
ငါ့အတွက် မနက်ဖြန်တွေက
တကာယ်ကို အစိမ်းရောင်သက်သက်...
အထူးပုံပြင်တစ်ပုဒ်လို
ဘဝက အစီအစဉ်တကျ မရှိခဲ့လေတော့
ညဟာ ညအတိုင်း
အိပ်မက်တွေကို ဖန်ဆင်းနေခဲ့ပြန်တယ်...။

ဆောင်းညဖြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

## နာကျိုးယ် (၁၉)

'သူငယ်ချင်း. . မင်းကို ငါ ကြည့်နေတာ ကြာပြီ. . ဘာဖြစ်နေတာလဲ ငသွေး'

မျှောက်မှိုင်မှိုင်နေသည့် နေသွေးကို မှင်စာက မေးလိုက်ခြင်း ဖြစ်သည်။ နေသွေးက မကြားဟန်ပြုကာ နှုတ်ဆိတ်နေ၏။

'မင်း. . ခုနက မင်းမမဆီ သွားတယ်မို့လား၊ ဘာဖြစ်လို့ ပြန်လာတာလဲ. . ဘာလဲ. . မင်းမမ နေမကောင်းဘူးတဲ့လား. . ခဏာပါကွာ. . အဲလောက် မှိုင်မနေစမ်းပါနဲ့'

'. . .'

'လာ. . မင်းနဲ့ငါ စိတ်ပြေလက်ပျောက် Tea သွားဆွဲရအောင် ငါတိုက်ပါ့မယ်ကွ'

'. . . .'

ဒါမျိုးဆို နှစ်ခါ မခေါ်ရသည့် နေသွေးတစ်ယောက် ဘာဖြစ်နေပါလိမ့်။

အထူးအဆန်းဖြစ်ပြီး မှိုင်တွေနေသည့် နေသွေးဘေးသို့ မှင်စာ ဝင်ထိုင်လိုက်ကာ. .



www.burmeseclassic.com

www.burmeseclassic.com



'ငသွေး . . မင်း ဘာဖြစ်နေတာလဲ . . ဘာအခက်အခဲကြုံနေ တာလဲ . . ငါ့ကို ပြောစမ်း'

'. . .'

'နေသွေး . . ဒီအဆောင်မှာ အရင်းနှီးဆုံး ညီအစ်ကို သူငယ် ချင်းဆိုလို့ မင်းနဲ့ငါပဲ ရှိတာ . . မင်း ငါ့ကိုမပြောရင် ဘယ်သူ့ကို သွား ပြောမှာလဲ'

နေသွေးက ဘာစကားမှ မပြောဖြစ်ဘဲ ခေါင်းအုံးအောက်မှ စာလေးတစ်စောင်ကိုသာ ထုတ်ပေးလိုက်၏။

ရှည်ရှည်ဝေးဝေး တွေးတောမနေတော့ဘဲ စာကို မှင်စာက ခပ်မြန်မြန်ဖတ်ကြည့်ပြီး အံ့သြသွားရသည်။

သို့

*မောင်...*

*'မ'ကိုကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ..ပြီးတော့..'မ' ကိုတစ်သက်စာ ထာဝရမေ့ပစ်လိုက်ပါ..'မ'ပြောဖူးသလိုပဲပေါ့ မောင်ရယ်၊တကယ်တော့ အချစ်ဆိုတာ လောကသဘာဝဂေဟ စနစ်နဲ့အတူတူပါပဲ..ကိန်းဂဏန်းတွေ..အလေး အယူ အလျော့ အစားတွေနဲ့ဖွဲ့စည်းတည်ဆောက်ထားတဲ့ ဒြပ်မဲ့အရာတစ်ခု ပါ။'မ'အချစ်နဲ့ပတ်သက်ပြီး ယုံကြည်ကိုးကွယ်ထားတဲ့ဆောင် ပုဒ်တစ်ခုရှိတယ်၊အဲဒါဘာလဲဆိုတော့..'အချစ်ဆိုတာ ရယူပိုင်*

*ဆောင်းညပြာသို့စာလေ*

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခြင်း' ဆိုတဲ့ဆောင်ပုဒ်ပဲ..မောင်။

အခုတော့ မောင် ဒီစာကိုဖတ်ပြီး ဘာမှ နားလည်ဦးမှာ မဟုတ်ပါဘူး ...မနက်ဖြန်ညနေ ၄ နာရီမှာ 'မ' နဲ့မောင်ဆုံနေကျနေရာလေးကို လာခဲ့ပါ။ 'မ' အားလုံး ရှင်းပြပါ့မယ်။ ဒီနေ့တော့ မောင်နဲ့မျက်နှာချင်း ဆိုင်ဖို့ခွန်အား မရှိလို့ ဒီစာလေးကိုတစ်ဆင့်ပေးခိုင်း လိုက်တာပါ မောင်။

'မ' လုပ်ရပ်တွေမှားနေမှန်း သိပေမယ့် ရူးရူး မိုက်မိုက်ဆက်လျှောက်ခဲ့မိတာ အချစ်အတွက်ပါပဲ။ မောင် 'မ' ကိုအရမ်းချစ်မှန်း သိပေမယ့် မောင် 'မ' ကိုစွန့်လွှတ်ရလိမ့်မယ် မောင်..

မောင် အရမ်း ခံစားနေရမယ် ဆိုတာ 'မ' သိပေမယ့် ဒီအချိန် ဒီအခြေအနေကိုရောက်လာမှတော့ ဘာမှ မတတ်နိုင်တော့ဘူး မောင်... 'မ' အရိုးသားဆုံးနဲ့ အပွင့်လင်းဆုံး မောင့်ကိုဝန်ခံခဲ့ပါရစေ..မောင့်ကို 'မ' နှလုံးသား ရဲ့ အနက်ရှိုင်းဆုံးနေရာမှာ ရူးရူး နစ်နစ်နဲ့မြတ်မြတ်နိုးနိုး ချစ်ခဲ့မိပါတယ်။

ဒါပေမယ့်...မနက်ဖြန် မောင် 'မ' ကိုလာတွေ့ရင်တော့ကျေးဇူးပြုပြီး မုန်းပေးပါ မောင်။

မောင့်ရဲ့တစ်ချိန်က 'မ'

ကေသွယ်နှင်း

သည်လောက် ချစ်ခဲ့ကြသည့် ချစ်သူနှစ်ယောက် ရုတ်တရက် ဘာဖြစ်ကြသနည်း။



www.burmeseclassic.com

www.burmeseclassic.com



မှင်စာ အတွေးရခက်သွားသည်။

'မင်းတို့နှစ်ယောက် ဘာပြဿနာဖြစ်ကြတာလဲ. . ချစ်သူတွေဆိုတာ ဒီလိုပါပဲကွာ. . မနက်ဖြန် မင်း ချော့လိုက်ရင် ပြီးသွားမှာပါ. . ဒီလောက်ကြီး ခံစားမနေစမ်းပါနဲ့ နေသွေးရာ'ဟု ရည်းစား တစ်ခါမှ မထားဖူးခဲ့သည့် မှင်စာက နှစ်သိမ့်စကားပြောနေပေမယ့် စိတ်ထဲက တစ်ခုခုကို ကြိုသိနေသလို ခံစားနေရ၏။

ဘာကို ကြိုသိနေမှန်းတော့ . သူကိုယ်တိုင်လည်း တိတိပပ မပြောတတ်။

'အဲလို မဟုတ်ဘူး မှင်စာ. . ငါနဲ့မနဲ့ ဘယ်တုန်းကမှ ပြဿနာမတက်ခဲ့ဖူးဘူး. . ငါတို့နှစ်ယောက်ကြားမှာ စိတ်ဆိုးစိတ်ကောက်တယ်ဆိုတာလည်း မရှိခဲ့ဖူးဘူး'

'ဒါဆို. . မင်းမမက. . ဘာပြဿနာ ဘာအကြောင်းပြချက် တစ်ခုမှမရှိဘဲနဲ့ မင်းကို သစ်စိမ်းချိုး ချိုးလိုက်တာပေါ့'

'ငါလည်း ဘာမှမပြောတတ်တော့ဘူး မှင်စာ. . စောစောက ငါ 'မ'အဆောင်ကိုသွားတော့ ငါ့ကို ဆင်းမတွေ့ဘူး. . ကောင်မလေး တစ်ယောက်နဲ့ ဒီစာကို ပေးလိုက်တာပဲ'

ဝမ်းနည်းပက်လက်ဆိုလာသည့် နေသွေးကို ကြည့်ပြီး မှင်စာ သက်ပြင်းချမိ၏။ နေသွေးကိုလည်း သနားမိ၏။

'မှင်စာ မင်းတွေးပြီး ငါ့ကိုပြောစမ်းကွာ. . ငါ့မှာ ဘာအပြစ်ရှိသလဲ. . ငါ. . 'မ' မကြိုက်တာ ဘာလုပ်မိလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက် စိတ်ထိခိုက်မနေပါနဲ့ ငသွေးရာ. . မနက်ဖြန်ည နေကျ အကြောင်းစုံသိရမှာပဲဟာကို. .'

'ငါ မခံစားရဘဲ နေမလားကွ. . ငါက 'မ'ကို ဒီလောက်အထိ ချစ်တာကို. . အီး. .'

ပြောရင်းမှ 'အိ'ကနဲ ငိုချလိုက်သည့် နေသွေးကြောင့် မှင်စာ မျာယာခတ်သွားပြီး နေသွေးပခုံးကိုတစ်ချက်ပုတ်ကာ နှစ်သိမ့်ပြုံး ပြုံး ပြမိသည်။

အမြဲတမ်း တက်ကြွဖျတ်လတ်ပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် နေသွေးကို သည်လိုပုံစံမျိုးမြင်ဖူးတာ မှင်စာအတွက် ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်သည်။ ချစ်သူရည်းစား မထားခဲ့ဖူးပေမယ့် အသည်းကွဲခံစားမှုကို မှင်စာ ကိုယ်ချင်းစာ နားလည်ပေးနိုင်ပါသည်။

'ဒီမှာ သူငယ်ချင်း. . လူဆိုတာ. . အကောင်းဆုံးတွေကိုပဲ မျှော်လင့်မထားရဘူးကွ၊ မမြင်နိုင်တဲ့. . အခုလို မထင်မှတ်တဲ့ အဆိုးဆုံးတွေပေါ်လာခဲ့ရင်လည်း ကြံ့ကြံ့ခံနိုင်ရမယ်ကွ. . တွေးကြည့်ရင် ကိုယ်က ယောကျ်ားလေးပဲ. . ဘာဖြစ်လဲကွာ'

နှုတ်က အားပေးစကားတွေ ပြောနေရပေမယ့် မှင်စာရင်ထဲမှာ သိပ်မကောင်းလှ။

'ငါက 'မ'ကို သိပ်ချစ်တာကိုကွ. . ဟီး. . ဟီး. .'

တော်ရုံကိစ္စတွေမှာ မျက်ရည်မလွယ်တတ်သည့် နေသွေး တစ်ယောက် အချစ်အတွက် ကွဲကြေနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးလည်း နေသွေး အိပ်မပျော်ခဲ့. . . ကြိတ်ငိုရလွန်းသဖြင့် မျက်ခွံတွေ ရဲအစ်မို့တွတ်နေ၏။

မှင်စာလည်း အိပ်မပျော်နိုင်ပါ။

အဖြေမတွေ့နိုင်မှန်း သိနေပေမယ့် သူငယ်ချင်းကိုယ်စား စဉ်းစားရင်း မိုးလင်းခဲ့ရ၏။

'ဒါ. . ဘယ်လိုရည်ရွယ်ချက်မျိုးလဲကွယ်. . '

♦



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးမို့ ရူးရပြီ
တခမ်းတနားကြီး မဟုတ်ခဲ့ပေမယ့်
ရင်တစ်ခုလုံးနဲ့ ပျိုးခဲ့တဲ့ ပန်းမို့
အနမ်းတွေ••မအေးစက်ချင်ဘူး••
အဲသလို စိတ်ကူးနဲ့
မိန်းမူးခဲ့ရသူပါ•••
လက်တွေ့မှာ ကဗျာမဆန်ခဲ့တဲ့
"အချစ်"က••
ကျွန်တော့်အတွက် "ကျိန်စာ"တွေများလားဗျာ•••။



www.burmeseclassic.com

www.burmeseclassic.com

## ဓာကိုယ် (၂၈)

ကန်ဘောင်ပေါ်မှာ လူနှစ်ဦး ကျောချင်းကပ်အနေအထား
ဖြင့် ရပ်နေကြသည်။ လေပြည်ကလေး တဖြူးဖြူးက ဆံနွယ်စတွေကို
ပွတ်တိုက်ကျီစယ်သွား၏။

လူနှစ်ဦးလုံးကတော့ . . သက်မဲ့ကျောက်ရုပ်တွေလို မလှုပ်
မယှက် ငြိမ်သက်နေဆဲပင် ဖြစ်၏။

တစ်ယောက်က အဆုံးမဲ့ မိုးကောင်းကင်ကြီးဘက်မှ သင်
ကွဲတေလေတိမ်တိုက်တွေကို အရည်လဲ့နေသည့် မျက်ရည်စများကြား
မှ အားယူကြည့်နေပြီး၊ ကျန်တစ်ယောက်က ခေါင်းကလေးငုံ့ပြီး ကန်
ရေပြင်ထဲက ဝဲဂယက်လေးတွေကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေ၏။

အချိန်အတော်ကြာကြာ. . တိတ်ဆိတ် ငြိမ်သက်ပြီးမှ အသံ
လှိုင်းတချို့ တိုးသဲ့ ညင်သာစွာ ထွက်ပေါ်လာခဲ့သည်။

'နေသွေး'

တမင် အခေါ်အဝေါ်သုံးစွဲမှုကိုပြောင်းသုံးထားပေးသည့် သူ
အသံက တစိမ်းမဆန်လှချေ။

သို့သော် အသံက အားမပါသလို လျော့ရဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ . . နှစ်ဦးသား မျက်နှာချင်းဆိုင်အနေအထား သို့ ရောက်ရှိသွားခဲ့သည်။

'မင်း . . တို့ကို မုန်းလိုက်ပါတော့ . . တို့နှစ်ယောက်ရဲ့ ပတ်သက်ဆက်နွယ်မှုက ဒီညနေနောက်ဆုံးပဲ'

အတင်းလုပ်ယူထားသည့် သူမ၏အသံနေအသံထားကြောင့် နေသွေး ကြောင်ငေးသွားပြီး ဝမ်းနည်းသလိုခံစားလိုက်ရ၏။

'ဘာတွေဖြစ်ကုန်တာလဲ မရယ် . . မောင်ကတော့ ဘာမှကို နားမလည်နိုင်တော့ဘူး . . ဘာအတွက် မကို မုန်းမေ့ရမှာလဲ'

နေသွေးစကားအဆုံးမှာ သူမက နေသွေး တရင်းတနှီးရှိလှသည့် နွေဦးဆန်ဆန် အပြုံးမျိုးမဟုတ်ဘဲ မျက်နှာကို ကန်ရေပြင်သို့ မူထားလျက်မှ အရိုင်းဆန်သောအပြုံးကို ပြုံးနေ၏။

'ဘာကြောင့်လဲဆိုတော့ တို့မှာ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ လူ ရှိနေလို့ပဲ'

သူမ ပြောနေရင်းမှ စီးကျလာသည့်မြစ်ဖျားနှစ်သွယ်ကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း သုတ်ဖယ်ပစ်လိုက်သည်။ နေသွေးကတော့ သူမကို တစ်ခါမှ မမြင်ဖူးသေးသည့်လူတစ်ယောက်လို ငေးကြည့်နေပြီး အရူးတစ်ယောက်လို သွေးရူးသွေးတန်းအော်ဟစ်ပေါက်ကွဲနေသည်။

'အမိပ္ပာယ်မရှိလိုက်တာ မရယ် . . မ ချစ်သူက မောင်လေ၊ မ လက်ထပ်ရမယ့်သူကလည်း မောင်ပဲလေ . . မ ဘာတွေ လာပြော နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ. . အမှန်တရားပဲ နေသွေး. . တို့နဲ့ တစ်ကျောင်းတည်း တစ်ခန်းတည်း. . ပြီးတော့. . တစ်မြို့တည်းသားချင်းတွေ ဖြစ်တဲ့. . ကိုမျိုးမင်း. . ဆိုတာ တို့ သိပ်ချစ်ရတဲ့ တို့ရဲ့အိမ်ထောင်ဘက် အချ ဦးပဲ. . ဒါကို. . မင်း လက်ခံလိုက်ပါတော့'

သူမက စကားလုံးတွေကို တုန်ခါမသွားအောင် ဂရုတစိုက် အားယူပြောနေပုံရ၏။ အဆက်မပြတ်စီးဆင်းနေသည့်မျက်ရည်မြစ်ဖျား တွေကိုလည်း သူမ အလျင်မီအောင် အလျင်စလိုသုတ်ဖယ်နေသည်

'မဖြစ်နိုင်ဘူး. . လုံးဝ မဖြစ်နိုင်ဘူး၊ ပြီးတော့. . ဘာမှလည် မသိချင် မကြားချင်တော့ဘူး. . မောင် သိတာ တစ်ခုတည်းပဲ. . အဲ မကို ချစ်တာပဲ. . မလည်း မောင်ကလွဲပြီး ဘယ်သူ့ကိုမှလက်ထပ်စရာ မလိုဘူး. . မောင် မနဲ့မခွဲနိုင်ဘူး. . နောက်ထပ် ဘာမှမပြောပါနဲ့တော့ မရယ်. . အရင်လိုပဲ ပြန်နေကြရအောင်ပါ'

'တို့ပြောစရာရှိတာတော့ ဆက်ပြောပါရစေ နေသွေး'

ရေခဲငွေ့ဆန်လွန်းလှသည့် သူမစကားလုံးတွေကို ပုတ်ထုတ် ပြီး သူမကို နေသွေးက ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

'မပြောပါနဲ့တော့ မရယ်. . မ ညာနေတာ မောင်သိပါတယ် မ ပုံပြောကောင်းတိုင်း မောင့်ကို ပုံပြင်တွေနဲ့ အရူးမလုပ်ပါနဲ့ မော မခံစားနိုင်လို့ပါ မရယ်'

နေသွေးလက်အစုံကို သူမ မတွန်းဖယ် မရုန်းကန်မိ။ ရုန်း ထွက်ဖို့ အင်အားလည်း သူမမှာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်တွေပေါ် မှာတော့ ကိုယ်စီ မျက်ရည်မိုးတွေ သွန်းဖြိုး နေမြဲ. . .

'မောင်'

နူးညံ့ညင်သာ တိုးတိတ်လှသည့် သူမ ခေါ်သံကြောင့် နေသွေး တဒင်္ဂရင်ခုန်သွားကာ မျှော်လင့်ချက်တို့ ထကြွလာခဲ့၏။

'မ ပြောမယ့်စကားတွေကို ခဏလောက် နားထောင်ပေးပါ။ ပြီးမှ. . မောင် ပြောချင်တဲ့စကားတွေ မကို ပြောပါနော်'

မျက်ဝန်းအိမ်မှ အရည်ကြည်တချို့ကြောင့် ဝိုးတဝါးဖြစ်နေသည့် နေသွေးမြင်ကွင်းမှာတော့ သူမရုပ်ပုံလွှာက ထင်းလင်းနေပါ၏။

'မကို ပြောခွင့်ပေးပါ မောင်ရယ်'

နေသွေးတစ်ယောက် ကလေးတစ်ယောက်လို ဖြူစင်လှသည့် အပြုံးနှင့်အတူ ခေါင်းညိတ်ပြမိသည်။

'အစကတည်းက မောင်နဲ့မဆုံတွေ့ခဲ့ရင် သိပ်ကောင်းမှာပဲ နော်'ဟု အစချီကာ နေသွေးအား အောက်ပါအတိုင်း ပုံပြင်ဆန်ဆန် ပြောပြလေတော့၏။

♦



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ··

ရည်ရွယ်ချက် ပျောက်ဆုံးနေတဲ့ ဒဏ်ရာတစ်ခုလား

မရေရာခြင်းတွေကို ခေါင်းအုံးလုပ်ပြီး

အရောင်မဲ့တဲ့ အတွေးတွေနဲ့

မနက်ဖြန်တိုင်းကို ပြင်ဆင်ခွင့်ရှိချင်သေးတယ်··

ပေါက်ကွဲခွင့်မရှိတော့တဲ့ မီးတောင်သေဆိုပေမယ့်

ဟောဒီရင်ခွင်ထဲမှာ ချော်ရည်တွေနဲ့ ပြည့်နှက်နေခဲ့ရသူပါ

အချစ်ဆိုတာ···

အေးစက် ပြင်းရှတဲ့ အက်ဆစ်ဝိုင်တစ်ခွက်ဆိုတာ

နှလုံးသားနဲ့ နားလည်တတ်ခဲ့ပါပြီလေ··

အဲသလိုနဲ့ပဲ····

···· ···· ···· ။ ။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၈)

'ကိုမျိုး. . ခြေလှမ်းတွေ သိပ်ပျက်လွန်းနေပြီနော်'

သူမ၏စကားကို သူက မထီသလိုပုံဖြင့် ဟားတိုက်ရယ်မော နေခဲ့၏။

'ဘာရယ်စရာတွေများ ပါသွားလို့လဲ ကိုမျိုး'

တဆတ်ဆတ်တက်လာသည့် ဒေါသအရှိန်ကြောင့် သူမလေသံက အတော်မာကြောလှသည်။

'ကေသွယ်၊ မင်း အဲလိုလေသံမျိုးနဲ့ ငါ့ကိုပြောစရာမလိုဘူးကွ'

'ပြောရမယ် ကိုမျိုးမင်း. . ကိုယ့်ချစ်သူတစ်ယောက်လုံးက တခြားမိန်းမတစ်ယောက်နဲ့ တွဲနေတဲ့ကိစ္စကို ကျွန်မက လေပြည်သွေး ပြနေရမှာလား. . ပြောပါဦး ကိုမျိုးမင်း'

'ဟားဟား. . ရယ်စရာကောင်းလိုက်တာကွာ. . မင်းက သူများမျက်ချေးကိုတော့ မြင်တတ်သားပဲ. . ဒီမယ် ကေသွယ်. . မင်းက ရော ဟို သားဦး ဆိုတဲ့အကောင်နဲ့ ဘာလဲ'

သူမက သူ့ကို စူးစူးရဲရဲတစ်ချက်စိုက်ကြည့်လိုက်ပြီး -

'သားဦးနဲ့ကျွန်မနဲ့ ဘာမှမဟုတ်ပါဘူးလို့ ဘယ်နှခါထပ်ရှင်း ပြရဦးမှာလဲ၊ ကိုမျိုးမြင်ခဲ့တဲ့နေ့က Heart Cafeထဲမှာ သူ့မွေးနေ့နဲ့ကြုံ



www.burmeseclassic.com

www.burmeseclassic.com



လို့ . . ပြီးတော့ ကိုမျိုးသူငယ်ချင်းဇေဇံကလည်း အတင်းခေါ်နေလို့ လူမှုရေးအရ လမ်းကြုံလို့မုန့်ဝင်စားမိတာပါ၊ မယုံရင် ကိုဇေဇံကိုမေးကြည့်'

'ဟုတ်ပြီလေ. . အခု ငါလည်း သီတာနဲ့လမ်းကြုံလို့ တွဲသွားတွဲလာလုပ်နေတာ'

သူ၏အခြေအမြစ်မရှိလှသည့် ဘုဆတ်ဆတ်အပြောကြောင့် သူမ အတော်ဒေါသထွက်နေမိ၏။

'ဒါဆို. . ကေသွယ်လည်း ပြတ်ပြတ်သားသား တစ်ခုပဲ မေးတော့မယ်၊ ကိုမျိုး ကေသွယ့်ကိုဖြတ်မလား သီတာ့ကိုဖြတ်မလား ဖြေပါ'

ကိုယ့်ဘက်က အပိုင်ဆိုသည့်သဘောနှင့် သူမက ပြောမိပေမယ့် ထိုစကားက ယောကျ်ားတစ်ယောက်၏မာနကို ခပ်ပါးပါးကလေး ထိခတ်သွားခဲ့၏။

သူက သူမကို ခနဲ့ပြုံး(သို့)သရော်ပြုံး(သို့)လှောင်ပြုံး(သို့)အဲသလိုအဓိပ္ပာယ်သက်ရောက်သည့် ဒေါသရောင် မဲ့ပြုံးတစ်ချက်ဖြင့် စူးစူးနစ်နစ် တစ်ချက်ကြည့်ပြီး ဘာစကားမှမပြောတော့ဘဲ လှည့်ထွက်သွား၏။

သူမ ရင်ထဲမှာ မချိလှ။ သူ မြင်ကွင်းထဲက ပျောက်သွားမှ သူမတစ်ယောက်တည်း 'အိ'ကနဲရှိုက်ငိုနေမိသည်။ သူမ ဖြစ်ချင်သည့် ဆန္ဒနှင့်ဖြစ်လာသမျှကိစ္စတို့က ဆန့်ကျင်စွာအံချီးညီလှပနေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်း ဆိုသူက ကေသွယ်နှင့် သားဦးတို့ကို အထင်လွဲကာ အရွဲ့တိုက်နေခြင်း ဖြစ်သည်။ ကေသွယ်ရှင်းပြသမျှကိုလည်း နားမဝင် လက်မခံခဲ့။

သိပ်မကြာခင်မှာပဲ သီတာ ဆိုသည့် ခပ်ရှုပ်ရှုပ် မိန်းမချောလေးတစ်ယောက်နှင့် ပြောင်ပြောင်တင်းတင်း တွဲပြလာခဲ့၏။

သည်မြင်ကွင်းကို ကေသွယ် မရှုစိမ့်နိုင်ခဲ့။ အသက်တမျှချစ်ရသူမို့ ကေသွယ် မခံစားနိုင်ခဲ့ပါ။ ချစ်ရသူ ကိုမျိုးမင်းကိုလည်း အဆုံးရှုံးမခံနိုင်ပါ။

အခုတော့ ချစ်သူနှစ်ဦးအဖြစ်က အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရတော့မည်။

ကေသွယ်က ကိုမျိုးမင်းလာချော့မည့်နေ့ကို မိန်းကလေးပီပီ မျှော်လင့်စောင့်စားနေခဲ့မိပေမယ့် မာနကြီးသည့် ကိုမျိုးမင်းက သီတာနှင့်ပင် ပိုကဲပိုတွဲပြ၏။

ကြားထဲက မကျေနပ်ကြသည့်သူငယ်ချင်းတချို့က ကေသွယ်ကို နားချပြီး ကိုမျိုးမင်းကိုမေ့ပစ်ဖို့ တိုက်တွန်းခဲ့ပေမယ့် ကေသွယ့်ရင်ထဲကနေ ကိုမျိုးမင်းကို ဆွဲမထုတ်နိုင်ခဲ့။

စွဲစွဲမြဲမြဲချစ်မိသူတစ်ယောက်အတွက် အချစ်ဆိုသည်ကလည်း အခက်သား. .

ကိုမျိုးမင်းတို့ယောကျ်ားလေးအဆောင်နှင့် ကေသွယ်တို့ မိန်းကလေးအဆောင်က မျက်နှာချင်းဆိုင်တွေမို့ သူမ ပိုခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေဆိုလျှင်. . သီတာက ကိုမျိုးမင်းကို လာခေါ်ပြီး နှစ်ယောက်သား ဆိုင်ကယ်တစ်စီးဖြင့် ထွက်သွားတတ်ကြသည်က အစ၊ ပြန်လိုက်ပို့သည်အဆုံး အဆောင်ပေါ်ကနေ ကေသွယ် မြင်နေတွေ့နေရသည်။

အခန်းထဲမှာ ကြိတ်ငိုခဲ့ရသည့် နေ့တွေညတွေကို ဆန့်ကျင်ဖို့အတွက် သူမ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

ကိုမျိုးမင်းအရိပ်က လွတ်မြောက်အောင်. . ကေသွယ်တစ်ယောက် အဆောင်ပြောင်းခဲ့လေတော့၏။

နေရာသစ်၊ ပတ်ဝန်းကျင်သစ်မှာ စိတ်သစ်၊ လူသစ် ဖြစ်လိုဖြစ်ငြား သူမ ကြိုးစားခဲ့ပါ၏။

သို့သော်. . .

♦



www.burmeseclassic.com

www.burmeseclassic.com



ငါ့ချစ်ခြင်းတွေကို
အခမ်းနားဆုံး ဆိုတာတွေနဲ့
အမွှန်းမတင်ချင်ပါဘူး။
ဆူးဘဝနဲ့ အခြွေခံရမယ် သိသိရက်နဲ့
အနားမှာပဲ နေပြလိုက်ချင်တယ်…။
ချစ်ခြင်းနဲ့ မျှသိပ်ခြင်း
အဲဒီ့အလယ်တည့်တည့်ကနေ အတွေးဆားနဲ့
ပိုင်းဖြတ်ခံလိုက်ရတဲ့ ငါ့အိပ်မက်တွေ
ဖရိုဖရဲနဲ့ ကျကွဲကုန်တယ်…။
တကယ်တော့…
ပစ်ကွင်းကောင်းခဲ့တဲ့ လွင်ပြင်အလယ်က
သားကောင်ဟာ…"ငါ"ပါ…။ ။



www.burmeseclassic.com

www.burmeseclassic.com

## အတိတ် (၁)

'မမနာမည်က ကေသွယ်နှင်းပါ။ G.T.U က Civil Major နဲ့ B-tech တက်နေတယ်'

စတွေ့ကတည်းက ခင်ဖို့ကောင်းလွန်းသည့် သူမကို. . ကေသွယ်က စတင်မိတ်ဖွဲ့ခဲ့တာ ဖြစ်၏။

'ဟုတ်. . ညီမနာမည်က သက်စုဇော်ပါ. . Computer First year ပါ. . မမကေသွယ်'

ကေသွယ့်အတွက် သက်စုက စကားပြောဖော်ပြောဖက်. . ညီအစ်မအရင်းတွေလို အချိန်တိုလေးအတွင်းမှာ ဖြစ်တည်လာခဲ့၏။ အတိတ်ကို မေ့ထားပြီး သက်စုနဲ့ စကားပြောနေချိန်တွေက သူမကို ပေါ့ပါးဖျတ်လတ်စေခဲ့ပါ၏။

'ခစ်ခစ်. . ခစ်. . အမလေး ရယ်လိုက်ရတာ သက်စုရယ်. . သူ့နာမည် ဘယ်သူ. . ဘယ်သူ. .'

'နေသွေး. . နေသွေး'

'အေးဟယ်. . အဲဒီတစ်ယောက်က အရမ်းရယ်ရတာပဲ'

'နေသွေးက အဲဒီ့လိုပဲ မမကေသွယ်ရဲ့. . ခင်ဖို့ကောင်းတယ်'

သက်စုဇော်က သူမရဲ့သူငယ်ချင်း နေသွေးရောင်ရဲ့ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေအကြောင်းကို မမကေသွယ်ကို တစ်ဆင့် ဖောက်သည်ချနေခြင်း ဖြစ်၏။

'အမယ်. . ညီမသူငယ်ချင်းက Joker လို နေတတ်ပေမယ့် ကျောင်းမှာ King နော်၊ ဒါ. . နေသွေးဓာတ်ပုံပေါ့ မမကေသွယ်ရဲ့'

သက်စုက အလွယ်ထည့်ထားသည့် ခေါင်းအုံးအောက်မှ ဓာတ်ပုံတစ်ပုံ ထုတ်ပြီးပြနေ၏။

ထိုဓာတ်ပုံထဲတွင် နေသွေးရောင်၊ မှင်စာ၊ သက်စုနှင့် ကြည်စင်ဦးတို့ လေးယောက်ပုံဖြစ်၏။

'ဒီတစ်ယောက်က နေသွေးပဲ၊ ဒါ. . ညီမတို့ Fresher Welcome တုန်းက ရိုက်ထားတဲ့ပုံလေ'

ကေသွယ်က နေသွေးကို အသေအချာကြည့်ပြီး မှတ်ချက်ပြု၏။

'ညီမသူငယ်ချင်းက အတော်ချောတာပဲ. . ရုပ်ကလေးက အပြစ်ကင်းပြီး ဖြူစင်ရိုးသားမယ့်ပုံ ပေါက်တယ်'

'ဟုတ်တယ်. . နေသွေးက သဘောမနောလည်း ကောင်းတယ်'

သက်စုက နေသွေးအတွက် ရှေ့နေခ မရပါဘဲနှင့် နေသွေးအကြောင်း ရှေ့နေလိုက်ပေးနေ၏။ ကေသွယ်ကတော့ သက်စုစကားတွေကို မကြားနိုင်ပါ။ သူမ ခေါင်းထဲသို့ အချစ်အတွက် အတွေးတစ်ချက်လက်သွားပြီး လျှို့ဝှက်စွာ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ -

'ဒါဆို မမနဲ့မိတ်ဆက်ပေးလေ၊ မုန့်ဝယ်ကျွေးခိုင်းရအောင် လို့ . . သဘောကောင်းမကောင်း စမ်းသပ်တဲ့သဘောပေ့ါ'

'OK. . ဒီကောင်က နဝရတ် crazy လေ. . မမကေသွယ် ကလည်း မင်းသမီးနဝရတ်နဲ့တူတော့ အဆင်ပြေတာပေ့ါ။ ဟုတ်တယ် နေသွေးကို မညှဉ်းရတာ ကြာပြီ'

ကေသွယ်ကတော့ လျှို့ဝှက်နက်နဲစွာ ပြုံးရယ်နေပါတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com



သူမ ခံယူထားသည့် အချစ်အတွက်ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်က တစ်ဖက်သတ်ဆန်ခဲ့လေမလား. . သူမ အတ္တတွေ သိပ်ကြီးခဲ့လေမလား. . .

သူမ မတွေးတတ်ခဲ့။

သူမစိတ်ထဲမှာ အချစ်နတ်ဖမ်းစားထားမှုကြောင့် ကိုမျိုးမင်းကို အဆုံးရှုံးအစွန့်လွှတ်မခံချင်ခဲ့။

'အို. . ဘာပဲဖြစ်ဖြစ်. . အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ. . နေသွေးကိုအသုံးချပြီး ကိုမျိုးမင်း ငါ့ရင်ခွင်ထဲ ပြန်ရောက်လာအောင် လုပ်ရမယ်'

သူမအကြံနှင့်အတူ နေသွေးကို အခွင့်အရေးတွေ လွှတ်ပေးထားမိသည်။ အတွေ့အကြုံတစ်စက်ကလေးမှမရှိသည့် 'နေသွေး' ဆိုသည့်ကောင်လေးကို ဖြားယောင်းသိမ်းသွင်းရတာ သူမအတွက် ထမင်းစားရေသောက်သဖွယ် လွယ်ကူလွန်းပါ၏။

အရူးကို အမဲသား ကျွေးမိသလို တ'မ'တည်း 'မ'နေသည့် နေသွေးအချစ်ကို ရယူပြီးချိန်မှာတော့ နေသွေးကို သူမအံ့ဩမိသလို သနားလည်း သနားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ငါ. . နေသွေးအပေါ် တရားလွန်နေပြီလား. . နေသွေးရဲ့ ဖြူစင်လေးနက်တဲ့ အချစ်တွေကို ငါ့အတ္တအတွက်. . အသုံးချနေသင့် သေးလား'

သူမ တွေးမိခဲ့ပေမယ့် တစ်ရက်ထက်တစ်ရက် သူမကို ချစ် တတ်လွန်း. . ကြင်နာလွန်း. . ဂရုစိုက်လွန်း. . ရိုးသားဖြူစင်လွန်းလှ သည့် နေသွေးကို သနားစိတ်နှင့်အတူ သူမ နှလုံးသားက အလိုလို လက်ခံလာမိ၏။

အပွင့်လင်းဆုံးဆိုရပါလျှင် အသုံးချရုံစိတ်ကူးမိပေမယ့်. . နေသွေးကို သူမ ရိုးသားစွာ ချစ်မိသွားခဲ့ပါ၏။

♦



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၈)

'ကေသွယ်. . ကေသွယ်. . ခဏနေပါဦး'

နားယဉ်လွန်းလှသည့်အသံမို့. . သူမ နောက်လှည့်ကြည့်လိုက်မိ၏။ တစ်ဆက်တည်းမှာ သူမ အံ့ဩလို့လည်း သွားသည်။

'ဩော်. .'

'ကေသွယ်. . ကိုမျိုး မှားခဲ့ပါတယ်. . ဇေ့ ပြောပြလို့ ကိုမျိုး အားလုံးကို နားလည်ခဲ့ပါပြီ. . ကိုမျိုး အထင်တွေလွဲခဲ့မိတာပါကွာ. . တောင်းပန်ပါတယ်'

သူမ မျှော်လင့်ထားသည့်နေ့က သူမထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ ဖြစ်သော်လည်း နေသွေးမျက်နှာလေးကို မြင်ယောင်မိပြီး သူမ မပျော်နိုင်ပါ။

'အလာကောင်းပေမယ့် အခါနှောင်းသွားပြီ ကိုမျိုး'

သူမအတွေးနှင့်အတူ ဦးနှောက်က ချက်ချင်း message ပို့လိုက်သဖြင့် သူမမျက်နှာကို အတင်းဆုံးအနေအထားသို့ပြောင်းလိုက်ပြီး အသံပြတ်ပြတ်ဖြင့် -

'ကျွန်မတို့ နှစ်ယောက်ကြားမှာ ဘာစကားမှ ပြောစရာမရှိတော့ပါဘူး ကိုမျိုးမင်း'



www.burmeseclassic.com

www.burmeseclassic.com



'ကိုမျိုး တောင်းပန်ပါတယ် ကေသွယ်ရယ်၊ စိတ်ဆိုးပြေပေးပါတော့. . ကိုယ်တို့ အရင်လို ပြန်နေကြမယ်နော်. . ပြီးရင်. . ကတိအတိုင်း B.E. ဘွဲ့ရတာနဲ့ လက်ထပ်ကြမယ်'

'ဝမ်းနည်းပါတယ် ကိုမျိုးမင်း. . ကျွန်မမှာ ချစ်သူရှိတယ်'

သူမစကားအဆုံးမှာ ကိုမျိုးမင်းက အကောင်းစားဟာသတစ်ပုဒ်လို ဟားတိုက်ရယ်ကာ -

'ပုံပြောကောင်းတိုင်း လျှောက်ပြောမနေပါနဲ့ ကေသွယ်ရယ်၊ ဒီမှာ လွမ်းလွန်းလို့ ရှူးတော့မယ် သိရဲ့လား'

သူမနှလုံးသားက မနိုင်ဝန်တစ်ခုကြောင့် ပင်ပမ်းနွမ်းနယ်နေချေပြီ။ သူမ မည်သို့ဆုံးဖြတ်ရမည်နည်း။

နှလုံးသားဒဏ်ရာတွေက နေသွေးရဲ့အချစ်ဆေးနဲ့ သက်သာအနည်းကျလာကာမှ အသက်လောက် ချစ်ခဲ့ရသူ ချစ်ဦးသူ ကိုမျိုးကရုတ်တရက် ဝင်ရောက်မွှေနှောက်လာခဲ့၏။ ကိုမျိုးဟာ သူမဘဝအတွက်ရှူးမတတ်ချစ်ခဲ့ရသည့် ချစ်ဦးသူတစ်ယောက်ဆိုပါလျှင်. . သူမဘဝအတွက် နေသွေးက အချစ်ဆုံးလူတစ်ဦးပင် ဖြစ်၏။

ကိုမျိုး. . ပြီးတော့. . မောင်။

သူမ မည်သို့ဆုံးဖြတ်ရမည်နည်း။

ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်. . . ဘယ်အဖြေနဲ့ ရက်စက်နေတာလဲကွယ်. . .

◆



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဖဲတွေ များလွန်းတဲ့လမ်းမှာ
အချစ်က လောင်းကြေး
ဆုံနိုင်မယ့် တစ်နေ့ကို
စိတ်ကူးနဲ့ပဲ အနိုင်ယူနေမိတယ်..
ဟန်ဆောင်ခြင်းအတတ်ပညာ
ငါ..့.မသင်ခဲ့လေတော့
မျက်နှာပေါ်က အလွမ်းငွေ့တွေကို
မင်း ရှုရှိုက်မိမှာပါ...။ ။



www.burmeseclassic.com

www.burmeseclassic.com

**နှင်းဆီ**

သူမစကားဆုံးတော့ ဟိုး . . အဝေးကြီးက ပြေးလာခဲ့ရသူ
တစ်ယောက်လို မောပမ်းသွား၏။

'မဖြစ်နိုင်ဘူး မ . . မောင့်ကို ညာနေတာ . . ပုံပြင်တွေ ပြော
နေတာမို့လား . . မောင် လုံးဝမယုံဘူး'

နေသွေးတစ်ယောက် အရူးတစ်ယောက်လို အော်ဟစ် ကြွ
ကြေနေ၏။

'အဲလို . . အကွက်ကျကျ စီစဉ်လှည့်စားခဲ့တဲ့ မကို မောင် . .
ကြိုက်တဲ့အပြစ်ပေးပါ။ မ တစ်ခုတော့ဝန်ခံပါရစေ . . မောင့်ကို လေး
လေးနက်နက် ချစ်ခဲ့မိပါတယ် မောင် . . ကိုမျိုးမင်းသာ ရောက်မလာ
ခဲ့ဘူးဆိုရင် . . .'

'တော် . . တော်ပါတော့ မရယ် . . မောင် မခံစားနိုင်တော့
လို့ပါ'

'ကိုယ့်အတ္တတစ်ခုတည်းအတွက် နှလုံးသားကို ထိုးဖောက်ခဲ့ရ
တဲ့ မောင် . . လှည့်စားခဲ့သူကြီးကို တစ်ခုခုတုံ့ပြန်လိုက်စေးပါ မောင်
ရယ် . .'

'. . . . .'



www.burmeseclassic.com

www.burmeseclassic.com



နေသွေးရင်ထဲမှာ မီးပင်လယ်တွေ စီးဆင်းနေသလို ခံစားနေရ၏။ ပြောဖို့ စကားလုံးတွေ ရင်ဝမှာ ပျောက်ရှကုန်၏။

ဦးနှောက်က 'ဒါ. . အမှန်တရား'ဆိုတာကိုသိပေမယ့် နှလုံးသားက ငြင်းဆိုနေ၏။

သူမကို စွန့်လွှတ်ဆုံးရှုံးဖို့ဆိုတာ အတွေးထဲမှာတောင် မရှိခဲ့ဖူးသည့် နေသွေးအတွက် ကမ္ဘာပျက်နေရသည်။

'ချစ်တယ် မရယ်'

'မလည်း ချစ်ခဲ့မိပါတယ် ကလေးရယ်. .'

ပြောပြီး သူမရင်ခွင်ထဲသို့ နေသွေးကို ဆွဲသွင်းထားလိုက်မိသည်။ မျက်ရည်မိုးတွေကတော့ စွေမြဲစွေနေ၏။

နေသွေးမှာ ပြောဖို့အင်အား မရှိတော့. . သူမက တဖြည်းဖြည်းချင်း လူချင်းခွာလိုက်ပြီး နေသွေးနဖူးထက်သို့ မက်မက်စက်စက် နမ်းရှိုက်လိုက်၏။

'မ. . ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုတော့ဘူးနော်'

လှည့်ထွက်သွားသည့် ချစ်ရသူကို နေသွေး တားဆီးဖို့ မေ့လျော့နေ၏။ မြင်ကွင်းထဲက ပုံရိပ်တွေ ဝေဝါးသွားမှ နေသွေးပေါက်ကွဲစွာ အော်ဟစ်ပစ်လိုက်မိ၏။

'အား. . 'မ'အရမ်း. . ရက်. . စက်. . တယ်. . ဗျ'

♦



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာရဲ့ ရှုမီးတစ်ခု
လရောင်ဖြာဖွေးတဲ့ ငါ့ရင်ခွင်ကို
တောက်လောင်ဝါးမျို ပြာကျစေခဲ့ပြီ..
အိပ်မက်တစ်ပုဒ် အနှားသတ်မပြီးဆုံးခင်
ဝိုးတဝါး နိုးထခဲ့ရသလို
ကြမ္မာကျီစားတဲ့ ငါ့ရဲ့ လမ်းက
မှုန်ဝါးဝါးလေးပါပဲ...။

ပေဟာင်မှာ လေဟုန်စီးဖို့ အပျံသင်ခါမှ
မျှော်လင့်ချက်တောင်ပံတွေ
သွင်သွင်ကျိုးခဲ့ရတယ်..
တကယ်တော့ ငါ့အဖြစ်က
ဖြေသိမ့်ခွင့်တစ်ခုတည်းနဲ့တင်
တစ်ခန်းမရပ်ဘဲ ဆက်ကနေရမယ့်
အလွမ်းဇာတ်ရှည်တစ်ပုဒ်ပါ...။ ။



www.burmeseclassic.com

www.burmeseclassic.com

## နှိုက်နှိုက်ချွတ်ချွတ်

'နှင် ဒီအချိန်မှာ အရမ်းခံစားနေရမယ်ဆိုတာ ငါသိပါတယ် နေသွေးရယ်. . တကယ်တော့ ဒါ. . ငါ့အပြစ်တွေပါဟာ၊ ငါသာ မမကေသွယ်နဲ့နှင့်ကို မိတ်ဖွဲ့မပေးခဲ့ရင်. . '

နေသွေးက မိသက်စု စကားမဆုံးခင် လက်ကာပြပြီး -

'နှင်နဲ့ ဘာမှ မဆိုင်ပါဘူး မိသက်စုရယ်. . ငါ့ကံကြမ္မာနဲ့ ငါပါ. . . '

'မင်း သူ့ကို မမုန်းဘူးလား ငသွေး. . '

တစ်ချိန်လုံး ငြိမ်နေခဲ့သည့် မှင်စာ၏ ရုတ်တရက်အမေးက နေသွေးရင်ဝကို တည့်တည့်ထိသွား၏။

'ငါ. . မကို မမုန်းပါဘူးကွာ. . အခုထိလည်း ချစ်နေတုန်းပဲ၊ ဘယ်တော့မှလည်း ငါမုန်းမှာမဟုတ်ပါဘူး၊ ဒါပေမယ့် အချစ်ကိုတော့ ငါကြောက်သွားပြီ'

နေသွေးစကားကြောင့် နှစ်ယောက်သား စိတ်မကောင်းကြ။

'ညက မမကေသွယ် ငါ့ကို ရင်ဖွင့်တယ်. . ငါ့ကိုလည်း. . ဇာတ်လမ်းစုံ ပြောပြ ဝန်ခံပြီး တောင်းပန်တယ်. . နှင့်ကိုတော့ သူ တကယ်ချစ်ခဲ့ပါတယ်ဟာ၊ ပြီးတော့. . ကွဲနှစ်ကောင်ကြားမှာ မြေဇာ



www.burmeseclassic.com

www.burmeseclassic.com



ဝင် ဖြစ်ခဲ့ရတဲ့ နင့်ကို သူ နားလည် ကိုယ်ချင်းစာမိတယ် တဲ့. . သူ လည်း အရမ်းချစ်ရတဲ့ ချစ်သူရဲ့စွန့်ပစ်ခြင်းကို ခံဖူးထားတော့ ဘယ် လောက် အခံရခက်တယ်ဆိုတာ. . သူ သိတယ်တဲ့. . အဆိုးဆုံးက နင်က သူ့ကို မမုန်းဘဲ ချစ်မြဲချစ်နေတော့ သူ့ကိုယ်သူ ခွင့်မလွှတ် နိုင်ဖြစ်နေရှာတယ် နေသွေး'

ညနေစောင်းတော့ စိတ်ပြေလက်ပျောက်အနေဖြင့် 'မ'နှင့် ဆုံနေကျနေရာလေးသို့ အလွမ်းပြေသွားထိုင်နေမိသည်။

အသည်းကွဲ အထီးကျန်ခံစားမှုက နေသွေးအတွက် အစိမ်း သက်သက်မို့ အသက်ရှူကျပ်သလို ခံစားနေရ၏။

ဦးနှောက်ထဲမှာတော့ အတိတ်ရဲ့အရိပ်တွေ ပြေးလွှားကခုန် နေကြသည်။

လွမ်းသည်. .

နေသွေး လွမ်းနေမိသည်။

နွေဦးဆန်ဆန် အပြုံးလေးများ. . ပြီးတော့ ပုံပြင်လေးတွေ ကိုရောပေါ့. .

လွယ်အိတ်ထဲမှာအမြဲပါသည့် ချစ်သူ'မ'ရဲ့ဓာတ်ပုံကို အလွမ်း ပြေ ထုတ်ကြည့်နေမိ၏။

မရဲ့ နွေဦးဆန်သည့် အပြုံးမိတ္တူကို ဓာတ်ပုံထဲမှာ မြင်နေတွေ့ နေရသဖြင့် အလွမ်းမပြေသည့်အပြင် အလွမ်းတွေ ပိုလို့ပင်သည်းထန် လာခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျလုလုမျက်ရည်စက်တို့က မျက်ဝန်းအိမ်မှာ ယီးလေးခိုနေလေပြီ. . .

'မောင်'

ကန်ရေပြင်ပေါ်မှ ဝဲဂယက်တစ်ခု လှုပ်ခတ်သွား၏။

နေသွေးကိုယ်ခန္ဓာလည်း တုန်ခါ၍သွားခဲ့သည်။ သည်အသံကို နေသွေးက မေ့မည်တဲ့လား. .

'မ. .'

အံ့ဩမှုကြောင့် နေသွေး ဆွံ့အနေ၏။

'ဒီမှာ. . ဘာလာထိုင်လုပ်နေတာလဲဟင်'

နေသွေး မညာချင်ပါ။

ဘယ်တုန်းကရော သူ ညာခဲ့ဖူးလို့လဲ။

'မကို လွမ်းနေတာပေါ့ဗျာ'

'ကလေးရယ်. . . ဟူး. .'

သက်ပြင်းချသံတစ်ခုနှင့်အတူ နေသွေးနံဘေးမှာ သူမ ဝင်ထိုင်လိုက်သည်။ သူမ ကိုယ်သင်းရနံ့ကလေးက အခုထိ နေသွေးကို ယစ်မူးစေတုန်းပင်။

'ရှုံရှုံးသားသားဝန်ခံရရင် မလည်း လွမ်းမိနေလို့ ဒီကိုထွက်လာခဲ့တာ'

'မ. . ကို. . အရမ်း. . ချစ်. . တယ်'

သူမက ယဲ့ယဲ့ကလေး တစ်ချက်ပြုံးပြီး -



www.burmeseclassic.com

www.burmeseclassic.com



'မောင်. . မကို ကတိတစ်ခု ပေးနိုင်မလား'

'ပြောလေ. . ဘာကတိလဲ'

'ကျောင်းပြီးတာနဲ့ မ သူနဲ့လက်ထပ်ဖြစ်မှာ. . မနဲ့မောင် ချစ်သူတွေဖြစ်ခဲ့တယ်ဆိုတာကို သူ မသိဘူးလေ. . တမင် ညာထားတာ မဟုတ်ပေမယ့် သူ့ကို လက်စနဲ့ မသိစေချင်ဘူး. . အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာ ဘာအဖုအထစ်. . အထင်လွဲမှုကိုမှ မ မဖြစ်ချင်တော့ဘူး. . အဲဒါ. .'

သူမစကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကြောင့် နေသွေး ရင်ထဲမှာ ကျင်ကနဲ ခံစားလိုက်ရပြီး ဆို့နစ်ဝမ်းနည်းသွား၏။

'မကို အတ္တသိပ်ကြီးတဲ့မိန်းမလို့. . ပြောချင်လည်း ပြောပါတော့ မောင်'

'ဒီအတွက် စိတ်ချပါ၊ နေသွေးကြောင့် ဘယ်သူ့မှ အနှောင့်အယှက်မဖြစ်စေရပါဘူးဗျာ'

'ဒီအတွက် တစ်သက်လုံး ကျေးဇူးတင်နေမှာပါ မောင်ရယ်'

နေသွေးက မျက်ရည်စတွေကြားမှ ဟန်ဆောင် ပြုံးပြလိုက်ပြီး -

'မကို တစ်သက်လုံး သတိရနေမှာပါ. . ပုံပြင်လေးတွေကို ရောပေါ့. .'

နေသွေးနှင့်သူမတို့ တစ်ယောက်ကိုတစ်ယောက် ဦးဝအေး စက်စွာ ကြည့်ရင်း ပြုံးမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လေအဝှေ့မှာ ကြွေလွင့်သွားသည့် ရော်ရွက်ဝါတချို့ ကန်ရေပြင်ထက်သို့ ကြွေခသွားသည်။ ရွှရွှကလေး ထ,သွားသည့် လှိုင်းဂယက်လေးက အချိုးအစားပြေပြစ်စွာ ရွေ့လျားနေ၏။

နှစ်ဦးလုံး၏ ရင်ခုန်သံတွေကတော့. . ဘယ်သောအခါမှ စည်းချက်ညီမည် မဟုတ်တော့သည့်အကြောင်းကို. . ကန်ရေပြင်ကြီးကို သက်သေထားပြီး အသံတိတ်ဝန်ခံနေသယောင် ရှိနေလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com



အို‥ကံကြမ္မာ‥‥
ဒဏ်ရာတွေ များလွန်းတဲ့ တိုက်ပွဲမှာ‥
ဂုဏ်သိက္ခာရှိရှိနဲ့ ကျရှုံးပါရစေ
ခံစားချက်အတွက်
ထွန်းညှိခဲ့တဲ့ မီးအိမ်
လွမ်းဆွေးကြေကွဲခြင်းတွေနဲ့ပဲ
နှလုံးသားမှာ ထိန်ထိန်ငြီးနေခဲ့ရပြီ‥။
"ငါ"ဆိုတဲ့ မအူမလည်ကောင်ကိုမှ
အလွမ်းမျှော်တွေသွင်း
လွဲချော်နာကျင်မှုတွေနဲ့
အိပ်စက်ထားနိုင်းရက်တယ်‥

အဲ့သလို‥
ဖြေဆေးမဲ့တဲ့ အဆိပ်
အသိစိတ်မဲ့တဲ့ ရေစီး
ဒဏ်ရာဟောက်ပက်နဲ့နှလုံးသား
အခုတော့ မင်းနဲ့ငါ့ကြား
တံတိုင်းကြီးတစ်ခု ခြားခဲ့ပြီ‥‥။ ။



www.burmeseclassic.com

www.burmeseclassic.com



# (၆)လခန့် ကြာပြီးနောက်…

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ထံသို့ စာတိုက်မှတစ်ဆင့် မင်္ဂလာဖိတ်စာလေးတစ်ခု ရောက်ရှိလာခဲ့လေသည်။

ထိုလူက ဖိတ်စာပေါ်က နာမည်လေးတွေကို တီးတိုး ရေရွတ်လိုက်ပြီး ခေါင်းအုံးအောက်မှတစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။

ဓာတ်ပုံလေးတစ်ပုံ. .

ထို. . ဓာတ်ပုံလေးထဲမှ ကောင်မလေးတစ်ဦးက ထိုလူကို နွေဦးဆန်ဆန်ပြုံးပြနေ၏။ ထိုလူက အချိန်အတော်ကြာကြာ ဓာတ်ပုံလေးကို စိုက်ကြည့်နေရာမှ ဓာတ်ပုံကလေးပေါ်သို့ 'ပေါက်'ခနဲအသံနှင့်အတူ တစ်စုံတစ်ရာက အတားအဆီးမဲ့စွာ ကျလာခဲ့၏။

အဖြူရောင်မျက်ရည်စက်. . .

ထို့နောက် ရင်ဘတ်ပေါ်သို့ ဓာတ်ပုံလေးကို ဖိကပ်ထားပြီး ထိုလူက မျက်လုံးတွေကို အသာအယာပိတ်ထားလိုက်လေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ··

တစ်ခါတစ်ရံမှာ
မမှည့်လိုက်ရဘဲ ပုပ်သိုးသွားတတ်တဲ့ ပန်းသီး
တစ်ခါတစ်ရံမှာ
နူးညံ့တိုးတိတ်လွန်းတဲ့ တေးသွားတစ်ခုရဲ့သံစဉ်ချို
တစ်ခါတစ်ရံမှာ
အရိုင်းဆန်လှတဲ့ ဂန္ဓဝင်ပန်းရနံ့
တစ်ခါတစ်ရံမှာ
မုန်တိုင်းရေဆန် လှိုင်းကြမ်း
တစ်ခါတစ်ရံမှာ
နှလုံးသွေးပြယုဂ် ဝက်ပါ
တစ်ခါတစ်ရံမှာ

· · · ·

တကယ်တော့

အချစ်ဆိုတာ··
လွမ်းမောနဝကျင်ဖွယ်ရာများနဲ့
အစီအစဉ်တကျ ပုံသွန်းထုဆစ်ထားတဲ့
မော်ဝင်ပန်းချီကားတစ်ချပ်ပါပဲ··။ ။



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ပုံပြင် (အချစ်ဝိရှ် A)

အချိန်ကာလ ခုနှစ်သက္ကရာဇ်တွေ ပြောင်းလဲလာခဲ့ပေမယ့် ကျွန်တော့်ရဲ့ စိတ်တွေကတော့ ဟိုအရင် ကျောင်းသားဘဝကလေး အတိုင်းပါပဲဗျာ. .

ကဗျာဆရာ သစ္စာနီ ပြောဖူးသလို ပြောရရင်. . ကျွန်တော် လည်း မတော်တဆ အသည်းကွဲရာမှတစ်ဆင့် ကဗျာဆရာ ဖြစ်လာ သူတစ်ဦးပေါ့. .

BURMESE CLASSIC

အလွမ်းဓာတ်ခံရှိခဲ့လို့လားတော့ မသိဘူး။ ကျွန်တော့်ကဗျာ တွေက အချစ်နဲ့အလွမ်း ခံစားချက်ခပ်ကြွမ်းကြွမ်းတွေဆိုပါတော့. . ဘဝမှာ လှလှပပအချစ်သင်ခန်းစာတစ်ခု တတ်မြောက် အသည်းကွဲ ပြီးတဲ့နောက် ကျွန်တော်ဟာ လူပျိုကဗျာဆရာကြီးလုပ်ဖို့ပဲ ဆုံးဖြတ် ချက်ချထားတယ်။

ဒီအကြောင်းအရာတွေကို တမင်မေ့ပစ်ဖို့ ကြိုးစားပါသေး တယ်. . မအောင်မြင်ခဲ့ပါဘူးဗျာ. .

အချိန်က ကုစားသွားလိမ့်မယ် ဆိုပေမယ့်လည်း အဖြစ်အ ပျက်တွေက မနေ့တစ်နေ့ကအတိုင်း လတ်ဆတ်နေတုန်းပါပဲ. . တွေးမိ တိုင်းလည်း ကျွန်တော့်ရင်ခုန်သံတွေက ဆယ်ကျော်သက်လေးတစ်ဦး လို ဆူဝေလှုပ်ရှားနေဆဲပဲ. .

လွမ်းတော့လည်း လွမ်းမိတာပေါ့ဗျာ. . ဒါပေမဲ့ မလွမ်းပါဘူး။

နေသွေးရောင်

ဆောင်းညဖြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ••

တစ်ခါတစ်ရံမှာ
မထင်မှတ်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားလိုပဲ
ရယ်မောလိုက် ငိုကြွေးလိုက်ပေါ့•••
တစ်ခါတစ်ရံမှာ
သဘာဝကပ်ဆိုးကြီးတွေလို
ကြမ်းတမ်းရက်စက်လိုက်ပုံက
သိပ်ကြောက်ဖို့ကောင်းတယ်••
တစ်ခါတစ်ရံမှာ
(တကယ် မထင်မိပါဘူး)
အချစ်ကလေ••
အရမ်းကို ကြည်နူးပျော်ရွှင်ဖို့ကောင်းတယ်••
အဲ••
ကျွဲနှစ်ကောင်ရဲ့ကြားမှာ
အမှတ်တရ မြေဇာပင်လေးတစ်ပင်သာ
ရှိမနေခဲ့ဘူးဆိုရင်ပေါ့လေ••• ။ ။



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ပုံပြင် (အချစ်ပို B)

အခုဆို ကျွန်မသမီးလေးတောင် တက္ကသိုလ်နောက်ဆုံးနှစ်ကို ရောက်နေပြီလေ. . သာယာပျော်ရွှင်ရတဲ့ အိမ်ထောင်တစ်ခုကို ကျွန်မ ဖန်တီးစွမ်းဆောင်နိုင်ခဲ့ပါတယ်. .

တစ်ခါတစ်ခါ အရေးအကြောင်းတိုက်ဆိုင်လာလို့ မတော်တဆလေး သူ့ကို သတိရမိလိုက်တိုင်း လိပ်ပြာမလုံသလို ကျွန်မ ခံစားနေခဲ့ရတာတော့ အမှန်ပါပဲ. . .

ကျွန်မလေ. . သူ့ကို ဘုရားဝတ်ပြုတိုင်း သတိတရမေတ္တာပို့နေမိပါတယ်။

သူ့ရဲ့. . သဘောထားကြီး စွန့်လွှတ်အနစ်နာခံတတ်မှုတွေကြောင့်သာ ကျွန်မ သည်လိုဘဝမျိုးမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှင်ခွင့်ရခဲ့ရတာပေါ့. . .

တကယ်ဆို. . အဲသလို ပုံပြင်ဆန်လွန်းခဲ့တဲ့ ကျွန်မတို့သုံးဦးဇာတ်လမ်းမှာ ဗီလိန်က ကျွန်မလို့ လူအများက ထင်ရင် မင်းသမီးကလည်း ကျွန်မပါပဲဆိုတာကို ငြင်းလို့မရပါဘူးလေ. .

သူတို့တွေကတော့ ကျွန်မရဲ့ရွှေမင်းသားလေးတွေပေါ့. .

ဆက်ကရဦးမယ့် ဘဝဇာတ်ဝင်ခန်းတွေ ကျန်နေသေးပေမယ့်. . ဒီပုံပြင်ဇာတ်လမ်းလေးက မပြီးချင်ပြီးချင်နဲ့ အဆုံးမဲ့သွားခဲ့ရတဲ့ ပရမ်းပတာဇာတ်လမ်းရှည်တစ်ပုဒ်အဖြစ်ပဲ ဆိုလိုက်ကြစို့ရဲ့. .

ဘာသွယ်နှင်း

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



**အချစ်ပုံပြင်၏အဆုံးသတ်နိဂုံး**

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ နောက်ထပ် ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက် အဆင်သင့်ဖြစ်နေစမြဲပါပဲ. . .

BURMESE CLASSIC လေးစားကြိုးစားလျက်မှ. . .

မင်းတခေတ်

16-2-2010, PM-11: 09

28-9-2011, PM-4:45

www.burmeseclassic.com